မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂)
အမှတ် (၁၆၂)

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလကွယ်နေ့ ၂၀၁၃ ခုနှစ်၊ မတ် ၁၁ရက်၊ တနင်္လာနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ရေဝတီတံတား(ရတနာသိဃ်) တည်ဆောက်ရေးလုပ်ငန်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်

နေပြည်တော် မတ် ၁၀

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မတ် ၉ ရက် နံနက်ပိုင်းတွင် အထူးစီမံကိန်းကြီးအဖွဲ့ (၄)က ဆောင်ရွက်သော ရေဝတီတံတား (မလွန်) သို့ရောက်ရှိပြီး တံတားတစ်စင်းလုံး သံပေါင်တပ်ဆင်ပြီးစီးမှု၊ ပင်မတံတား ကြမ်းခင်းပြားများနှင့် Expansion Joint၊ လူသွားလမ်းလက်ရန်းများနှင့် ကြမ်းခင်းပြားများတပ်ဆင်နေမှု၊ရထားလမ်းလုပ်ငန်းနှင့် လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရေဝတီတံတား(မလွန်) သည် ၉၆ မီတာ နှစ်ခန်း၊ ၁၁၂ မီတာ ခုနစ်ခန်းအားလုံး သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းများပြီးစီး၍ ပင်မတံတား

စာမျက်နှာ ၃ ကော်လံ ၁ ✻

ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ရေဝတီတံတား(ရတနာသိဃ်)တည်ဆောက်ရေးလုပ်ငန်းခွင်၌ တံတားသံပေါင်များ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များကို ဧပြီ ၁ ရက်မှစ၍ စစ်ဆေးအရေးယူမည်

နေပြည်တော် မတ် ၁၀

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်နှုန်းထက်ပို၍ မောင်းနှင်သောယာဉ်များကို သတ်မှတ်ထားသော အမြန်နှုန်းအတွင်း ထိန်းချုပ်မောင်းနှင်စေရေးအတွက် အရှိန်ထိန်းတိုင်းကိရိယာ Redflex Traffic Systems (Myanmar Mobile Traffic Radar System) အသုံးပြုပြီး ၂၀၁၃ခု နှစ် ဧပြီ ၁ ရက်မှစ၍ စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မူဆယ်မြို့အား အဆင့်မီမြို့အဖြစ် တည်ဆောက်မည်



ဝေယံဦး-ရေးသည်

အဆင့်မီမြို့ပြဖွံ့ဖြိုးမှု တည်ဆောက်ရေးစီမံကိန်း ချမှတ်ဖော်ဆောင်မည့် မြို့မူဆယ်။

ရန်ကုန် မတ် ၁၀

မြန်မာနှင့် တရုတ်နိုင်ငံနယ်စပ်ရှိ မူဆယ်မြို့အား အဆင့်မီမြို့ပြဖွံ့ဖြိုးမှု တည်ဆောက်ရေးစီမံကိန်း ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“နယ်စပ်ကုန်သွယ်ရေးတိုးတက်ဖွံ့ဖြိုးလာဖို့နဲ့ ဒေသဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုစေနိုင်ဖို့အတွက် မူဆယ်မြို့ကို အဆင့်မီမြို့တစ်မြို့အဖြစ် တည်ဆောက်အကောင်အထည်ဖော်ဖို့ ကြိုးစားစီစဉ်နေခြင်းဖြစ်ပါတယ်” ဟု ၎င်းကပြောကြားသည်။

မူဆယ်မြို့သည် တရုတ်-မြန်မာနှစ်နိုင်ငံကုန်သွယ်ရေးတွင် အဓိကနယ်စပ်မြို့တစ်မြို့ဖြစ်သည်။ တရုတ်နိုင်ငံမှ ထုတ်ကုန်ပစ္စည်းများ မြန်မာနိုင်ငံသို့ ကုန်းလမ်းဖြင့် တင်သွင်းရာတွင် အဓိကနယ်စပ်ဂိတ်တည်ရှိရာ မြို့လည်းဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင်လည်းအရေးပါသည့် နယ်စပ်ဂိတ်ရှိရာ မြို့လည်းဖြစ်သည်။ မူဆယ်မြို့အဆင့်မီ မြို့ကြီးတစ်မြို့အဖြစ် အကောင်အထည်ဖော်တည်ဆောက်ရာတွင် ရှမ်းပြည်နယ်အစိုးရက ကြီးကြပ်ဆောင်ရွက်မည်ဖြစ်သည်။ မူဆယ်မြို့တွင် ယခင်ကလုံးချင်းအိမ်ရာများ တည်ဆောက်ထားသော်လည်းအဆင့်မြင့် အိမ်ရာများ ထပ်မံတည်ဆောက်မည်ဖြစ်သည်။ အဆင့်မီ မြို့ပြတစ်ခုအဖြစ် တည်ဆောက်ရာတွင် မြို့ပတ်လမ်းများ အဆင့်မီစွာဖောက်လုပ်ခြင်း၊ လေယာဉ်ကွင်းတည်ဆောက်ခြင်း၊ စီးပွားရေးအထပ်မြင့်အဆောက်အအုံများစသည့် ခေတ်မီမြို့ပြစီမံကိန်းများအား ဆောင်ရွက်သွားမည်ဖြစ်သည်။

သ တင်း အ ညွှ န်း

ကျိုးသွားသော သွားနေရာတွင် သွားသစ် ပြန်ပေါက်စေနိုင်သည့် ဆဲလ်ပေါင်းစပ် ဇီဝနည်းပညာ သုတေသနပြုစမ်းသပ်နိုင်
စာမျက်နှာ-၅

(၂၇)ကြိမ်မြောက် ဆီးဂိမ်းတွင် ရွှေတံဆိပ် ၁၀၀ ကျော်ရရှိရေး မျှော်မှန်းပြင်ဆင်နေ
စာမျက်နှာ-၆

ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ မန္တလေး ကုန်သည်/စက်မှုနှင့် အကျိုးတူလုပ်ကိုင်
စာမျက်နှာ-၁၀

နိုင်ငံတကာဘောလုံး အနိုင်/အရှုံး

၁၀-၃-၂၀၁၃

	ပြင်သစ်လိဂ်	
နိုက်စ်	၂-၀	မောင့်ပယ်လီယာ
	စီးရီးအေ	
အတ္တလန္တာ	၂-၁	ပက်စ်ကာရာ
	စပိန်လာလီဂါ	
ဘီဘာအို	၁-၀	ဗလင်စီယာ

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လက်ဦးဆရာ

လူပတင့်ဆန်း ဟောဝန်နန်းအတွင်း ရနံ့ပေါင်းထုံထုံ ပန်းပေါင်းစုံတို့ ဖူးပွင့်နေကြလင့်ကစား ပွင့်ချပ်၊ ပွင့်ဖတ်၊ အခက်အလက်၊ အရွက်၊ အရောင်အဆင်းတို့နှင့် ပြီးပြည့်စုံသော ပန်းကားရှား၏။ ပန်းတို့တွင် အချို့ကအဆင်းလှ၏။ သို့သော် ရနံ့မမွှေး။ တစ်ဖန် ရနံ့မွှေးကြိုင်ပါသော်လည်း အဆင်းမလှ။ အဆင်းလည်းလှ ရနံ့လည်းမွှေးကြိုင်သောပန်းကား ရှားပါးလှ၏။ ရနံ့မွှေး အဆင်းလှပါမှ ပန်းကောင်းတစ်ပွင့်ဟု ဆိုထိုက်ပေသည်။

ပွင့်လန်းလာသော ပန်းတကာပန်းတို့တွင် ပန်းကောင်းတစ်ပွင့်ဖြစ်ရန်ကား ဥယျာဉ်မှူးသည် အဓိကအကျဆုံးဖြစ်၏။ ရေလောင်း ပေါင်းသင် အကောင်းဆုံးပြုပြင်ပေးနိုင်ပါမှ ပန်းကောင်းတစ်ပွင့်ဖြစ်တည်ရသကဲ့သို့ ကျွန်ုပ်တို့လူ့လောကတွင်လည်း လူတော်လူကောင်းတစ်ယောက်ဖြစ်လာရန် မိဘသည် အရေးအကြီးဆုံးဖြစ်ပေ၏။ လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ ဆိုသည့်စကားအတိုင်း မိဘတို့အနေဖြင့် မိမိတို့၏ သားသမီးများကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက လိမ္မာယဉ်ကျေးသော သားကောင်း၊ သမီးကောင်းများဖြစ်စေရန် ဆုံးမသွန်သင်ကြရ၏။ အပြောအဆို၊ အနေအထိုင်၊ အစားအသောက်မှအစ ပြောတတ်၊ ဆိုတတ်၊ နေတတ်၊ ထိုင်တတ်ရန် ဆုံးမသွန်သင်ပေးကြရ၏။

သို့ပါသော်လည်း အချို့သောလူငယ်များသည် တက္ကသိုလ်ဝင်တန်းအောင်၊ ဘွဲ့ရသည့်တိုင်အောင် သက်ကြီးဝါကြီး၊ လူကြီးသူမ၊ ရဟန်းသံဃာတော်များနှင့် ထိတွေ့ဆက်ဆံရာတွင် အပြောအဆို၊ အနေအထိုင်၊ ကိုယ်နှုတ်အမူအရာတို့ ယဉ်ကျေးမှုလျော့ပါးနေသည်ကို တွေ့ဖူးကြပေလိမ့်မည်။

ဤသို့သော အပြုအမူ၊ အပြောအဆိုများကို မှန်မှန်ကန်ကန်ဖြစ်အောင် ပြုပြင်ပေးရမည့်တာဝန်သည် လက်ဦးဆရာဖြစ်သည့် မိဘများ၏တာဝန်ဖြစ်၏။ မိမိတို့၏သားသမီးများကို ပညာတတ်သူများဖြစ်ရုံသာမက လိမ္မာယဉ်ကျေးသူများ၊ "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုညှာတာထောက်ထား" သော အခြေခံလောကဝတ်တို့ကို ကျင့်သုံးတတ်သူများဖြစ်လာအောင် မိဘတို့က ကောင်းစွာသွန်သင်ပေးကြရမည်ဖြစ်သည်။

တီဗွီ၊ ဗီဒီယို၊ အင်တာနက်စသည့် ခေတ်မီနည်းပညာမီဒီယာများမှတစ်ဆင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုကို ပျက်စီးစေနိုင်သော၊ လူငယ်များ အတုယူလွဲမှားစေနိုင်သော အပြောအဆို၊ အမူအရာများ အရှိန်အဟုန်ဖြင့် ပျံ့နှံ့လာနေသည်ကို တွေ့နေရသည်။ ခေတ်ပညာတတ်လူငယ်အနုပညာရှင် အမျိုးသမီးငယ်တချို့ကပင် ဆဲရေးတိုင်းထွာသည့် စကားလုံးတို့ကို ထမင်းစားရေသောက်သဖွယ် လွယ်လွယ်ကူကူ သုံးစွဲလာကြသည်ကို ကြားသိနေရပြီဖြစ်ရာ မိမိတို့၏ သားသမီးများကို မိဘတို့အနေဖြင့် နီးနီးကပ်ကပ် မျက်ခြည်မပြတ် စောင့်ကြည့်ကာ လိမ္မာရေးခြားရှိသူများဖြစ်အောင် လမ်းညွှန်ကြရမည်ဖြစ်သည်။ မည်မျှပင်ဗဟုသုတ၊ အတတ်ပညာများနှင့် ပြည့်စုံစေကာမူ ဆိုဆုံးမရခက်ခဲကာ ယဉ်ကျေးသိမ်မွေ့မှုတို့ လျော့နည်းခေါင်းပါးနေမည်ဆိုပါက အဆင့်အတန်းမြင့်သော လူကောင်းတစ်ယောက် မဖြစ်နိုင်ပါ။ ထို့ကြောင့် လက်ဦးဆရာဖြစ်သည့် မိဘတို့အနေဖြင့် မိမိတို့သားသမီးများ လူတော်လူကောင်းများ ဖြစ်လာရေးအတွက် ယဉ်ကျေးမှုအခြေခံအသိရှိအောင် သွန်သင်ထားအပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

ကျောင်းနှင့်ရပ်ရွာအကျိုး၊ ပြည်သူ့အကျိုး ဆောင်ရွက်တတ်သည့် စံပြလူငယ်များဖြစ်အောင်ကြိုးစားအားထုတ်

နေပြည်တော် မတ် ၁၀

ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် မန္တလေးမြို့ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းတို့မှ (SCOUTS) ကင်းထောက်အဖွဲ့ဝင် သင်တန်းသား သင်တန်းသူများအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက မတ် ၈ ရက် နံနက် ၁၀ နာရီက ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမ၌ တွေ့ဆုံမှာကြားသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကင်းထောက်များသည် အရောင်အသွေးကင်းပြီး လူမှုရေးပရဟိတများကို ဆောင်ရွက်သည့်အဖွဲ့ဖြစ်ကြောင်း၊ ဒေသန္တရဗဟုသုတများရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ့်ကျောင်းအကျိုး၊ ရပ်ရွာအကျိုး၊ ပြည်သူ့အကျိုး ဆောင်ရွက်တတ်သည့် စံပြလူငယ်များဖြစ်အောင် ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း၊ ကင်းထောက်ကျင့်ဝတ်များနှင့် ကင်းထောက်ကတိတို့ကို လိုက်နာကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဒေါက်တာဘရွှေတို့က ကင်းထောက်အဖွဲ့ဝင် သင်တန်းသား သင်တန်းသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စည်းကမ်းရှိ၍ တန်ဖိုးနားလည်စေချင်

တိုးပွားလာသော လူဦးရေနှင့်အတူ သုံးစွဲသောယာဉ်များနှင့်ကိုက်ညီမှုရှိစေရန် လမ်းများကို လမ်းကြီး၊ လမ်းငယ် အသွယ်သွယ် တည်ဆောက်ပေးခဲ့ပြီး အန္တရာယ်ရှိသော နေရာများတွင် အချက်ပြမှန်များနှင့် အမှတ်အသားလမ်းညွှန်များ တပ်ထားပေးခဲ့သော်လည်း စစ်ကိုင်းမြို့ ပါရမီရပ်ကွက်သို့ အဝင်လမ်းချိုးသည် ထောင့်မှန်ကျကာ မျက်ကွယ်ဖြစ်နေ၍ အန္တရာယ်ရှိသောနေရာဖြစ်သဖြင့် တစ်ဖက်မှလာသည့် ယာဉ်များကို မြင်တွေ့နိုင်ရန်စတီးမှန်ဝိုင်းထားရှိပေးသော်လည်း စာရေးသူရောက်ရှိသည့် ၂၀၁၂ ခုနှစ် ဩဂုတ်လဆန်းပိုင်းက ပိန်ချိုင့်နေပြီး ဒီဇင်ဘာလဆန်းပိုင်းတွင် စတီးမှန်ဝိုင်းမရှိတော့ဘဲတိုင်တစ်ခုတည်းသာ ကျန်တော့သည်။ သက်ဆိုင်ရာက လေးထောင့်မှန်တစ်ခုကိုထပ်ပြီး ဒီဇင်ဘာလ မကုန်ခင် တပ်ဆင်ပေးထားသော်လည်း စာရေးသူရောက်ရှိသွားသည့် ၂၀၁၃ ခုနှစ် မတ်လဆန်းတွင် မှန်ထပ်ကွဲနေသည်ကို တွေ့ရသည်။

ထိုနေရာမှာ နံနက်ပိုင်းနှင့် ညနေပိုင်း ရုံးတက် ရုံးဆင်းနှင့် ရပ်ကွက်နေပြည်သူများ ဝင်ထွက်သွားလာရာအများဆုံးနေရာဖြစ်၍ အန္တရာယ်ရှိသောနေရာများတွင် မှန်များတပ်ဆင်ပေးထားပြီး အချက်ပြအမှတ်အသားများ ထားရှိပေးလျက်ရှိသည်။

သတိပေး ဆိုင်းဘုတ်များသည် အများပြည်သူ၏အသက်ကို အန္တရာယ်မဖြစ်စေရန်အတွက် အကူအညီပေးနေသည့် ပစ္စည်းတစ်ခုဖြစ်၍ အသိတရားထားရှိကြစေလိုပါသည်။ ကွဲသွားသည့် အချက်ပြမှန်များကို မြင်တွေ့တိုင်း မိမိအတွက်လည်း အကျိုးမရှိ၊ အများအတွက်လည်း အကျိုးမရှိသည့် ဤလုပ်ရပ်များကို စည်းကမ်းရှိ၍ တန်ဖိုးထားတတ်ကြစေရန် ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ ရေးသားလိုက်ရပါသည်။

(စောယွန်းမြေ)

ထင်သာမြင်သာ ပြုပြင်စရာ

အားကစားပြတိုက်(စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)အတွက် ဆုတံဆိပ်နှင့်မှတ်တမ်းများ ဆက်သွယ်လှူဒါန်းနိုင်

နေပြည်တော် မတ် ၁၀

မြန်မာနိုင်ငံ အားကစားသမိုင်း နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အားကစားသမားများ၏ စွမ်းဆောင်အောင်မြင်မှုများနှင့် စပ်လျဉ်း၍ ပြည်သူများ သိရှိလေ့လာနိုင်ရန် အားကစားပြတိုက်(စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)နှင့် စာကြည့်တိုက်ဖွင့်လှစ်ဆောင်ရွက်သွားရန်ရှိသဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းများ၏ မှတ်တမ်းဓာတ်ပုံများရရှိခဲ့သည့် ဆုတံဆိပ်၊ ဆုဖလားများ၊ အထောက်အထား မှတ်တမ်းများ၊ သတင်းစာ၊ ဂျာနယ်၊ စာစောင်နှင့် စာရွက်စာတမ်း၊ စာအုပ်များကို အားကစားပြတိုက်(စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)တွင် ဂုဏ်ပြုပြသထားရှိနိုင်ရေးအတွက် အားကစားဝန်ကြီးဌာန၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ (ရန်ကုန်) ဖုန်း-၀၁-၄၀၀၄၃၁၊ ၀၁-၄၀၀၈၉၂၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ(နေပြည်တော်) ဖုန်း-၀၆၇-၄၀၆၀၂၇၊ ၀၉-၂၀၀၂၁၉၆ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) ဖုန်း-၀၆၇-၄၂၂၆၁၈ တို့သို့ ဆက်သွယ်လှူဒါန်းပေးပို့နိုင်ကြကြောင်း သိရသည်။

ထို့အပြင် နိုင်ငံတကာအဆင့်မီ အားကစားနည်းပြများ မွေးထုတ်ပေးနိုင်ရေးအတွက် မကြာမီ အားကစားတက္ကသိုလ်ဖွင့်လှစ်သွားရန် စီစဉ်ထားရှိပြီး ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ်မှစတင်၍ ရန်ကုန်မြို့ ဒဂုံတက္ကသိုလ်နှင့် မန္တလေးမြို့ ရတနာပုံတက္ကသိုလ်တို့တွင် အင်အား ၅၀ စီဖြင့် ပထမနှစ်သင်တန်းများ စတင်ဖွင့်လှစ်သွားမည်ဖြစ်၍ အားကစားဆိုင်ရာ ဘာသာရပ်များအတွက် သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်း၊ လိုအပ်သည့်အကြံဉာဏ်များပေးခြင်း ဆောင်ရွက်နိုင်ရေးအတွက် ယင်းလိပ်စာ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့နိုင်သည်။

အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)ဖြစ်မြောက်ရေးနှင့် အားကစားတက္ကသိုလ် ဖွင့်လှစ်နိုင်ရေးအတွက် ဖြစ်မြောက်ရေးကော်မတီများ ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်၍ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် စိတ်ပါဝင်စားသူများအနေဖြင့် ယင်းဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်းနှင့် ဖြစ်မြောက်ရေးကော်မတီအား စိစစ်၍ ဖွဲ့စည်းတာဝန် ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဖို မီး
အခြား မီး
သုံးပြီးသတိ
အမြဲရှိ

ဒါန ဘုရားဖူးအဖွဲ့၏ အိန္ဒိယ - နီပေါဘုရားဖူးခရီးစဉ်

950 USD + ၅၀၀၀ဝိ/-

1550 USD

ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 7322 5849, 09 516 4664

ဖုန်း - 545215, 545216, 555173

ဖုန်း- 542236

ဖုန်း - 09 402 64 8989, 09 5300305

အိန္ဒိယ-နီပေါ ဘုရားဖူး ရန်ကုန် နှင့် မန္တလေး မှ တိုက်ရိုက်ပို့ပေးမည်

myanma MAI

Apr 18 (၁၄) ရက်ခရီး ၊ (၇) သိန်း

(၁) ... (၇)ရက်ခရီး Apr 4, 11, 18 ... (၄) သိန်း

(၂) ... (၁၄) ရက်ခရီး (၈) သိန်း

(၃) ... (၇) ရက်ခရီး

(၄) ... (၇) ရက်ခရီး

(၅) ... (၃) ရက်ခရီး။

ကုမ္ပဏီပေါင်း ၁၀၆ ခုပါဝင်ပြသည့် Japan Festival 2013 ပြပွဲဖွင့်

ရန်ကုန် မတ် ၁၀

Japan Festival 2013 ပြပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၉ ရက် နံနက် ၉ နာရီတွင် MCC ခန်းမ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုး၊ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးညဏ်ထွန်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Mikio Numata နှင့် JETRO Tokyo မှ Executive Vice President Mr. Soichi Yoshimura တို့က Japan Festival 2013 ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ **(ယာပုံ)** ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြပွဲတွင် ဂျပန်နိုင်ငံထုတ် လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားများ၊ အိမ်အလှဆင်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကို ကုမ္ပဏီပေါင်း ၁၀၆ ခုက ပြခန်းပေါင်း ၁၃၅ ခန်း ပါဝင်ပြသပြီး မတ် ၁၁ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပြသမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒိုင်လူကြီးတာဝန်ထမ်းဆောင်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၁၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၃ခုနှစ် မတ် ၉ ရက်မှ ၁၅ရက်အထိ ကျင်းပမည့် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် ကမ္ဘာ့အဆင့်သတ်မှတ်ရေး မသန်စွမ်းသူများ မြားပစ်ပြိုင်ပွဲများတွင် ပြိုင်ပွဲစီစဉ်ညွှန်ကြားသူနှင့် ဒိုင်လူကြီး တာဝန်ထမ်းဆောင်ရန် ဒေါက်တာမြတ်သူရစိုး တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် (ဒိုင်လူကြီး၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ်)၊ ဒေါ်ကေသီ ဦးစီးအရာရှိ အားကစားဝန်ကြီးဌာန(ဒိုင်လူကြီး ကမ္ဘာ့မြားပစ်အဖွဲ့ချုပ်)၊ ဒေါ်အေးသီတာ နည်းပြအရာရှိ အားကစားဝန်ကြီးဌာန (ဒိုင်လူကြီး၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်)၊ ရဲအုပ်တင်အောင်ကို ပြည်ထဲရေးဝန်ကြီးဌာန (ဒိုင်လူကြီး၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၊ ဦးအောင်နိုင်ဦး နည်းပြ/ နည်းစနစ် အားကစားဝန်ကြီးဌာန (ဒိုင်လူကြီး၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်) တို့သည် မတ် ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

❋ ရွှေဖုံးမှ

ကြမ်းခင်းပြားများခင်းကျင်းမှုမှာ ကိုးခန်းရှိသည့်အနက် ရှစ်ခန်းပြီးစီးပြီး ကတ္တရာကွန်ကရစ် (AC)ခင်းခြင်း လုပ်ငန်းမှာ ချဉ်းကပ်တံတားအားလုံးနှင့် ပင်မတံတားပေါ်တွင် သုံးခန်းပြီးစီးကာ ကျန်လုပ်ငန်းများနှင့် အချောသပ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး တံတားတစ်စင်းလုံး ဧပြီလယ်တွင် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် လေယာဉ်ကွင်း အထူးအဖွဲ့(၅)က ဆောင်ရွက်သော မိကျောင်းရဲ-သစ်ရာကောက်လမ်း ၁၈ ပေ အကျယ် ကတ္တရာလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပြီးစီးမှု၊ ရန်ကုန်-ပြည်-မကွေးလမ်းပေါ်ရှိ ဒေါင်းနေချောင်းတံတား ကြံ့ခိုင်မှု၊ အထူးစီမံကိန်းကြီးအဖွဲ့(၃)က ဆောင်ရွက်နေသော အရှည်ပေ (၇၂၀) ပင်းချောင်းတံတားတည်ဆောက်ရေး လုပ်ငန်းခွင်၌ PC Girder တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ကွန်ကရစ်ကြမ်းခင်းပြားများနှင့် တံတားလက်ရန်းများဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများကို တာဝန်ရှိသူများအား မှာကြားပြီး ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကောင်းမွန်ကုမ္ပဏီက BOT စနစ်ဖြင့် ဆောင်ရွက်သော မကွေး-ရေနံချောင်း-ကျောက်ပန်းတောင်းလမ်းပိုင်း၊ မြတ်နိုးသူကုမ္ပဏီက BOT စနစ်ဖြင့်ဆောင်ရွက်သော ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းပိုင်းနှင့် ရွှေတောင်ကုမ္ပဏီက BOT စနစ်ဖြင့် ဆောင်ရွက်သော စစ်ကိုင်း-ရွှေဘိုလမ်းပိုင်းတို့၏ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှု၊ ရွှေဘို-ကျောက်မြောင်းလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဧရာဝတီတံတား (ရတနာသိဃ်) တည်ဆောက်ရေး လုပ်ငန်းခွင်၌ တံတားသံပေါင်များ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားပြီး ရေလယ်တိုင် RP_5နှင့် RP_4 တွင် Erection Tower ဖြင့် သံပေါင်များတပ်ဆင်နေမှု၊ စဥ့်ကူးဘက်ကမ်း၌ တံတားချဉ်းကပ်လမ်း သုံးမိုင်ခြောက်ဖာလုံအား ကတ္တရာခင်းပြီးစီးမှုနှင့် လျှော်ဒဏ်ကြောင့် နိမ့်ကျသွားသည့်လမ်းပိုင်း ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့၏ အခြေခံစက်ချုပ်သင်တန်းဖွင့်

နေပြည်တော် မတ် ၁၀

နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့၏ (၁/၂၀၁၃) အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ရုံးခန်း၌ ကျင်းပရာ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသူ ၂၀ အတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ယခုဖွင့်လှစ်သည့် သင်တန်းမှာ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် ဒုတိယအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။ **(သတင်းစဉ်)**



မတရားအသင်းများအက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ ၁၄) ကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၄ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

၁။ ဤဥပဒေကို မတရားအသင်းများအက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ ၁၄)ကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မတရားအသင်းများ အက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ ၁၄) ပုဒ်မ ၁၈ ၏နောက်တွင် ပုဒ်မ ၁၉ အဖြစ် အောက်ပါစကားရပ်များကို ဖြည့်စွက်ရမည်။

ဤဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်စေ မိမိ၏ နေ့စဉ်ပုံမှန် စားသောက်၊ သွား၊ လာ၊ လုပ်ကိုင်၊ ဆောင်ရွက်မှုအတွက်သော်လည်းကောင်း၊ မိမိ၏ အသက်ဘေးအန္တရာယ်ကိုကြောက်ရွံ့ရသည့်အတွက်သော်လည်းကောင်း မတရားအသင်းများနှင့် ဆက်နွယ်ပတ်သက်ဆောင်ရွက်ရခြင်းသည် ဤဥပဒေအရ ပြဋ္ဌာန်းသည့် ပြစ်မှုများတွင် အကျုံးမဝင်ဟု မှတ်ယူရမည့်အပြင် တရားစွဲဆိုခြင်း မခံထိုက်စေရ။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးဆုံးချိန်အထိ လျှပ်စစ်ဓာတ်အားရရှိရေး တောင်တွင်းကြီး၌ဆောင်ရွက်

တောင်တွင်းကြီး မတ် ၁၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးမင်းမင်းကျော်၊ အငယ်တန်းအင်ဂျင်နီယာ ဦးဝင်းထိန်နှင့် လျှပ်စစ်ဝန်ထမ်းများသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ လျှပ်စစ်ဓာတ်အား အဆင်ပြေလုံလောက်စွာ ရရှိသုံးစွဲရန် ၂၀၁၃ ခုနှစ် မတ် ၁ ရက် မှစ၍ စာမေးပွဲဖြေဆိုပြီးဆုံးချိန်အထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ မြို့ပေါ် ၁၀ ရပ်ကွက်နှင့် ကျေးရွာများအား လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေး အဓိကဦးစားပေး ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိရေး၊ ကွပ်ကဲဆောင်ရွက်ရေးအတွက် အဖွဲ့သုံးဖွဲ့ကို တာဝန်ပေးအပ်ခဲ့ပြီး အဆိုပါ အဖွဲ့သုံးဖွဲ့အား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

(နိုင်ဝင်း)

စည်ပင်အရပ်ရပ်ဆိုင်ရာ သက်တမ်းတိုး လေလံတင်ရောင်းချ

ရန်ကုန် မတ် ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် စည်ပင်သာယာရေးအဖွဲ့က ဦးစီးကျင်းပသည့် သုံးခွမြို့နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ် အရပ်ရပ် အခွင့်အရေးလိုင်စင်များ သက်တမ်းတိုးဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို မတ် ၈ရက် နံနက် ၁၀ နာရီတွင် သုံးခွမြို့နယ် စည်ပင်သာယာရေးရုံး၌ ကျင်းပသည်။

သုံးခွမြို့၌ လုပ်ငန်းလိုင်စင် ၂၅ ခုတွင် အပေါင်ဆိုင်လိုင်စင်ငါးခု သက်တမ်းတိုးခြင်း၊ အခြားဈေးပြိုင်စတင်ခြင်းဖြင့် လေလံတင်ရောင်းချခြင်း ၁၅ ခု စုစုပေါင်း ၂၀ ကို ပြုလုပ်ပြီးဖြစ်သည်ဟု သိရသည်။

ကိုကျော်(သုံးခွ)

နိုင်ငံတကာသတင်း

အပြစ်မဲ့ထောင်ကျခဲ့သူ တရားသေလွတ်မြောက်ကာ လျော်ကြေး ၁၃ သန်းကျော်ရ

ကလီဗယ်လန် မတ် ၁၀

အမေရိကန်နိုင်ငံတွင် လူသတ်မှုဖြင့် ထောင်ဒဏ်ကျခံနေရသူတစ်ဦးကို ၁၃ နှစ်ကြာမှ ပြည်နယ်တရားရုံးတစ်ရုံးက အပြစ်မရှိကြောင်းဖော်ထုတ်နိုင်ကာ ပြန်လွှတ်ပေးခဲ့ပြီး နစ်နာကြေးအဖြစ် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂ သန်းချီးမြှင့်ခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အသက် ၅၆ နှစ်ရှိပြီဖြစ်သော ဒေးဗစ်အိုင်ယာဆိုသူ အိုဟိုင်းယိုးပြည်နယ် ကလီဗယ်လန်မြို့သားတစ်ဦးကို ထောင် ၁၃ နှစ် ကျခံထားရပြီးနောက် အပြစ်မရှိကြောင်း တွေ့ရှိ၍ ယခုကဲ့သို့ ပြန်လွှတ်ပေးကာ နစ်နာကြေးပါ ပေးဆောင်ခြင်းဖြစ်သည်။ ဒေးဗစ်အိုင်ယာအမှုတွင် ကလီဗယ်လန်မြို့ရှိ ရဲစုံထောက်များ လိမ်လည်မှုများရှိကြောင်း၊ မျက်မြင်များကို အကျပ်ကိုင် ထွက်ဆိုခိုင်းမှု၊ သက်သေအတုပြုလုပ်မှုနှင့်တရားခံ အပြစ်မရှိကြောင်း အဓိကသက်သေများ ထိမ်ချန်ထားမှုတို့ကို ဂျူရီအဖွဲ့က ဖော်ထုတ်တွေ့ရှိပြီး အမှုကို ပြန်စစ်ဆေးစီရင်ချက်ချခဲ့ခြင်းဖြစ်သည်။ ၁၉၉၉ ခုနှစ်က ကလီဗယ်လန်မြို့တွင် အသက် ၇၀ ကျော် အဘွားအိုတစ်ဦးအား သတ်ဖြတ်မှုဖြင့် ဒေးဗစ်အိုင်ယာကို ထောင်ဒဏ် အပြစ်ပေးခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

ဂျော်ဒန်ဘုရင်က ဝန်ကြီးချုပ်ကို ရာထူးပြန်လည်ခန့်အပ်

အဘူဒါဘတ် မတ် ၁၀

ဂျော်ဒန်ဘုရင် အဗ္ဗဒူလာသည် နိုင်ငံ၏ဝန်ကြီးချုပ်နေရာတွင် အဗ္ဗဒူလာအန်းရှောကို ပြန်လည်ခန့်အပ်ခဲ့ပြီး အစိုးရအဖွဲ့အသစ် ဖွဲ့စည်းရန် ညွှန်ကြားခဲ့သည်။

ဘုရင်၏ရုံးတော်အဖွဲ့ ဥက္ကဋ္ဌနှင့် ပါလီမန်အမတ်များအကြား အပြန်အလှန်ဆွေးနွေးခဲ့ပြီးနောက် ယခုဆုံးဖြတ်ချက်ကို တော်ဝင်နန်းတော်က မတ် ၉ ရက်၌ ကြေညာခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ယခင်အစိုးရအဖွဲ့ နုတ်ထွက်ခြင်းကို ဘုရင်ကလက်ခံခဲ့ပြီးနောက် အဗ္ဗဒူလာအန်းရှောကို ဝန်ကြီးချုပ်အဖြစ် ပြန်လည်ခန့်အပ်ကာ အစိုးရသစ်ဖွဲ့စည်းရန် တာဝန်ပေးကြောင်း နန်းတော်က ထုတ်ပြန်သည်။

နုတ်ထွက်ခဲ့

ပြီးခဲ့သည့် ဇန်နဝါရီ ၂၃ ရက်က ပါလီမန်ရွေးကောက်ပွဲများကို အဓိကအတိုက်အခံ အင်အားစုဖြစ်သော မွတ်စလင် သွေးချင်းများအဖွဲ့က သပိတ်မှောက်ခဲ့သဖြင့် ဝန်ကြီးချုပ်အန်းရှော အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

အမေရိကန်နိုင်ငံ တောင်ဒါကိုတာပြည်နယ်တွင် ကျောင်းဆရာ ဆရာမများအား လက်နက်ကိုင်ဆောင်ခွင့်ပြု

ပီယာရီ မတ် ၁၀

အမေရိကန်နိုင်ငံ တောင်ဒါကိုတာပြည်နယ်တွင် ကျောင်းဆရာ ဆရာမများနှင့် အခြားသောကျောင်းဝန်ထမ်းများကို ပြည်နယ်အစိုးရအနေဖြင့် လက်မှတ်ရေးထိုးခဲ့သော ဥပဒေတစ်ရပ်အောက်မှ စာသင်ကျောင်းများတွင် လက်နက်ကိုင်ဆောင်ခွင့်ပြုခဲ့ကြောင်း မတ် ၉ ရက်က ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

"ကျောင်းကင်းစောင့်" ဟုခေါ်သော စီမံချက်များအနေဖြင့် ကျောင်းဆရာ ဆရာမများနှင့်အခြားသော ကျောင်းတွင်းနေဝန်ထမ်းများကို လက်နက်ကိုင်ဆောင်ရန် ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများကို ခွင့်ပြုပေးသည့် ဥပဒေတစ်ရပ်ကို တောင်ဒါကိုတာပြည်နယ် အုပ်ချုပ်ရေးမှူး ဒင်းနစ်ဒေါ့ဂတ်က မတ် ၈ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ အဆိုပါဥပဒေအရ စာသင်ကျောင်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့်ကျောင်းများအတွင်း နေထိုင်ခွင့်ပြုထားသည့် ပြည်သူ့အဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်မှုမှ ခုခံကာကွယ်ရန်နှင့် ရုပ်ပိုင်းဆိုင်ရာခြိမ်းခြောက်မှုအတွက် ဟန့်တားမှုကို မြှင့်တင်နိုင်ရန် ကျောင်းဘုတ်အဖွဲ့များက ယင်းလက်နက်ကိုင်ဆောင်မှု အစီအမံကို စတင်အကောင်အထည်ဖော်တော့မည် ဖြစ်သည်။

အဆိုပါ ဥပဒေသည် ဇူလိုင်လတွင် အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ယင်းဥပဒေသည် ကွန်နက်တီကပ်ပြည်နယ်တွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလကဲ့သို့သော လူအစုအပြုံလိုက်သေဆုံးခဲ့သည့် အကြမ်းဖက်ပစ်ခတ်မှုများကို ကြိုတင်ကာကွယ်နိုင်မည်ဟု ဥပဒေမူကြမ်းကို အားပေးထောက်ခံသူများက ဆိုသော်လည်း လက်နက်များကို စာသင်ကျောင်းများ၌သာ ကိုင်ဆောင်ခွင့်ပြုခြင်းသည် ပိုမိုအန္တရာယ်များစေကြောင်း ယင်းဥပဒေကို ကန့်ကွက်သူများက ပြောကြားသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က ကွန်နက်တီကပ်ပြည်နယ် နယူးတောင်းမြို့ ဆန်ဒီဟွတ် မူလတန်းကျောင်းတွင် အဒန်လန်ဇာအမည်ရှိအသက် ၂၀ အရွယ်သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် လူလတ်ပိုင်းအရွယ် ခြောက်ဦးနှင့် ကလေးငယ် ၂၀ တို့သေဆုံးခဲ့သည်။ **(ရိုက်တာ)**

တင်မောင်လွင်-စုစည်းသည်

အစိုးရတပ် မြို့သိမ်းနိုင်သဖြင့် ဆီးရီးယားပြည်သူများ အောင်ပွဲခံ

ဒမတ်စကတ် မတ် ၁၀

ဆီးရီးယားနိုင်ငံ ဟာဗားပြည်နယ်တွင် ပြည်ပအားကိုးအကြမ်းဖက်လက်နက်ကိုင်များကို တိုက်ထုတ်ပြီးနောက် အစိုးရစစ်တပ်များ မြို့ပြန်သိမ်းနိုင်ခဲ့သဖြင့် အောင်ပွဲများ ကျင်းပလျက်ရှိကြောင်း ပရက်စ်တီဗွီတွင် မတ် ၁၀ ရက်သတင်း၌ ဖော်ပြသည်။

တာကျူဆစ်မြို့တွင် သောင်းကျန်းသူလက်နက်ကိုင်များကို စစ်တပ်ကတိုက်ထုတ်ပြီး နောက်တစ်ရက် မတ် ၉ ရက်တွင် မြို့တွင်းအစိုးရတပ်ဖွဲ့ဝင်များ ပြန်လည်ခြေကုပ်ရယူလိုက်နိုင်သဖြင့် ဒေသခံများသည် လမ်းမများတွင် တဖွဲဖွဲအောင်ပွဲခံလျက်ရှိသည်။ **(ယာပုံ)**ထိုအတောအတွင်း သိမ်းပိုက်ခံဂိုလန်ကုန်းမြေများတွင် အရပ်သားများနှင့် ကုလသမဂ္ဂဝန်ထမ်းများအပေါ် အကြမ်းဖက်တိုက်ခိုက်ခံနေရမှုများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂအနေဖြင့် အပြစ်ပေးစီရင်ဖို့လိုကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းပြောကြားလိုက်သည်။ **(ပရက်စ်တီဗွီ)**

ဓားပြများ အပိုင်စီးထားသောကုန်သင်္ဘောပြန်လွှတ်

ဘိုဆာဆို မတ် ၁၀

ပြီးခဲ့သည့် တစ်နှစ်ခန့်က အပိုင်စီးထားခဲ့သည့် ဓာတုကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း မတ် ၁၀ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါ သင်္ဘောသည် အာရပ်စော်ဘွားများပြည်ထောင်စုက ပိုင်ဆိုင်သော အမ်ဗွီရှိုင်ရယ်ဂရေ့စ်အမည်ရှိ ဓာတုကုန်တင်သင်္ဘောဖြစ်သည်။ ယင်းသင်္ဘောကို ဆိုမာလီပင်လယ်ဓားပြများက ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် မတ် ၂ရက်က အိုမန်နိုင်ငံ ကမ်းလွန်ရေပြင်၌ အပိုင်စီးသွားခဲ့ခြင်းဖြစ်သည်။

ယင်းဓာတုကုန်တင်သင်္ဘောပေါ်တွင် သင်္ဘောသား ၂၀ လိုက်ပါခဲ့ပြီး ယခုအခါ ယင်းသင်္ဘောသည် ဆိုမာလီနိုင်ငံမြောက်ပိုင်းကမ်းလွန်မိုင် ၂၀ ခန့်အကွာတွင် ကင်းလှည့်ရေယာဉ်များကတွေ့ရှိခဲ့သည်။ ဆေးဝန်ထမ်းများကလည်း ပင်လယ်ဓားပြများလက်မှ လွတ်မြောက်လာသော သင်္ဘောသားများကို ဆေးဝါးများ ကုသပေးလျက်ရှိသည်။ ယင်းသင်္ဘောသည် ပနားမားအလံလွှင့်ထူထားသော သင်္ဘောဖြစ်ပြီး လက်ရှိအချိန်တွင် အီးယူစစ်သင်္ဘောတစ်စင်းက စောင့်ရှောက်ကာ လိုက်လံပို့ဆောင်လျက်ရှိသည်။ **(ရိုက်တာ)**

နိုင်ငံတကာသတင်း

တင်းမာမှု ဒီရေမြင့်တက်နေသော ကိုရီးယားကျွန်းဆွယ် တိုး

မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံနှင့်ချုပ်ဆိုသည့် မကျူးကျော်ရေးစာချုပ်အားလုံးကို ဖျက်သိမ်းလိုက်ကြောင်း၊ တောင်ကိုရီးယားအစိုးရနှင့် ဆက်သွယ်သည့် အရေးပေါ်ဖုန်းလိုင်းကိုဖြတ်လိုက်ပြီး နှစ်နိုင်ငံနယ်စပ်ဂိတ်ကိုလည်း ပိတ်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ကြေညာသည်။ ဖေဖော်ဝါရီ ၁၂ ရက်တွင် မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုကို ကုလသမဂ္ဂ နောက်ဆုံးအရေးယူဒဏ်ခတ်ရေး ဆုံးဖြတ်ချက်ချအပြီးတွင် မြောက်ကိုရီးယားအစိုးရက ထိုသို့ ကြေညာခြင်းဖြစ်သည်။

စောစောပိုင်းကလည်း ကျူးကျော်ရန်စသူများအား နျူကလီးယားလက်နက်ဖြင့် လက်ဦးမှုယူတိုက်ခိုက်ပိုင်ခွင့်ကို လက်ဝယ်ထားရှိလျက်ရှိကြောင်း မြောက်ကိုရီးယား အစိုးရက ကြေညာထားသည်။

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေး

တင်းမာမှုအရှိန်မြင့်နေချိန်တွင် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ အစိုးရများအကြား တိုက်ရိုက်ဆက်သွယ်ရန် ရည်ရွယ်ချက်ဖြင့် အရေးပေါ်ဖုန်းလိုင်းကို ၁၉၇၁ ခုနှစ်က တပ်ဆင်ခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံးအန်သည် နှစ်နိုင်ငံနယ်စပ်ရှေ့တန်းစစ်မျက်နှာသို့ သွားရောက်ပြီး ရန်သူကို ချေမှုန်းရန် အသင့်ရှိစေရေး အားပေးစကားပြောကြားသည်ကို တွေ့ရသည်။

မြောက်ကိုရီးယားက တောင်ကိုရီးယားနိုင်ငံကို နျူကလီးယားလက်နက်ဖြင့် တိုက်ခိုက်လာလျှင် မြောက်ကိုရီးယားနိုင်ငံသည်ကမ္ဘာမြေပေါ်မှ ကွယ်ပျောက်သွားနိုင်ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံ၏ ရန်စကျူးကျော်မှု တစ်စုံတစ်ရာကို တုံ့ပြန်သည့်အနေဖြင့် လောလောဆယ် ပြုလုပ်နေသည့် အမေရိကန်-တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှုသည် မြောက်ကိုရီးယားကို တုံ့ပြန်ဒဏ်ခတ်မှုအသွင်သို့ ချက်ချင်းပြောင်းလဲသွားနိုင်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကင်မင်ဆူးက သတိပေးလိုက်သည်။

အမေရိကန်နိုင်ငံကလည်း မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တစ်စုံတစ်ရာ တိုက်ခိုက်လာခဲ့သော် မိမိတို့သည် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့၏ မဟာမိတ်နိုင်ငံများကို ကာကွယ်နိုင်စွမ်းရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဗစ်တိုရီးယားနူဗင်းက ပြောကြားသည်။

အမေရိကန် အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ရောဘတ်မီနင်ဒက်ကလည်း “မြောက်ကိုရီးယားအစိုးရအနေဖြင့် ကိုယ့်သေတွင်း ကိုယ်တူးလိုမည် မထင်ကြောင်း၊ အမေရိကန်နိုင်ငံကို တစ်စုံတစ်ရာ တိုက်ခိုက်လာမှု၏ နောက်ပိုင်းအကျိုးဆက်ကို မြောက်ကိုရီးယားအစိုးရ အသေအချာ သိထားသင့်ကြောင်း” ပြောကြားလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံအား စတုတ္ထအကြိမ်မြောက် အရေးယူပိတ်ပင်စေသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၂၀၉၄ ကို နယူးယောက်မြို့၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးက မတ် ၇ ရက်တွင် တစ်ညီတစ်ညွတ်တည်း အတည်ပြုလိုက်သည်။ ယင်းဆုံးဖြတ်ချက် အမှတ် ၂၀၉၄ က မြောက်ကိုရီးယားသံတမန်များကို အဓိကရည်ရွယ်ချမှတ်ခြင်းဖြစ်သည်။ မြောက်ကိုရီးယားသာမန်ပြည်သူများ ဆင်းရဲဒုက္ခရောက်နေချိန်တွင် ထိုသို့သော မြောက်ကိုရီးယား အခွင့်ထူးခံများ ခံစားစံစားနေခြင်းကို ကန့်သတ်လိုခြင်းဖြစ်သည်။ ထို့ကြောင့် ငွေကြေးလွှဲပြောင်းမှုနှင့် ဇိမ်ခံပစ္စည်းများ ဝယ်ယူမှုတို့ကို တားမြစ်ကန့်သတ်လိုက်ခြင်းဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် ၂၀၉၄ တွင် ယူရေနီယံ သန့်စင်မှုအစီအစဉ် အပါအဝင် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား စီစဉ်ဆောင်ရွက်ချက်များကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြောင်း၊ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအား မသင်္ကာဖွယ် ကုန်ပစ္စည်းများကို စစ်ဆေးခွင့်တိုးမြှင့်ပေးထားကြောင်း၊ စစ်ဆေးမခံသော မည်သည့် မြောက်ကိုရီးယား သင်္ဘောကိုမဆို အဖွဲ့ဝင်နိုင်ငံများက ဆိပ်ကမ်းသို့ ကပ်ခွင့်ငြင်းပယ်ရန်လိုအပ်ကြောင်း စသည်ဖြင့် ထည့်သွင်း ပြဋ္ဌာန်းလိုက်သည်ကို တွေ့ရသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်နိုင်ငံဖြစ်လာသယောင်ထင်ယောင်ထင်မှားခံရမည့် အချိန်မဟုတ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ တောင်ကိုရီးယားသံအမတ်ကြီး ကင်ဆွတ်ကပြောကြားလိုက်ပြီး ယင်းသို့ ပြုမူခြင်းမှာ နိုင်ငံ၏ အနာဂတ်သာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမှန်မဟုတ်ဘဲ ကမ္ဘာပေါ်တွင် ယခုထက် ပိုမိုအထီးကျန်ဖြစ်စေကာ နောက်ဆုံး ကိုယ့်ကိုယ်ကိုဖျက်သံချေးတက်မည့် လမ်းများကိုလိုက်ခြင်းသာဖြစ်ကြောင်း သတိပေးပြောဆိုသည်။

မြောက်ကိုရီးယားကို အရေးယူပိတ်ပင်ခြင်းများက မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်တိုးချဲ့ရေးစွမ်းရည်ကို ပိုမိုဘောင်ခတ်ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဆူဆန်ရိုက်ကပြောကြားသည်။ မြောက်ကိုရီးယားအစိုးရက နျူကလီးယား စမ်းသပ်ဖောက်ခွဲမှု ထပ်မံပြုလုပ်လျှင် ကုလသမဂ္ဂအနေဖြင့် ပိုမိုထိရောက်သည့် အရေးယူမှုများ ဆောင်ရွက်သွားမည်ဟုလည်း ၎င်းက သတိပေးလိုက်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကင်က ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် ၂၀၉၄ ကို ထောက်ခံသည့် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်လိုက်သည်။ ယင်းမှာ မြောက်ကိုရီးယားနိုင်ငံ၏လုပ်ရပ်အပေါ် အတန်အသင့်ဖြစ်သည့် တုံ့ပြန်ချက်သာဖြစ်ကြောင်း ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏တစ်ခုတည်းသော မဟာမိတ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံက ဤကိစ္စတွင် ပါဝင်ပတ်သက်သည့် ပါတီအဖွဲ့အစည်းအားလုံး စိတ်အေးအေးထားကြရန် ပြောခွင့်ရပုဂ္ဂိုလ်ကင်က တိုက်တွန်းလိုက်ပြီး တင်းမာမှုလျော့ပါးရေး၊ မြောက်ကိုရီးယားအစိုးရနှင့်ဆွေးနွေးပွဲများ ပြန်စရေး အဓိက ဦးစားပေးကြရန်လည်း ထည့်သွင်းပြောကြားသည်။ ။

မြောက်ကိုရီးယားနိုင်ငံ၏ခေါင်းဆောင် ကင်ဂျုံးအန်

ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲ ဧပြီ ၁၄ ရက်၌ ကျင်းပမည်

ဗင်နီဇွဲလားအမျိုးသားရွေးကောက်ပွဲကောင်စီ(စီအင်န်အီး)က အရေးပေါ် အစည်းအဝေးကျင်းပပြီးနောက် လာမည့် ဧပြီ ၁၄ ရက်တွင် သမ္မတရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း မတ် ၁၀ ရက်က သတင်းထုတ်ပြန်သည်။ စီအင်န်အီး ဥက္ကဋ္ဌ တီဘီဆေးလူစီနာက သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများကို လာမည့်ရက်အနည်းငယ်တွင် စိစစ်ရွေးချယ်သွားမည်ဟု ထုတ်ဖော်ပြောကြားသည်။ သမ္မတအဖြစ်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများသည် ဧပြီ ၂ ရက်မှ ဧပြီ ၁၁ ရက်အထိ ရုပ်မြင်သံကြား၌ မဲဆွယ်စည်းရုံးဟောပြောမှု ၄ မိနစ်နှင့် ရေဒီယိုအသံလွှင့်စည်းရုံးမှု ၅ မိနစ် ပြုလုပ်ကြရမည်ဖြစ်သည်။

ကိုလံဘီယာ မီးတောင်လှုပ်ရှား

ကိုလံဘီယာနိုင်ငံမှ နီဗာဒိုဒဲလ်ရုဇ်မီးတောင်သည် မတ် ၁၀ ရက်က လှုပ်ရှားမှု ပိုမိုဖြစ်ပေါ်လာသဖြင့် အဝါရောင်အဆင့်သတိပေးချက် ထုတ်ပြန်ထားရကြောင်း ကိုလံဘီယာနိုင်ငံ အရေးပေါ်ဌာနမှ သတင်းထုတ်ပြန်သည်။

အဆိုပါ မီးတောင်လှုပ်ရှားမှုကြောင့် မီးတောင်အနီးဝန်းကျင်တွင် နေထိုင်ကြသူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းကြရန် တိုက်တွန်းထားသည်။ တစ်ဖန်မီးတောင် အနီးဝန်းကျင်သို့ ဖြတ်သန်းသွားလာမှုမပြုလုပ်ကြရန်လည်း သတိပေးချက် ထုတ်ပြန်ထားသည်။ မီးတောင်ပေါက်ကွဲမှုဖြစ်ပေါ်လာပါက အရေးပေါ်အဖွဲ့များ စေလွှတ်ရန်လည်း အသင့်ပြင်ဆင်ထားသည်။ မီးတောင်ဝန်းကျင်တွင်ရှိသော ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးဝန်ထမ်းများ ဘေးကင်းရာ ရွှေ့ပြောင်းကြရန်လည်း သတိပေးထားသည်။

အီရန် စစ်ရေးလေ့ကျင့် ကြည်းတပ်ဖွဲ့ဝင်များ ပါဝင်ဆင်နွှဲ

အီရန်စစ်ဘက်က အီရန်နိုင်ငံအနောက်တောင်ပိုင်း ကူဇီတန်ပြည်နယ်တွင် ကြည်းတပ်မြေပြင်တပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်လျက်ရှိကြောင်း အီရန်စစ်ဘက်မှ အဆင့်မြင့်အရာရှိများက မတ် ၁၀ရက်တွင် ပြောကြားသည်။

သုံးရက်ကြာမည့် အဆိုပါစစ်ရေးလေ့ကျင့်မှုကို ခါတမ်အိုလ်အင်ဘီ ရာဟုအမည်ပေးထားပြီး မတ် ၉ ရက်မှ ၁၁ ရက် အထိ သုံးရက်ကြာပြုလုပ်သွားမည်ဖြစ်သည်။ ယခုစစ်ရေးလေ့ကျင့်မှုသည် စစ်မြေပြင်တိုက်ခိုက်ရေး စွမ်းရည်၊ ချေမှုန်းရေးစွမ်းရည်နှင့် အမိန့်အတိုင်းတိကျစွာ စစ်ဆင်ရေးများ ဆောင်ရွက်နိုင်မှု စွမ်းရည်တို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် လေ့ကျင့်ခြင်းဖြစ်သည်။ ထို့အပြင် ယခုစစ်ရေးလေ့ကျင့်မှု၌ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများ ပြုလုပ်မည်ဖြစ်သည်။ လမ်းကြောင်းစစ်ဆင်ရေးများနှင့် ပူးတွဲလေ့ကျင့်မှုများကိုလည်း ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း အီရန်ကြည်းတပ် တပ်မှူးတစ်ဦးဖြစ်သူအာမက်ရီဇာက ပြောကြားသည်။

မိုးမြင့်လင်းလက် - စုစည်းသည်

ကျိုးသွားသော သွားနေရာတွင် သွားသစ်ပြန်ပေါက်စေနိုင်သည့် ဆဲလ်ပေါင်းစပ် ဇီဝနည်းပညာ သုတေသနပြုစမ်းသပ်နိုင်

ကျိုးသွားသော သွားနေရာတွင် သွားသစ်ပြန်ပေါက်လာစေမည့် ဇီဝနည်းပညာသစ်တစ်ရပ်သည် လက်တွေ့အသုံးချနိုင်ရန် မဝေးတော့ကြောင်း သုတေသနတွေ့ရှိချက်တစ်ရပ်က ဆိုသည်။

ဗြိတိသျှသုတေသနပညာရှင်များက သွားဖုံးဆဲလ်များကို နည်းပညာဖြင့် ဇီဝဓာတ်ပြောင်းလဲစေကာ သွားသစ်တစ်ချောင်း ပြန်ပေါက်လာအောင် စမ်းသပ်အောင်မြင်ခဲ့ခြင်းဖြစ်ပြီး ဓာတ်ခွဲခန်းတွင် ယင်းနည်းပညာကို အဆင့်တိုးစမ်းသပ်မွမ်းမံပြီးပါက ကုသမှုတွင် လက်တွေ့အသုံးချနိုင်တော့မည်ဟု ဆိုသည်။

လန်ဒန်ရှိဘုရင့်ကောလိပ်မှ သိပ္ပံပညာရှင်များသည် လူ့သွားဖုံးဆဲလ်များကို ကြွက်များတွင်ရှိသည့် သွားများကြီးထွားစေသော ဆဲလ်များနှင့် ဆဲလ်ပေါင်းစပ်ခြင်းပြုလုပ်ဖန်တီးကာ ထိုပေါင်းစည်းဆဲလ်များကို ကြွက်များတွင် ထိုးသွင်းကာ စမ်းသပ်ခဲ့သည်။ ထိုအခါတွင် တွေ့ရှိရသည့်ရလဒ်မှာ ယင်းနှစ်မျိုးစပ်ဆဲလ်များက ကြွက်များတွင် သွားသစ် ပြန်ပေါက်စေနိုင်စွမ်းရှိပြီး သွားခြေအမြစ်ကိုလည်း ဖွံ့ဖြိုးရှင်သန်စေနိုင်စွမ်းရှိကြောင်း တွေ့ရှိခဲ့သည်။

ယခုစမ်းသပ်မှု နည်းပညာကို လူတို့တွင် အသုံးပြုရန်များစွာ အချိန်စောလွန်းနေသေးသော်လည်း ဓာတ်ခွဲခန်းရလဒ်က အခြေအနေအလွန်ကောင်းသည်ဟု ဆိုသည်။ သို့သော် ယင်းဇီဝနည်းပညာဖြင့် ပြန်ပေါက်စေသော သွားများသည် အလွန်သေးငယ်လွန်းကြောင်း၊ မခိုင်မာ မရင့်ကျက်သော သွားများဖြစ်ပြီး ဥပမာပြရလျှင် သန္ဓေသားလောင်း အဆင့်တွင် စပေါက်သည့် သွားလေးများပမာ အခြေအနေရှိကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ပါမောက္ခ ပေါလ်ရှက်ဖ်က ပြောကြားသည်။

“နည်းပညာအရ ပြန်ပြီးပေါက်လာတဲ့ သွားလေးတွေဟာ အလွန်သေးပြီး အလွန်လည်းနုလွန်းပါတယ်။ ဒါပေမယ့် ပေါင်းစပ်ဆဲလ်တွေကို သွားဖုံးခံတွင်းထဲ တိုက်ရိုက်ထိုးသွင်းပြီး သွေးစီးဆင်းထောက်ကူမှုဖြင့် ထိုဆဲလ်များ တဖြည်းဖြည်း စတင်ကြီးထွားလာပြီး သွားများအဖြစ် ပေါက်လာနိုင်စေတာပါ” ဟု ၎င်းက ရှင်းပြသည်။

သွားဘက်ဆိုင်ရာ ဆရာဝန်များသည် မေးရိုးပုံသဏ္ဍာန်အရ သွားတုပုံဖော်ကာ ရှေ့သွား၊ စွယ်သွားနှင့် အံသွားများကို အတုတပ်ဆင်ပေးနိုင်ကြသည်။ သို့သော်လည်း ယခုနည်းပညာကမူ ထိုကဲ့သို့သော သွားပုံစံအမျိုးမျိုး နေရာအနေအထား အမျိုးမျိုးအတွက် တိတိကျကျဖြစ်စေရေးမှာ အလားအလာမရှိသလောက်ပင် ဖြစ်နေကြောင်း တချို့သောပညာရှင်များက ထောက်ပြကြသည်။

သုတကျော် - ရေးသားသည်

Redlink Communications Co., Ltd.
Sales Coordinator မ (၂၀)ဦး
(Attractive Salary + Sales Incentive + Attendance Allowance+++)

အမြန်အလိုရှိသည်

(၁) ရုပ်ရည်ချောမောပြေပြစ်ရမည်။
(၂) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(၃) ကွန်ပျူတာ (Microsoft Word, Excel, Power Point) အသုံးပြုနိုင်ရမည်။
(၄) အသက်(၂၈)နှစ်အောက်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ လေဘာမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ ထောက်ခံချက်နှင့်အတူ အမှတ် ၂၀၊ အဆောင်(ခ)၊ ပုလဲလမ်း၊ မြရိပ်ညိုဟိုတယ်၊ ဗဟန်းမြို့နယ်သို့ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း၊ Myanmar Society of Endocrinology & Metabolism (MSEM) မှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၁၆ရက်မှ ၁၇ရက်အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ပြည်တွင်းပြည်ပမှ အထူးကုဆရာဝန်ကြီးများက ဟော်မုန်းနှင့်သက်ဆိုင်သော ရောဂါများ၊ ဆီးချိုသွေးချိုရောဂါ၊ အဝလွန်ရောဂါများအတွက် အာဟာရအကြောင်းများ၊ ပီကျူထရီရောဂါ၊ ပန်းသေပန်းညှိုးရောဂါ၊ ပါရာသိုက်ရွိုက်နှင့်ဆိုင်သော ရောဂါများနှင့်ပတ်သက်သော နောက်ဆုံးပေါ် ကုထုံးများနှင့် ရောဂါရှာဖွေရေး နည်းစနစ်များအကြောင်းကို ဆွေးနွေးပို့ချကြမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသူ ဆရာဝန်များအနေဖြင့် နှစ်ပတ်လည်အစည်းအဝေးအား တက်ရောက်နိုင်ရေးအတွက် ၂၀၁၃ခုနှစ် မတ် ၁၁ရက်မှ ၁၅ရက်အတွင်း စာရင်းပေးသွင်းနိုင်ရန် မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)မှ ဒေါက်တာဒေါ်ယုယုလွင် ဖုန်း-၀၉-၅၁၃၇၅၇၀အား ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝင်ကြေး-
MSEM Member/ M.Med.Sc Student ဖြစ်ပါက ငွေကျပ် -၂၀၀၀၀
Non-Member ဖြစ်ပါက ငွေကျပ် -၂၅၀၀၀ဖြင့် စာရင်းပေးသွင်းနိုင်ပါပြီ။

အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံမေးမြန်းခြင်း

(၂၇)ကြိမ်မြောက် ဆီးဂိမ်းတွင် ရွှေတံဆိပ် ၁၀၀ ကျော်ရရှိရေး မျှော်မှန်းပြင်ဆင်နေ

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ပြန်လည်ပြောကြားစဉ်။

နှစ်ပေါင်း ၄၄ နှစ်ကြာပြီးနောက် မြန်မာနိုင်ငံ၌ တစ်ကျော့ပြန်ကျင်းပခွင့်ရရှိခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်နှင့် ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်တို့အတွက် တစ်မျိုးသားလုံးက စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲကြီးတွင် ပါဝင်ဆင်နွှဲကြမည့် အားကစားသမားများ၏ အရည်အသွေးဆန်းစစ်မှု၊ ကြိုတင်ပြင်ဆင်မှုများ အတော်ခရီးပေါက်နေပြီဖြစ်သကဲ့သို့ ပြိုင်ပွဲကျင်းပမည့် အားကစားကွင်းများနှင့် အားကစားရုံများမှာလည်း ပြီးစီးနေပြီဖြစ်၍ ပြိုင်ပွဲကျင်းပရန် အသင့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။ (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး ။ ။ ၂၀၁၃ ခုနှစ် SEA Games ပြိုင်ပွဲအတွက် ပြည်ပက လာရောက်ယှဉ်ပြိုင်ကြမယ့် ကစားသမားတွေနဲ့ လာရောက်အားပေးကြမယ့် ပရိသတ်တွေအတွက် စီစဉ်ပြင်ဆင်ထားမှုတွေ သိချင်ပါတယ်။

ဖြေ ။ ။ ၂၀၁၃ ခုနှစ် SEA Games ပြိုင်ပွဲမှာ ပြည်ပကလာပြိုင်မယ့် အားကစားသမားနဲ့ ပရိသတ်များအတွက် တည်းခို၊ နေထိုင်ရေး စီစဉ်ထားပြီးဖြစ်ပါတယ်။ ပြိုင်ပွဲကို နေပြည်တော်-ရန်ကုန်-မန္တလေး-ငွေဆောင်ဒေသတွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ နေပြည်တော်ကို လာရောက်မယ့် ဖိတ်ကြားခံဧည့်သည်တော်များအတွက် သင်္ဂဟဟိုတယ်၊ ရွှေနန်းတော်ဟိုတယ်၊ နေပြည်တော်မှာ ကျင်းပမယ့်အားကစားနည်း ၂၆ နည်းက ဒိုင်/ဂျူရီများအတွက် မြတ်တော်ဝင်၊ အမရာ၊ နန်းဝတီ၊ မြတ်သဉ္ဇာ၊ ဥတ္တရသီရိ ဟိုတယ်တွေမှာ နေရာချပေးသွားမှာဖြစ်ပါတယ်။ အားကစားသမားခန့်မှန်း ၅၀၀၀ ကျော်အနက် ၃၆၀၀ ကျော်ကို အားကစားရွာအတွင်း၊ ကျန်၁၄၀၀ကျော်ကို နေပြည်တော် ဇမ္ဗူသီရိ၊ တော်ဝင်ကုမုဒြာ၊ မြတ်နန်းယုံ၊ ရတနာသိယ်၊ မင်္ဂလာသီရိ၊ Junction ၊ ရွှေမြန်မာ၊ ရွှေဧည့်သည်၊ အိုအေစစ်၊ တော်ဝင်နေပြည်တော်၊ Mount Pleasant ၊ ရွှေပြည်တော် ဟိုတယ်တွေမှာ နေရာချထားပေးဖို့ စီစဉ်ပြီးဖြစ်ပါတယ်။ အားကစားရွာတည်ဆောက်မှုအနေနဲ့ ၈၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါတယ်။ ရန်ကုန်မှာ အားကစားနည်း ၇ မျိုးကျင်းပမှာဖြစ်ပြီး VIP ဧည့်သည်တော်များကို Sedona ဟိုတယ်၊ ဒိုင်/ဂျူရီများကို Summit Park View နဲ့ အားကစားနည်း ၇ မျိုးမှ အားကစားအဖွဲ့များကို နေရာချထားဖို့အတွက်လည်း Hotel Yangon, Excel Treasure Hotel, Yuzana Hotel များတွင် ထားရှိရန် ညှိနှိုင်းစီစဉ်ပြီးဖြစ်ပါတယ်။ မြန်မာအားကစားအဖွဲ့များကိုတော့ တာမွေမြို့နယ်၊ ကျိုက္ကဆံကွင်းအတွင်း အားကစားရွာမှာ ထားရှိသွားမှာဖြစ်ပါတယ်။ မန္တလေးမြို့မှာ အမျိုးသမီးဘောလုံးပြိုင်ပွဲများ ကျင်းပမှာဖြစ်ပြီး ဖိတ်ကြားခံဧည့်သည်တော်များကို မန္တလေး Sedona Hotel ၊ဒိုင်/ဂျူရီများကိုHotel Mandalay၊ အားကစားအဖွဲ့များကို Great Wall ဟိုတယ်နဲ့ Ayeyarwaddy River View ဟိုတယ်တွေ၊ မြန်မာအမျိုးသမီးဘောလုံးအား သင့်တော်သည့် ဟိုတယ်တစ်ခုတွင် နေရာချထားပေးဖို့ စီစဉ်ပြီးဖြစ်ပါတယ်။ ငွေဆောင်ကမ်းခြေမှာ ရွက်လှေပြိုင်ပွဲကျင်းပမှာဖြစ်ပြီး ဖိတ်ကြားခံများ၊ ဒိုင်/ဂျူရီများကို Oriental Palace Hotel၊ အားကစားအဖွဲ့များကို တည်ဆောက်ဆဲ Ngwe Saung Yacht Club များမှာ နေရာချထားဖို့ စီစဉ်ပြီးဖြစ်ပါတယ်။ Ngwe Saung Yacht Club တည်ဆောက်မှု ၆၀ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်ပြီး အောက်တိုဘာလမတိုင်မီ အပြီး တည်ဆောက်သွားမှာ ဖြစ်ပါတယ်၊ ဒ့ါအပြင် ပြိုင်ပွဲကျင်းပမယ့် မြို့အသီးသီးကို လာရောက်မယ့် Media များ၊ လေ့လာအားပေးမယ့် ပရိသတ်များအတွက်လည်း ဟိုတယ်များညှိနှိုင်းလျာထားပြီးဖြစ်ပါတယ်။ ဒ့ါအပြင် ပုဂံ၊အင်းလေး တောင်ကြီးစတဲ့ အထင်ကရနေရာတွေကို သွားရောက်လည်ပတ်လိုပါကလည်း ဟိုတယ်/ခရီး ဝန်ကြီးဌာန ခရီးသွားကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မေး ။ ။ ထိုင်းနိုင်ငံဟာ ၂၀၀၅ ဖိလစ်ပိုင် SEA Gamesမှာ ရိုးရာအားကစားနည်းတွေ ထည့်သွင်းမှုအတွက် ဝေဖန်ခဲ့လို့ နှစ်နိုင်ငံဆက်ဆံရေးအပေါ် သက်ရောက်မှုတွေရှိစေခဲ့တယ်လို့ ကြားသိဖူးပါတယ်။ အင်ဒိုနီးရှား SEA Games မှာလည်း အမျိုးသမီးဘောလုံးအားကစား မထည့်ဖို့ဆုံးဖြတ်လို့ ဝေဖန်ခဲ့ကြပါသေးတယ်။ ယခု မြန်မာနိုင်ငံရဲ့ စီစဉ်ဆောင်ရွက်မှုတွေကိုလည်း ကန့်ကွက်မယ်လို့ဆိုပါတယ်။ သူတို့ကန့်ကွက်ခဲ့ပါသေးသလား။ သူတို့ရဲ့ ကန့်ကွက်ပြောဆိုမှုအောင်မြင်ပါရဲ့လား။

ဖြေ ။ ။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ရိုးရာ အားကစားနည်းထည့်သွင်းမှုအပေါ် အချို့နိုင်ငံတွေက သူတို့ရဲ့ မီဒီယာတွေကတစ်ဆင့် ဝေဖန်ပြောဆိုမှုအချို့ရှိခဲ့ပေမယ့် myasoc သို့ တရားဝင်ကန့်ကွက်ခြင်းမျိုး ယနေ့အထိ လုံးဝမရှိပါဘူးလို့ ပြောလိုပါတယ်။ ကျန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး ဖြစ်ချင်တာတွေကို တင်ပြစေပြီးမှသာ လုပ်ပေးနိုင်တာ၊ ဖြစ်ချင်တာတွေကို ညှိနှိုင်းပြီး SEAGF Council Meeting မှာ ဆုံးဖြတ်ဆောင်ရွက်ခဲ့တာဖြစ်လို့ မှတ်ချက်ကောင်းပေးခံခဲ့ရပြီး ကန့်ကွက်မှုမျိုးမဖြစ်ပါဘူးလို့ ပြောကြားလိုပါတယ်။

မေး ။ ။ ၂၀၁၃ SEA Games မှာ ချန်ထားတဲ့ တချို့အားကစားနည်းတွေရဲ့ အနာဂတ်ပြိုင်ပွဲတွေအတွက် ဘယ်လိုစီစဉ်ထားရှိပါသလဲ။ ကျွမ်းဘားနဲ့ တင်းနစ်စတဲ့ အားကစားနည်းတွေကို နောက်နောင်ပြိုင်ပွဲတွေမှာ ဆက်လက်ယှဉ်ပြိုင်နိုင်ဖို့ ဘယ်လိုဆောင်ရွက်မယ်လို့ စီစဉ်ထားပါသလဲ။ ဘယ်လောက်အထိကော မျှော်လင့်နိုင်ပါသလဲ။

ဖြေ ။ ။ ၂၀၁၃ SEA Games မှာ ထည့်သွင်းကျင်းပခြင်းမပြုနိုင်တဲ့ ကျွမ်းဘားနဲ့ တင်းနစ်အားကစားနည်းတွေကို ထည့်သွင်းကျင်းပဖို့ အဆင့်မီ အားကစားကွင်း/ရုံတွေ တည်ဆောက်ရေးမှာ ကန့်သတ်ချက်တွေရှိတဲ့အပြင် အိမ်ရှင်နိုင်ငံအနေနဲ့ အဆင့်မီ ပါဝင်ယှဉ်ပြိုင်နိုင်မယ့် အားကစားသမား လိုအပ်ချက်ကြောင့် SEA Games နိုင်ငံအားလုံးနဲ့ ညှိနှိုင်းသဘောတူချန်လှပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ဒီအားကစားနည်းနှစ်မျိုးကို နောင်ကျင်းပမယ့် စင်ကာပူ SEA Games မှာ ပါဝင်ယှဉ်ပြိုင်နိုင်အောင် ရေရှည်အစီအမံအနေနဲ့ ဆက်လက်စခန်းသွင်းလေ့ကျင့်ပေးနေပါတယ်။ အုပ်ချုပ်ထောက်ပံ့မှုတွေ ပံ့ပိုးဖြည့်ဆည်းပေးပြီး ဆက်လက်လေ့ကျင့်ဆောင်ရွက်ပေးနေပါတယ်။

မေး ။ ။ အချို့အားကစားနည်းတွေဟာ အိုလံပစ်အားကစားနည်းတွေမဟုတ်ပေမယ့် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအချင်းချင်းကြားမှာ ချစ်ကြည်ရင်းနှီးမှုနဲ့ အပြန်အလှန်နွေးထွေးတဲ့နားလည်မှုမျိုး တည်ဆောက်နိုင်ဖို့ ရွေးရှုပြီး ထည့်သွင်းရတာတွေရှိနိုင်ပါတယ်။ ဘယ်လို အားကစားနည်းတွေကို ထည့်သွင်းခဲ့ပါသလဲ။

ဖြေ ။ ။ အိုလံပစ်အားကစားနည်း မဟုတ်ပေမယ့် ရိုးရာအားကစားနည်း ရှစ်ခုဖြစ်တဲ့ မွေ၊ ကာယဗလ၊ ရိုးရာလှေ၊ နပန်း၊ ပီတန်၊ ဗိုဗီနမ်၊ ပန်ကြပ်ဆီလတ်၊ ကမ်ပိုအားကစားနည်းတွေကို အာဆီယံနိုင်ငံအချင်းချင်း ရင်းနှီးမှုနဲ့ နားလည်မှုအတွက် ထည့်သွင်းထားတာရှိပါတယ်။ ရိုးရာလှေအားကစားနည်းဟာ ယခင်က SEA Games ပြိုင်ပွဲဝင်တွေ ထည့်သွင်းကျင်းပခဲ့တဲ့ ပြိုင်ပွဲတိုင်းမှာ မြန်မာနိုင်ငံအတွက် ဆုတံဆိပ်အများဆုံး ရယူပေးခဲ့တဲ့အပြင် အခြားနိုင်ငံများကပါ စိတ်ဝင်တစား ယှဉ်ပြိုင်လေ့ရှိတဲ့အတွက် အားလုံးသဘောတူ ထည့်သွင်းထားတာဖြစ်ပါတယ်။ ပန်ကြပ်ဆီလတ်နဲ့ နပန်း၊ ကာယဗလအားကစားနည်းတွေကတော့ ယခင် SEA Games တွေမှာ ပါဝင်လေ့ရှိပြီး ပြိုင်ပွဲဝင်နိုင်ငံအများစု စိတ်ဝင်တစား ယှဉ်ပြိုင်လေ့ရှိပါတယ်။ မွေအားကစားနည်းဟာ ရိုးရာလက်ဝှေ့နဲ့ နီးစပ်တဲ့အပြင် မြန်မာဆန်တဲ့ ပြင်ဆင်မှုများနဲ့ကျင်းပမှာဖြစ်လို့ မြန်မာနိုင်ငံအနေနဲ့လည်း အားကစားသမားရှိပြီး ဆုတံဆိပ်မျှော်မှန်းနိုင်တဲ့အတွက် မွေအားကစားနည်းဟန်ပန်များလျှော့ပြီး ရိုးရာလက်ဝှေ့အတိုင်းဖြစ်အောင် ကျင်းပသွားမှာဖြစ်ပါတယ်။ ဗိုဗီနမ်အားကစားနည်းဟာ ဗီယက်နမ်ရိုးရာအားကစားနည်းဖြစ်သော်လည်း မြန်မာ့ရိုးရာ (ဗန်တို)အားကစားနည်းနဲ့ နီးစပ်တဲ့အတွက် ထည့်သွင်းသွားခြင်းဖြစ်ပြီး အောင်မြင်မှုရဖို့လည်း နီးစပ်တဲ့အတွက် မျှော်လင့်ကြိုးစားနေပါတယ်။ ပီတန်အားကစားနည်းဟာ ပြင်သစ်နိုင်ငံက စတင်တဲ့ အားကစားနည်းဖြစ်ပေမယ့် မြန်မာ့ရိုးရာ ဝမ်ဒိုး(ကျောက်ဒိုး) အားကစားနည်းနဲ့ နီးစပ်ပြီး အချိန်တိုအတွင်း လေ့ကျင့်နိုင်တဲ့အပြင် ကမ္ဘောဒီးယား၊ လာအိုစတဲ့နိုင်ငံများအနေနဲ့ ဆုတံဆိပ်ရရှိနိုင်တဲ့ အလားအလာရှိတာကြောင့် ထည့်သွင်းပေးထားတာဖြစ်ပါတယ်။ အလားတူ ကမ်ပိုအားကစားနည်းဟာ အင်ဒိုနီးရှား ရိုးရာအားကစားနည်းဖြစ်ပေမယ့် အရှေ့တီမောနိုင်ငံ ရွှေတံဆိပ်ရနိုင်တဲ့ အားကစားနည်းဖြစ်တဲ့အပြင် ကရာတေးဒို၊ တိုက်ကွမ်ဒိုအားကစားနည်းများနဲ့ နီးစပ်တဲ့အတွက် မြန်မာအားကစားသမားများအနေနဲ့ အောင်မြင်ဖို့အလားအလာရှိတဲ့ နီးစပ်တဲ့အားကစားနည်းဖြစ်ပါတယ်။ ဒါကြောင့်လဲ ဒီအားကစားနည်းတွေကို အာဆီယံနိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုအနေနဲ့ရော မိမိနိုင်ငံရဲ့ရွှေတံဆိပ်ရရှိနိုင်တဲ့ အားကစားနည်းဖြစ်တာကြောင့်ပါ ထည့်သွင်းရတာဖြစ်ပါတယ်။ ရိုးရာအားကစားနည်းဖြစ်တဲ့ ခြင်းလုံးအားကစားနည်းကို SEA Games CHARTER အရ တစ်နှစ်ကြိုတင် တင်ပြခဲ့မှသာ သီးခြားထည့်သွင်းကျင်းပနိုင်မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ခြင်းလုံးအားကစားနည်း ထည့်သွင်းကျင်းပခြင်းကို ကြိုတင်အချိန်ယူပြီး ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိတဲ့အတွက် ပိုက်ကျော်ခြင်းအားကစားနည်းတွင်ထည့်၍ ရိုးရာခြင်းလုံးအားကစားနည်းကို ထည့်သွင်းကျင်းပရခြင်းဖြစ်ပါတယ်။

မေး ။ ။ အခမ်းအနားတစ်ခုမှာ အိမ်ရှင်အနေနဲ့ ရွှေတံဆိပ် ၁၀၀ ကျော် လိုချင်တယ်လို့ ဝန်ကြီးပြောတဲ့စကားနဲ့ပတ်သက်ပြီး အချို့ကဝေဖန်နေကြတာရှိပါတယ်။ အဲဒီ စကားပြောရတဲ့ ရည်ရွယ်ရင်းကိုရော ရှင်းပြပေးနိုင်မလားခင်ဗျား။

ဖြေ ။ ။ ပြိုင်ပွဲမှာ အိမ်ရှင်နိုင်ငံအနေနဲ့ အဆင့်မြင့်မြင့် အောင်မြင်မှုရနိုင်ဖို့အတွက် ရွှေတံဆိပ် ၁၀၀ ကျော်ရအောင် ကြိုးစားပြင်ဆင်နေပါတယ်။ အင်ဒိုနီးရှား SEA Games မှာတုန်းက ရွှေတံဆိပ် ၁၆ ခုသာရရှိခဲ့ပေမယ့် မြန်မာနိုင်ငံမှာ ကျင်းပမယ့် SEA Games မှာတော့ ရွှေတံဆိပ်ဆုများရရှိနိုင်ရေးအတွက် ပြင်ဆင်မှုများ စတင်ဆောင်ရွက်ရာမှာ ရင်လောက်မှန်းမှ ဒူးလောက်တင်တာဖြစ်လို့ နိုင်ငံအလိုက် အဆင့်(၁)မရသည့်တိုင် အဆင့် (၁)၊ (၂)၊ (၃)အတွင်းရရှိရေးနှင့် ရွှေတံဆိပ် ၁၀၀ ကျော်ရရှိရေး မျှော်မှန်း ပြင်ဆင်လျက်ရှိပါတယ်။ လက်တွေ့အဖြေကိုတော့ ပြိုင်ပွဲပြီးမှ သိရမှာဖြစ်ပါတယ်။ အားကစားသမားများ ရွေးချယ်ရာတွင် ပင်ကိုအရည်အချင်းရှိပြီး စွမ်းရည်ပြည့်ဝသူများကိုသာ ရွေးချယ်ပြီး ခေတ်မီအားကစားလေ့ကျင့်ရေး ပစ္စည်းများသုံး၍ လေ့ကျင့်ခြင်း၊ ပြည်တွင်း နည်းပြများအပြင် ဥရောပ၊ အာရှနဲ့ အာဆီယံနိုင်ငံတွေက အဆင့်အတန်းမီ နည်းပြ ၅၄ ဦး ငှားရမ်းပြီး ခေတ်မီအားကစားအထောက်အကူပစ္စည်းတွေနဲ့ ပေါင်းစပ်လေ့ကျင့်ပေးနေပါတယ်။ လေ့ကျင့်မှု တိုးတက်စေဖို့နဲ့ ကုန်ခန်းသွားတဲ့ ကယ်လိုရီပြည့်ဝအောင် ဘူဖေးစနစ်နဲ့ ကျွေးမွေးတာ၊ ပြည့်ဝတဲ့ အိပ်စက်အနားယူမှုရရှိအောင် လေအေးပေးစက်၊ ရေပူ ရေအေးစက်နဲ့ အဝတ်လျှော်စက်တွေ တပ်ဆင်ပေးတာတွေ အပါအဝင် ပြည့်ပြည့်စုံစုံ အဆင့်အတန်းမီမီ စီစဉ်ပေးထားပါတယ်။ ဆေးဝါးပံ့ပိုးမှုတွေ ကိုယ်လက်ကြံ့ခိုင်ရေးစက်တွေ အသုံးပြုနိုင်ဖို့တွေလည်း ဖြည့်ဆည်းဆောင်ရွက်ပေးထားပါတယ်။ ငွေကြေးသုံးစွဲမှုပိုင်းအနေဖြင့် နိုင်ငံတော်နဲ့ စီးပွားရေးသမားများကပါ အဘက်ဘက်က ဝိုင်းဝန်းကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ နေပြည်တော်တွင် Gold Camp၊ ရန်ကုန်တွင် အဖွဲ့ချုပ်များမှ စည်းကမ်းရှိတဲ့ အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများ ဘက်စုံပြင်ဆင်လေ့ကျင့်ပေးလျက်ရှိပြီး ရွှေတံဆိပ် ၁၀၀ ကျော်ရရှိရေးအတွက် ဖြစ်နိုင်ခြေရှိသည်များကို မှန်းဆပြင်ဆင်ထားတာကို ပြောကြားတာဖြစ်ပါတယ်။ အားကစားသမားအပိုင်းကလည်း မိမိမြေပေါ်မှာ ကျင်းပမယ့်ပြိုင်ပွဲမှာ မိမိပရိသတ်ရှေ့ကိုယ်တိုင် ရွှေတံဆိပ်ရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့ စိတ်အားတက်ကြွစွာ ကြိုးစားနေကြပါတယ်။

မေး ။ ။ ဘောလုံးကသာ ရွှေမရရင် ဆားမပါတဲ့ဟင်းလိုဖြစ်နေမှာပဲလို့ မကြာခင်က ဝန်ကြီးပြောခဲ့တော့ ရွှေအားလုံးထက် အလိုချင်၊ အတပ်မက်ဆုံးရွှေက ဘောလုံးရွှေလို့ဆိုလိုချင်ပါသလား။

ဖြေ ။ ။ SEA Games ပြိုင်ပွဲတွေမှာ အိမ်ရှင်နိုင်ငံတိုင်းက ဘောလုံး အားကစားနည်းနဲ့ ရွှေတံဆိပ်လိုချင်ကြတာ သဘာဝကျပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း မြန်မာ့မြေ၊ မြန်မာ့ပရိသတ်ရှေ့မှာ မြန်မာတို့ရဲ့ အမျိုးသားအားကစားဖြစ်တဲ့ ဘောလုံးအားကစားနည်းနဲ့ ပြိုင်ဘက်နိုင်ငံတွေကို ပြတ်ပြတ်သားသားအနိုင်ယူပြီး ဆုတံဆိပ်ရတွက်မှုက တစ်ခုသာဖြစ်သော်လည်း ရွှေတံဆိပ်ရယူချင်ပါတယ်။

မေး ။ ။ ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး တည်ဆောက်နေတဲ့ အားကစားကွင်း/ရုံနဲ့ အားကစားရွာတွေကို SEA Games ပြီးနောက်ပိုင်း အကျိုးရှိအောင် အသုံးပြုဖို့ ဘယ်လိုစဉ်းစားထားပါသလဲ၊ ပြည်ထောင်စုဝန်ကြီးရဲ့ မြန်မာ့အားကစား ရေရှည်တိုးတက်မြင့်မားအောင် ရေရှည်ဆောင်ရွက်မယ့် အစီအမံများရှိရင် သိလိုပါတယ်။

ဖြေ ။ ။ 27 th SEA Games ကျင်းပနိုင်ဖို့အတွက် လိုအပ်တဲ့ အားကစားကွင်း/ရုံနဲ့ အားကစားရွာတွေကို နိုင်ငံတော်အနေနဲ့ ကျပ်သန်းပေါင်းများစွာ အကုန်အကျခံတည်ဆောက်နေပါတယ်။ SEA Games ပြိုင်ပွဲကြီး ပြီးသွားပါက မြန်မာ့အားကစား အနာဂတ်မှာ တိုးတက်မြင့်မားလာအောင် အသုံးပြုဖို့ ကြိုတင်စီမံထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အားကစားလောက ဖွံ့ဖြိုးတိုးတက်အောင်မြင်လာစေဖို့ အားကစားအကယ်ဒမီများ၊ အားကစားတက္ကသိုလ်များ ဖွင့်လှစ်ဖို့ ရည်ရွယ်ထားပါတယ်။ ။

ဆောင်းပါးနှင့်ဓာတ်ပုံ -မြန်မာ့အလင်းသတင်းအဖွဲ့

ဂျပန်နိုင်ငံမှ တင်သွင်းသည့် Generator စက်လေးလုံး ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် မတ် ၁၀

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးညိုဝင်းသည် မတ် ၇ ရက်က ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ အေရှားဝေါလ်ဆိပ်ကမ်းသို့ ဂျပန်နိုင်ငံ Mitsubishi Heavy Industries Co., Ltd. က တင်သွင်းသည့် Mitsubishi အမျိုးအစား 1250 KVA Diesel Generator စက်လေးလုံးနှင့် ဆက်စပ်ပစ္စည်းများရောက်ရှိလာမှုအခြေအနေနှင့် ဓာတ်အားပေးစက်များကို စက်ယန္တရားများဖြင့်သယ်၍ မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်နေမှုများကို ကြီးကြပ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးစက်လေးလုံးသည် Mitsubishi Heavy Industries Co., Ltd. မှ တင်သွင်းသည့် ဂျပန်နိုင်ငံမှ ထုတ်လုပ်သော Mitsubishi အမျိုးအစား 1250 KVA ဓာတ်အားပေးစက်များဖြစ်ကြောင်း၊ မတ် ၅ ရက်တွင် ဂျပန်နိုင်ငံမှ Kota Tampam (TPN 497) သင်္ဘောဖြင့် အလုံမြို့နယ် ကမ်းနားလမ်းရှိ အေရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာခဲ့ကြောင်း၊ မတ် ၆ ရက်တွင် ရေယာဉ်ပေါ်မှ စက်ယန္တရားများဖြင့်သယ်၍ မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်ပြီး မတ် ၇ ရက်တွင် အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပစ္စည်းစီမံရေးဌာနသို့ ပို့ဆောင်ခဲ့ကြောင်း၊ ဓာတ်အားပေးစက်လေးလုံးကို ကရိန်းယာဉ်များအသုံးပြု၍ ကွန်တိန်နာအတွင်းမှ ထုတ်ယူစစ်ဆေးပြီး သီးခြားမော်တော်ယာဉ်များပေါ်သို့

ပြောင်းရွှေ့ တင်ဆောင်ကာ မန္တလေးတိုင်းဒေသကြီးသို့ နှစ်လုံး၊ မကွေးမြို့သို့ တစ်လုံးနှင့် ရခိုင်ပြည်နယ် အမ်းမြို့သို့တစ်လုံး ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ကမ္ဘာ့ရွှေဈေး မြန်မာ့ရွှေဈေး ငြိမ်သက်နေ

မြန်မာ့ရွှေဈေး အတက်အကျသည် အဓိက အားဖြင့် ကမ္ဘာ့ရွှေဈေးပေါ်မူတည်၍ အပြောင်းအလဲ ဖြစ်မြဲဖြစ်သည်။ မတ်လ ပထမပတ်အတွင်း၌ ကမ္ဘာ့ရွှေဈေးသည် မတ် ၆ ရက်၌ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၇၈ ဖြင့် အမြင့်ဆုံးဈေး ဖြစ်ခဲ့သည်။ ထိုနေ့က မြန်မာ့ရွှေအခေါက် တစ်ကျပ်သားလျှင် ကျပ် ၇၃၆၇၀၀ ဈေးရှိနေခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များ အသင်း အလုပ်အမှုဆောင် တစ်ဦးဖြစ်သူ ဦးအေးချို (စမ်းချောင်း)က "ဒီရက်ထဲမှာ အပိုင်းရွှေ (အခေါက်) အရောင်းအဝယ်ပါးတယ်။ သဘောကတော့ ပစ္စည်း(ရွှေ)များပြီး ဝယ်လက်နည်းတဲ့ သဘောပဲ" ဟု ဆိုပါသည်။

ရွှေဈေးကျသည့်အတွက် ရွှေထည်ပစ္စည်းဝယ်သူတို့ဖြင့် အရောင်းဆိုင်များတွင် စည်ကားနေမှုကို တွေ့မြင်ရသည်။ လသာရွှေဆိုင်တန်း အုပ်စုမှ ရွှေဆိုင်ပိုင်ရှင် အမျိုးသမီးကြီး တစ်ဦးက ယနေ့ရွှေအထည်ဈေး ၁၅ ပဲရည်က တစ်ကျပ်သားကို ကျပ် ၆၉၀၀၀၀ လောက် ဖြစ်နေတယ်။ "ရွှေဈေးကဆက်တိုက် ငြိမ်နေတယ်၊ ဒါကြောင့် ရွှေအထည်ဝယ်တဲ့သူတွေ အဆင်းများတာ"ဟု ပြောပြသည်။

ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေ(အခေါက်) ဈေးကွက်တွင် မတ် ၄ ရက်က ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၇၇ ရှိခဲ့ပြီး၊ မြန်မာ့ရွှေဈေးသည် တစ်ကျပ်သားလျှင် ကျပ် ၇၃၆၅၀၀ ရှိနေခဲ့သည်။ မတ် ၅ ရက်က ကမ္ဘာ့ရွှေဈေးမှာ ၁၅၈၁ ဒေါ်လာ ရှိခဲ့၍ မြန်မာ့ရွှေဈေးသည် ကျပ် ၇၃၇၀၀၀ ဈေးရှိနေခဲ့သည်။ မတ် ၆ ရက်တွင် ကမ္ဘာ့ရွှေဈေးသည် ၁၅၇၈ ဒေါ်လာရှိခဲ့ပြီး မြန်မာ့ရွှေဈေးသည် ကျပ် ၇၃၆၇၀၀ ဈေးရှိခဲ့သည်။ မတ် ၇ ရက်၌ ကမ္ဘာ့ရွှေဈေးမှာ ၁၅၈၄ ဒေါ်လာရှိခဲ့ပြီး မြန်မာ့ရွှေဈေးသည် ကျပ် ၇၃၆၅၀၀ ရှိနေခဲ့သည်။ မတ် ၈ ရက်က ကမ္ဘာ့ရွှေဈေးမှာ ၁၅၇၇ ဒေါ်လာ ရှိနေခဲ့ပြီး မြန်မာ့ရွှေဈေးမှာ ကျပ် ၇၃၅၅၀၀ အထိ ကျခဲ့သည်။

ကမ္ဘာ့ရွှေဈေးကို တစ်ပတ်လုံး သုံးသပ်ကြည့်ပါက ရှစ်ဒေါ်လာမျှသာ ခြားနားမှုရှိခဲ့ပြီး မြန်မာ့ရွှေဈေးသည် ကျပ် ၁၅၀၀ သာ ခြားနားမှုရှိခဲ့သည်။ တစ်ပတ်လုံး ရွှေဈေးငြိမ်သက်ခြင်း၏ လက္ခဏာများပင် ဖြစ်သည်။ တိုင်းဒေသကြီး ရွှေလုပ်ငန်းပိုင်ရှင်များအသင်းမှ ဦးအေးချိုကပင် "ဒါကဒီလိုလတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အရောင်းအဝယ်သဘောပါ။ သင်္ကြန်အပြီး မိုးဆက်တိုက်ရွာလာမယ်ဆို ရွှေတူးတဲ့လုပ်ငန်းတွေ ရပ်သွားမှာမို့ ရွှေအဝင်နည်းလာပါလိမ့်မယ်၊ အဲဒီအခါကျရင် ဝယ်လိုအားထက် အဝင်နည်းလာတဲ့အတွက် ရွှေဈေးက အတက်ဘက်ကို ဦးမော့သွားနိုင်ပါတယ်"ဟု သုံးသပ်ပြောကြားခဲ့ခြင်းဖြင့် တစ်ပတ်အတွင်း ကမ္ဘာ့ရွှေသတင်း မြန်မာ့ရွှေသတင်း ဖြန့်ခင်းရေးသားလိုက်ရပါသည်။

အဝယ်တော်ဖိုးထော်

မော်တော်ယာဉ် ဆင့်ကဲတိုက်မှုဖြစ်ပွား

ရန်ကုန် မတ် ၁၀

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရား လမ်းမပေါ်တွင် မတ် ၈ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်က ယာဉ်ဆင့်ကဲတိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရွှေပြည်သာမြို့နယ်နေ ဦးအောင်အောင်သည် မြို့တော်စည်ပင်သာယာရေးပိုင် ၁၀ ဘီး ရေသယ်ယာဉ်နှင့် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း အရှေ့မှအနောက်သို့ မောင်းနှင်လာစဉ် ကျိုက်ဝိုင်းဆွမ်းလောင်းဓမ္မာရုံရှေ့အရောက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်နေ မောင်ရဲလင်းဖြိုး မောင်းနှင်လာသော တိုယိုတာကင်တာ ပစ်ကပ်ကို ဖြတ်ကျော်တက်ရာ ဘော်ဒီဘေးခြမ်းနှင့် တိုက်လိုက်ခြင်းကြောင့် ပစ်ကပ်သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ရပ်ထားသော မင်္ဂလာဒုံမြို့နယ်နေ ဦးကျော်သီဟ ကမ္ဘောဇဘဏ်သုံး ဆလွန်းကား၏နောက်သို့ ဆင့်ကဲတိုက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုဖြစ်ရာသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွေး၊ အမှတ်(၅)ရဲကင်းမှူး ရဲတပ်ကြပ် ခင်မောင်ကျော်၊ နယ်မြေ(၁)ယာဉ်မှုစစ် ဒုရဲအုပ်ဇော်မင်းဦးတို့ ရောက်ရှိစစ်ဆေးမှုပြုလုပ်စဉ် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိကြောင်း သိရသည်။ **(၀၁၅)**

အုပ်ချုပ်ရေးမှူးများ သင်တန်းဆင်း

လက်ပံတန်း မတ် ၁၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁ ရက် နံနက် ၉ နာရီက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ၁/၂၀၁၃ သင်တန်းဆင်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်(၈)ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၅၅ အုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဆင်း အမှာစကားပြောကြားကာ ထူးချွန်သင်တန်းသားသုံးဦးအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(၀၉၈)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

အနံ့ဆိုးများ ရှင်းလင်းပေးစေချင်

ကျောက်မဲမြို့အမှတ် (၇)ရပ်ကွက် အနောက်ပိုင်း ခဲအင်းမိုင်းဝေါ့သွား ဖြတ်လမ်းထောင့်ရှိ နေအိမ်တစ်အိမ်တွင် ကြက်ချေးများ သိုလှောင်ထားပြီး အရောင်းအဝယ်ပြုလုပ်နေရာ အနံ့ဆိုးများကို ပတ်ဝန်းကျင်က ခံစားနေကြရပါသည်။ အဆိုပါအိမ်သည် ကျန်းမာရေးနှင့်ညီညွတ်ခြင်းမရှိသည့် အိမ်သာကိုပါ ဆောက်လုပ်ထားရာ အိမ်နီးချင်းများက ကြက်ချေးနံ့နှင့် မိလ္လာနံ့များကို နေ့စဉ် ရှူရှိုက်နေရပါ၍ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မောင်ကျန်းမာ

အသံချဲ့စက် ဆူညံသံ ပတ်ဝန်းကျင်မခံနိုင်

၉. ၁. ၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၀)၊ ကော်လံ (၁)တွင် " အသံချဲ့စက် နားမခံသာ" ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် (၉၃) ရပ်ကွက်တွင် အသံချဲ့စက်များ စည်းကမ်းမဲ့စွာ ဖွင့်လှစ်နေခြင်းကိစ္စကို ဖော်ပြခဲ့ပါသည်။

သို့ရာတွင် ၎င်းကိစ္စကို လုံးဝဆင်ခြင်မှုမရှိဘဲ ကလေးကင်ပွန်းတပ်၊ နာရေးကိစ္စနှင့် မင်္ဂလာဆောင်များအပြင် နတ်ပွဲပေးခြင်း၊ အကြောင်းအမျိုးမျိုးပြ၍ အလှူခံခြင်းများကို အသံချဲ့စက်များခေါင်းချင်းဆိုင်၍ ပတ်ဝန်းကျင်ကို မငဲ့ညှာဘဲ စည်းကမ်းမဲ့စွာ ပြုလုပ်နေသည့်အတွက် တက္ကသိုလ်ဝင်စာမေးပွဲနီးကပ်လာပြီဖြစ်၍ စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားများ စာကျက်နိုင်ခြင်းမရှိဘဲ သက်ကြီးရွယ်အိုနှင့် ရောဂါသည်များ အခက်တွေ့နေရပါကြောင်း ထပ်မံတင်ပြလိုက်ရပါသည်။

ခံစားနေရသူ

ကျူးကျော်ဈေးဆိုင်များ ဖယ်ရှားပေးပါရန်

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် (၁၉)ရပ်ကွက် ဆေးရုံထောင့် မီးပွိုင့်အနီးသုခလမ်းပေါ်တွင် လမ်းဘေးပျံကျဈေးသည်များသည် နေ့/ည လမ်းပိတ်ဆို့ပြီး ဈေးရောင်းချမှုကြောင့် အရေးပေါ်လူနာများ၊ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား ကျောင်းသူများသည် အသွားအလာခက်ခဲပြီး ထိခိုက်မိလျှင် ပြဿနာရှာရန်တွေ့သည့်အပြင် ယာဉ်အန္တရာယ်ပါ စိုးရိမ်နေရပါသဖြင့် သက်ဆိုင်ရာမှ အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

တာဝန်သိပြည်သူတစ်ဦး

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးစေလို

ရန်ကုန်တိုင်းဒေသကြီး လှည်းတန်းကမာရွတ်မြို့နယ် (၃)ရပ်ကွက် လှည်းတန်းဈေးအနီးတစ်ဝိုက်ရှိ ပေ ၅၀ လမ်း၊ ၆ လမ်း၊ ၇ လမ်း၊ စသည့်လမ်းများတွင် ခွေးလေခွေးလွင့်များ လွန်စွာပေါများပြီး ဈေးဝယ်သူများအား အနှောင့်အယှက်ပေးကာ အန္တရာယ်အလွန်ရှိနေပါသည်။ အထူးသဖြင့် လမ်းသွားလမ်းလာများကို လိုက်လံကိုက်နေပါ၍ သက်ဆိုင်ရာက သင့်တော်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ၊ ရပ်ကွက်သားများ

တရားမဝင် လောင်စာဆီဆိုင်များ ဖယ်ရှားပေးစေလို

လှိုင်မြို့နယ် (၁၂)ရပ်ကွက် ပါရမီလမ်းမကြီးပေါ် L.N.G GAS အရောင်းဆိုင်အနီးတွင် တရားမဝင်ဓာတ်ဆီ၊ ဒီဇယ်စက်သုံးဆီများကို တရားဝင်သဖွယ် သိုလှောင်ခြင်း၊ ရောင်းချခြင်းများကို နေ့စဉ် ပြုလုပ်နေရာမီးဘေးအန္တရာယ် လွန်စွာစိုးရိမ်ပူပန်နေရပါသဖြင့် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရေးအတွက် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးစေလိုပါသည်။

မီးဘေးအန္တရာယ်စိုးရိမ်သူများ

မီးတားလမ်းပေါ် ကျူးကျော်အိမ်ဆောက်

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ၁၀ ရပ်ကွက် ဇေယျာ (၁၆)လမ်း၏ နောက်ဖေးမီးတားလမ်းကြား စည်ပင်မြေပိုများပေါ်၌ နေအိမ်၊ အဆောက်အအုံများ ကျူးကျော်ဆောက်လုပ်နေထိုင်ကြသဖြင့် နွေရာသီကာလ မီးဘေးအန္တရာယ်စိုးရိမ်နေရပါသည်။ ထို့ကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံးလာရောက် ရှင်းလင်းပေးပါရန် နှိုးဆော်တင်ပြလိုက်ပါသည်။

လမ်းစောင့်နတ်

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်း ချက်ပြုတ်ခြင်းမပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။ (မီးသတ်ဦးစီးဌာန)

ပြည်တွင်းသတင်း

✻ ကျောဖုံးမှ

ဖော်ပြလိုက်ပါသည်။

မေး ။ ကစားသမားတွေကို ဘယ်လိုစုစည်းခဲ့ရသလဲဆိုတာ သိချင်ပါတယ်။

(၂၆)ကြိမ်မြောက် ဆီးဂိမ်းမတိုင်မီမှာ ပထမအကြိမ် စီသုံးလုံးပြိုင်ပွဲကျင်းပပြီး စတင်လူစုခဲ့ပါတယ်။ အဲဒီပွဲမှာ အလားအလာရှိတဲ့ ကလေးတွေကို ရွေးချယ်ခဲ့ပါတယ်။ နောက်ပြီးတော့ ဒုတိယအကြိမ် စီသုံးလုံးပြိုင်ပွဲထပ်လုပ်တယ်။ အဲဒီမှာ တွေ့ရတဲ့ကလေးအချို့ကို ရွေးခဲ့တယ်။ ကာကွယ်ရေးဝန်ကြီးဌာနကလည်း ထပ်ရွေးပြီး လူစုခဲ့တာပါ။

မေး ။ လူဦးရေ ဘယ်နှယောက် ရွေးလို့ရခဲ့ပါသလဲ။

စစချင်းမှာ ၁၄ ယောက်လောက်ပဲ ရွေးလို့ရခဲ့တယ်။ နောက်ပြီး ကျွန်တော်တို့ ကစားခဲ့တဲ့ တာဝေးကစားနည်းအတွက် လူရဖို့ မြောင်းမြ၊ မန္တလေး၊ မကွေးနဲ့ တောင်ကြီးမြို့တွေမှာ မီနီမာရသွန်ပြိုင်ပွဲတွေလုပ်ပြီး လူထပ်ရွေးခဲ့ပါတယ်။ ဒီလိုနည်းနဲ့ အဆင့်ဆင့်စုဆောင်း ရွေးချယ်လာခဲ့တာ လူ ၆၀၊ ၇၀ ကျော်လောက်ဖြစ်လာတယ်။ နောက်ပြီးတော့ ရန်ကုန်နဲ့ မန္တလေးရှိ အား/ ကာ သိပ္ပံတွေကနေ ထပ်ပြီးရွေးလိုက်တော့ လူ ၁၉၀ ကျော်လောက်ရလာပါတယ်။ အခုအဲဒီ ၁၉၀ စလုံးကို Gold Camp မှာ Camp သွင်း လေ့ကျင့်ပေးနေပါတယ်။

မေး ။ ကျွန်တော်တို့နိုင်ငံအနေနဲ့ အစဉ်အလာကြီးခဲ့တဲ့ ဒီပြေးခုန်ပစ်အတွက် ပြိုင်ပွဲဘယ်နှမျိုးဝင်ဖို့ ပြင်ဆင်နေပါသလဲ။

အခု ကျွန်တော်တို့ ဆီးဂိမ်းမှာ ပြေးခုန်ပစ်ကစားနည်းပေါင်းစုံကနေ ရွှေတံဆိပ် ၄၆ခုအထိ ချီးမြှင့်မှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ထည့်သွင်းကျင်းပမယ့် အားကစားနည်း ၃၃ မျိုးမှာ ကျွန်တော်တို့ ပြေးခုန်ပစ်က ရွှေတံဆိပ် အများဆုံးချီးမြှင့်မယ့်ပြိုင်ပွဲလည်း ဖြစ်ပါတယ်။ ပြေးခုန်ပစ်မှာ အမျိုးသားပြိုင်ပွဲ ၂၁ မျိုး၊ အမျိုးသမီး ပြိုင်ပွဲ ၂၁ မျိုး၊ လမ်းလျှောက်မှာ အမျိုးသားပြိုင်ပွဲ တစ်မျိုး၊ အမျိုးသမီးပြိုင်ပွဲ တစ်မျိုး၊ မာရသွန်မှာ အမျိုးသားတစ်ဦး ပြိုင်ပွဲ တစ်မျိုး၊ အမျိုးသမီးပြိုင်ပွဲတစ်မျိုး ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံမှာ ကျင်းပတဲ့ ပြိုင်ပွဲလည်းဖြစ်၊ ကိုယ့်နိုင်ငံအနေနဲ့ အောင်မြင်ခဲ့တဲ့ ကစားနည်းလည်းဖြစ်တာကြောင့် ကျွန်တော်တို့ ကစားနည်းအစုံမှာ ဝင်ပြိုင်မှာပါ။ ဝန်ကြီးကလည်း ကစားနည်းတစ်မျိုးမှာ အနည်းဆုံး ငါးယောက်ရှိရမယ်လို့ မှချပေးထားတာမို့ အင်ပြည့်အားပြည့် ယှဉ်ပြိုင်နိုင်မှာပါ။

မေး ။ နည်းပြဆရာတွေကရော နိုင်ငံခြားသားနည်းပြတွေပဲလား။

နိုင်ငံခြားသားနည်းပြတွေရောရှိသလို သူတို့နဲ့အတူ မြန်မာနည်းပြတွေလည်း လေ့ကျင့်ပေးနေတာပါ။ တာဝေး၊ တာလတ်၊ တာတို၊ လမ်းလျှောက်၊အခုန်၊ အပစ်စတဲ့ ကစားနည်းတွေအတွက် တရုတ်နည်းပြဆရာ ခြောက်ဦးက လေ့ကျင့်ပေးနေသလို မသန်းသန်း၊ မမာမာမင်း၊ မခင်အုန်း၊ မနွဲ့နွဲ့အေး စတဲ့ မြန်မာနည်းပြတွေကလည်း လေ့ကျင့်ပေးနေပါတယ်။

မေး ။ တရုတ်နည်းပြတွေရဲ့ အရည်အချင်းက ဘယ်လိုရှိသလဲ။

သူတို့က ဒီဇင်ဘာ ၂၀ လောက်ကမှ ရောက်တာဆိုတော့ သူတို့အနေအထားကို ပြောဖို့ အချိန်တိုနေသေးတယ်ထင်တယ်။ ဒါပေမယ့် မဆိုးပါဘူးလို့ ပြောနိုင်ပါတယ်။ တာဝေးနည်းပြဆိုရင် ၁၉၈၈ ဆိုးလ်အိုလံပစ်မှာ ဝင်ပြိုင်ခဲ့တဲ့ တရုတ်နိုင်ငံ လက်ရွေးစင်ဟောင်းပါ။ နောက်ပြီး အပစ်နည်းပြသူလည်း တော်တော်လေး အဆင့်ရှိတယ်။ခြောက်ဦးလုံးက နိုင်ငံတကာအဆင့်ရှိတဲ့နည်းပြတွေပါ။

မေး ။ ဆီးဂိမ်းပြိုင်ပွဲတွေမှာ နိုင်ငံမျက်နှာပွင့်စေခဲ့တဲ့ ဆရာတို့ ပြေးခုန်ပစ်အနေနဲ့ ကိုယ့်နိုင်ငံပြိုင်ပွဲမှာ ရွှေတံဆိပ်ဘယ်လောက်နဲ့ မျက်နှာပွင့်စေနိုင်မယ်လို့ မျှော်လင့်ထားလဲ။



(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြေးခုန်ပစ်အားကစားသမားတစ်ဦး လေ့ကျင့်နေစဉ်။

အရင်ကတော့ ပြိုင်ပွဲတစ်ခုချင်းတိုင်း ကျွန်တော်တို့ ရင်ကော့ခေါင်းမော့နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကြားထဲမှာ ကျွန်တော်တို့အတွက် မျိုးဆက်ပြဿနာနဲ့ ကြီးကြီးမားမား ရင်ဆိုင်ခဲ့ရတာကိုတော့ မေ့ထားလို့မရပါဘူး။ ဒါကို မေ့ထားပြီး ပြောမယ်ဆိုရင်တော့ ကျွန်တော်တို့ မှန်းနိုင်တာက အမျိုးသားမာရသွန်၊ အမျိုးသမီး မာရသွန်လည်း မှန်းတယ်။ ဒါပေမယ့် ဒီကလေးမက လောလောဆယ်နာနေတယ်။ ပြီးတော့ အမျိုးသမီး မီတာ ၅၀၀၀ ဒါကိုလည်း မှန်းထားတယ်။ မနှစ်ကအင်ဒိုပွဲမှာ ငွေတံဆိပ်ရခဲ့တဲ့ လမ်းလျှောက်ကလေးမ သူ့ကိုလည်း မှန်းထားတယ်။ မီတာ ၃၀၀၀ အတားအဆီး ကျော်မှာလည်း မှန်းနိုင်တယ်။ အနည်းဆုံး ရွှေ လေးခုလောက်မှန်းထားပေမယ့် အခုအချိန်မှာပြောဖို့ စောပါသေးတယ်လို့ထင်တယ်။

မေး ။ အရင်လူဟောင်း အချို့ကိုလည်း ပြန်ခေါ်ထားတယ်လို့ ကြားရပါတယ်။ ဟုတ်ပါသလား။

ဟုတ်ပါတယ်။ အရင်နာမည်ကြီး လူဟောင်းတွေဖြစ်တဲ့ ပပ၊ မြင့်မြင့်အေး၊ နေအောင်၊ ကျော်ဆန်းလင်း၊ ယဉ်ယဉ်ခိုင်၊ ကေခိုင်စတဲ့ လူဟောင်းတွေကို ခေါ်ထားပါတယ်။ ကိုယ့်နိုင်ငံအိမ်ရှင်လုပ်တဲ့ ပြိုင်ပွဲမှာ အဆင့်မြင့်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူတို့တွေကို ပြန်ခေါ်ထားတာပါ။ လေ့ကျင့်ရင်း အခြေအနေကောင်းရင် ပြိုင်ပွဲမှာ သူတို့ပါဝင်ခွင့်ရမှာပါ။

မေး ။ ဒါဆိုရင် လက်ရှိ သူတို့အခြေအနေ ဘယ်လိုရှိလဲ။

သူတို့တွေဟာ အသက် ၃၀-၃၂ ဝန်းကျင်တွေဖြစ်နေပေမယ့် ဆီးဂိမ်းမှာ ရွှေရဖူးတဲ့ အတွေ့အကြုံရင့်ကျက်မှုရှိတဲ့သူ တွေပါ။ အခု သူတို့ကြိုးစားမှုတွေအရ လူသစ်တွေက သူတို့ကို ကျော်နိုင်စွမ်းမရှိသေးတာတွေ့ရတယ်။ မြင့်မြင့်အေးဆိုရင် ရန်ကုန်မာရသွန်မှာ ပထမရခဲ့တယ်။ ကျွန်တော်တို့မှာ အကောင်းဆုံး လူစာရင်းရှိနေပြီလို့တော့ ထင်တာပဲ။

မေး ။ ဆီးဂိမ်းပြင်ဆင်မှုအနေနဲ့ ပြည်ပကိုရော သွားဖို့ရှိလား။

ရှိတယ်။ ပြိုင်ပွဲဝင်တွေရော ပူးတွဲလေ့ကျင့်တာပါ၊ နှစ်မျိုးလုံး လုပ်ဖို့ရှိတယ်။ တရုတ်ပြည် ကူမင်းကိုသွားပြီး သူတို့ဆီက ကစားသမားတွေနဲ့ ပူးတွဲလေ့ကျင့်မယ်။ တရုတ်က လေ့ကျင့်ဖို့ ရက် ၉၀ ပေးထားပါတယ်။ နောက်ပြီးတော့ ထိုင်းတံခွန်စိုက်ပြိုင်ပွဲဝင်ဖို့ရှိတယ်။ အဲဒီထိုင်းပွဲက အရှေ့တောင်အာရှနိုင်ငံတွေသာမက ကိုရီးယား၊ ဂျပန်၊ တရုတ်နဲ့တရုတ်တိုင်ပေတို့လို နိုင်ငံတွေကပါ ပြိုင်မှာဆိုတော့ ဆုတံဆိပ်မှန်းချင်မှ မှန်းနိုင်ပေမယ့် စံချိန်ကောင်းအတွက် ဝင်ပြိုင်မှာပါ။ ဩဂုတ်လမှာ စင်ကာပူ အိုးပင်း၊ စက်တင်ဘာလမှာ မလေးရှားအိုးပင်းပွဲတွေရှိသေးတယ်။ အဲဒါ တွေကိုလည်း ပြိုင်မယ်။ အောက်တိုဘာလကုန်လောက်မှာတော့ ပရီဆီးဂိမ်းပြိုင်ပွဲပုံစံမျိုး အနေနဲ့ ဖိတ်ခေါ်ပြိုင်ပွဲတစ်ခု လုပ်ဖို့စီစဉ်ထားပါတယ်။

မေး ။ အရင် သန်းသန်းတို့ခေတ်၊ မာမာမင်းတို့ခေတ်လို ပြန်ဖြစ်အောင် ဘာတွေ လုပ်ရမယ်ထင်လဲ။

အဲဒီလိုခေတ်မျိုးကတော့ လွမ်းစရာခေတ်ပေါ့ဗျာ၊ အဲဒီလို ပြန်ဖြစ်အောင် လုပ်ချင်တယ်ဆိုရင် လူငယ်တွေကိုယ်တိုင် အားကစားလိုက်စားလာအောင်လုပ်ဖို့လိုသလို အားကစားလိုက်စားစရာနေရာ၊ ကွင်း၊ ပစ္စည်း၊ နည်းပြစတဲ့ ကဏ္ဍတွေကို ကျယ်ပြန့်ဖွံ့ဖြိုးအောင် လုပ်နိုင်မှသာ ဖြစ်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ အခုလို ဖြေကြားပေးတဲ့ ဆရာ့ကို ကျေးဇူးအထူးတင်ပါတယ်။ ။

စမ်းချောင်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်အာရ်စီကျောင်းဆောင်သစ် ပန္နက်တင်

ရန်ကုန် မတ် ၉

တော်ဝင် ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းမည့် စမ်းချောင်းမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်အာရ်စီကျောင်းဆောင်သစ် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပရာ ရှေးဦးစွာ တော်ဝင်ဖောင်ဒေးရှင်းဥက္ကဋ္ဌက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် အလှူရှင် တော်ဝင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေးတို့က မင်္ဂလာအချိန်တွင် သတ်မှတ်နေရာအသီးသီး၌ ပန္နက်တော်များ တင်ပေးကြသည်။

ယင်းနောက် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်သိန်း ၂၀၀ ကို တော်ဝင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေးက ပေးအပ်လှူဒါန်းရာ မနောအလှူ တေးဂီတအဖွဲ့ခေါင်းဆောင် ဒေါ်အယ်လ်ခွန်းရီက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆောက်လုပ် လှူဒါန်းမည့် ကျောင်းဆောင်သစ်မှာ အလျားပေ ၁၉၀၊ အနံပေ ၅၀ ရှိ L ပုံစံ သုံးထပ်အာရ်စီအမျိုးအစားဖြစ်ပြီး စာသင်ခန်း ၄၂ ခန်းပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးမြူရေးနှင့်နို့ထွက်ပစ္စည်း တိုးတက်ထုတ်လုပ်ရေးအတွက် မေထုန်မဲ့သားစပ်နည်းဖြင့် နို့စားနွားကောင်ရေတိုးပွားအောင်ဆောင်ရွက်

နေပြည်တော် မတ် ၁၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့မွေးမြူရေးဇုန်ရှိ လုပ်ငန်းရှင် ဦးမောင်မောင်လွင်၏ ယူနီစန်နို့စားနွား မွေးမြူရေးခြံများနှင့် နန်းဝေနို့မှုန့်စက်ရုံ၊ ညောင်လွန့် (အနောက်) ကျေးရွာရှိ ကျေးရွာအဆင့် မွေးမြူထုတ်လုပ်သူ ဦးမောင်သင်၏ ပေါင်းစည်းလယ်ယာ မွေးမြူရေးလုပ်ငန်းခွင်နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် တောမကျေးရွာရှိ လုပ်ငန်းရှင် ဦးခင်မောင်ဝင်း၏ နွားမွေးမြူရေးခြံများ၊ မြက်စိုက်ခင်းများ၊ ဆန်စက်နှင့် နို့ချက်စက်ရုံတို့ကို မတ် ၉ ရက် နံနက်ပိုင်းတွင် သွားရောက်လှည့်လည်ကြည့်ရှုပြီး မွေးမြူရေးစွမ်းဆောင်ရည်ဆု ရွေးချယ်ရေးအဖွဲ့၏ စံသတ်မှတ်ချက်များနှင့် အမှတ်ပေးဇယားများနှင့်အညီ အမှတ်ပေးရွေးချယ်ထားမှုများကို စစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယဝန်ကြီးက မွေးမြူထားသည့် တိရစ္ဆာန်ကောင်ရေများ ထပ်မံတိုးပွားအောင် ဆောင်ရွက်ရေး၊ မျိုးကောင်း မျိုးသန့်များအား ခေတ်မီနည်းစနစ်ဖြင့် မွေးမြူရေး၊ တစ်နှစ်အတွင်း ထုတ်လုပ်မှုတိုးတက်ရေး၊ ကူးစက်ရောဂါ ကင်းရှင်းစွာဖြင့် မွေးမြူထုတ်လုပ်ရေး၊ သဘာဝအခြေခံ မွေးမြူထုတ်လုပ်သည့်စနစ်ဖြင့် ဆောင်ရွက်ရေး၊ မွေးမြူရေးနည်းပညာများ ပတ်ဝန်းကျင်ကျေးရွာများသို့ နည်းပညာပြန့်ပွားအောင် ဆောင်ရွက်ရေး၊ ပေါင်းစည်းလယ်ယာ (Integrated Farming)စနစ်အား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ဝန်ကြီးဌာနမှ လိုအပ်သည့် နည်းပညာနှင့် အထောက်အပံ့များ ရရှိရေး၊ မွေးမြူရေးနှင့် နို့ထွက်ပစ္စည်းတိုးတက်ထုတ်လုပ်ရေးအတွက် မေထုန်မဲ့ သားစပ်နည်းစနစ်ဖြင့် နို့စားနွားကောင်ရေ တိုးပွားအောင် ဆောင်ရွက်နိုင်ရေး၊ မွေးမြူရေးဇုန်များတွင် မွေးမြူရေးဆောင်ရွက်ရန် အားနည်းနေသေးသည့် လုပ်ငန်းရှင်များအား လုပ်ငန်းများ အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ရေးညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးခင်မောင်အေး တပ်ကုန်းမြို့နယ် ညောင်လွန့် (အနောက်) ကျေးရွာရှိ ဦးမောင်သင်၏ ပေါင်းစည်းလယ်ယာ မွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရွှေပြည်သာ အထည်ချုပ်စက်ရုံမှ ဘော်ဒါဆောင်မီးလောင်

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂)ရပ်ကွက် မင်းလမ်းသွယ်နှင့် နွယ်သာဂီလမ်းသွယ်ထောင့် အမှတ် (၂၉/၅၆) အခန်းပေါင်း ၂၈ ခန်းပါ ရောဝတီ အထည်ချုပ်စက်ရုံကုမ္ပဏီမှ ဘော်ဒါဆောင်နှစ်ထပ်တိုက်တစ်လုံး မတ် ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါနေ့တွင် ဒေါ်ခင်စောဝင်း ၅၂ နှစ်သည် ခြင်ဆေးခွေကို ထွန်းညှိပြီး မေ့ကျန်ရစ်ကာ စက်ရုံသို့ထွက်ခွာခဲ့သည်။ ထိုမှတစ်ဆင့် ခြင်ဆေးခွေမီးသည် ကြမ်းပြင်သို့ မီးကူးစက်ရာမှ အဆောက်အအုံတစ်ခုလုံး မီးလောင်ကျွမ်းခဲ့သည်။ **(အောက်ပုံ)**

မီးလောင်ရာသို့ ဒေသခံပြည်သူများ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်တို့သည် မီးသတ်ယာဉ် ၂၆ စီး၊ ကွပ်ကဲမှုယာဉ် လေးစီး၊ မီးသတ်စက်ယာဉ်သုံးစီး၊ မိတ်ဖက်ယာဉ်တစ်စီး၊ သန္ဓေမီးသတ် ၈၀၊ အရန်မီးသတ် ၁၀၀ တို့ဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

(၁၆၆)

ပြည်ထောင်စုဖွားသွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

မြန်မာ-ဂျာမနီ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ဆက်ဆံရေး တိုးမြှင့်ဖော်ဆောင်ရေး လွှတ်တော်နှစ်ရပ်အကြား လွှတ်တော်ဆိုင်ရာများပူးပေါင်း ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မတ် ၁၀

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်မောင်ထူးအား ဂျာမနီနိုင်ငံ ဂျာမန်ဖက်ဒရယ်ပါလီမန်အမတ်နှင့် ပို့ဆောင်ရေးမူဝါဒပြောရေးဆိုခွင့်ရှိသူ Mr.Dirk Fischer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မတ် ၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် I-20 ဧည့်ခန်း၌လာရောက်တွေ့ဆုံပြီး မြန်မာ-ဂျာမနီ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးမြှင့်ဖော်ဆောင်ရေး၊ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် လွှတ်တော်နှစ်ရပ်အကြား လွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (ယာပုံ)

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးကျော်ကျော်နှင့် အမျိုးသားစီမံကိန်းရေးရာကော်မတီအဖွဲ့ဝင် ဦးစိုင်းသန့်ဇင်တို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

❀ ကျောဖုံးမှ

ကျင်းပတဲ့ ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲနဲ့ တရုတ်နိုင်ငံ ပေကျင်းမြို့မှာ ၁၉၇၅ခုနှစ်မှာ ကျင်းပခဲ့တဲ့ ၃၃နိုင်ငံ အားကစားပွဲတွေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ၁၉၆၉ ခုနှစ်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ပဉ္စမအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲမှာတော့ ရွှေတံဆိပ်သုံးခု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အဲဒီတုန်းက မီတာ ၁၀၀နဲ့ မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲတွေမှာ စံချိန်သစ်တွေ တင်နိုင်ခဲ့ပါတယ်။ လက်ဆင့်ကမ်းပြိုင်ပွဲနှစ်ပွဲမှာလည်း ရွှေတံဆိပ်တစ်ခုနဲ့ ငွေတံဆိပ်တစ်ခု ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်က တရုတ်နိုင်ငံ ပေကျင်းမြို့မှာကျင်းပတဲ့ ၃၃ နိုင်ငံအားကစားပြိုင်ပွဲမှာလည်း ရွှေတံဆိပ်ဆုငါးဆုဆွတ်ခူးနိုင်ခဲ့ပါတယ်။ ပြိုင်ပွဲတွေအနေနဲ့ကတော့ မီတာ ၁၀၀၊ မီတာ ၂၀၀၊ တစ်ဦးချင်းနဲ့ လက်ဆင့်ကမ်းပြိုင်ပွဲတွေမှာ ဖြစ်ပါတယ်။ အခြား ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲတွေမှာလည်း ဆုတံဆိပ်တွေ ဆွတ်ခူးနိုင်ခဲ့ပါတယ်။

မေး။ ။ လေးလေးနဲ့အပြိုင် ခေတ်ပြိုင်မြန်မာ့ရေကူးအားကစားသမားတွေ ရှိရင်လဲ သိပါရစေ။

ဖြေ။ ။ ရှိပါတယ်။ ကျွန်းဆွယ်အားကစားခေတ်ကဆိုရင် အောင်လှိုင်ဝင်း၊ အော်စကာသွင်နဲ့ မောင်ကြည်တို့ဟာလည်း ထင်ရှားတဲ့ရေကူးကစားသမားတွေ ဖြစ်ပါတယ်။ မောင်ကြည်က ကျွန်းဆွယ်ပြိုင်ပွဲမှာ ရင်ပေါင်တန်းပြိုင်ပွဲနဲ့ နိုင်ငံအတွက် ရွှေတံဆိပ်ဆုဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ပါတယ်။ အမျိုးသမီးထဲမှာဆိုရင် ပေါ်လီဘစန်း၊ မြမြဝင်း၊ မေရီ၊ ရှယ်လီစိုးနဲ့ မာလာတို့ဖြစ်ပါတယ်။

မေး။ ။ လေးလေးရဲ့ ရေကူးအားကစားသမားတစ်ယောက်အနေနဲ့ ခံယူချက်လေးရှိရင် သိပါရစေ။

ဖြေ။ ။ အားကစားသန္နိဋ္ဌာန်ထဲမှာ အချက်တစ်ချက်ဖြစ်တဲ့ ပြိုင်ပွဲတိုင်းမှာ အနိုင်မခံအရှုံးမပေးဘဲ တရားသောနည်းဖြင့်ယှဉ်ပြိုင်အနိုင်ယူရမယ်ဆိုတာပါပါတယ်။ မဖြစ်မနေအနိုင်ရအောင် ယှဉ်ပြိုင်မယ်ဆိုတဲ့ ပြင်းထန်တဲ့ စိတ်ဓာတ်နဲ့ ယှဉ်ပြိုင်ဖို့ပါပဲ။ ဒီစိတ်ဓာတ်ဟာ ဒီနေ့လူငယ်အားကစားမောင်မယ်တွေ ထားရှိရမယ့် စိတ်ဓာတ်ပါပဲ။ အောင်နိုင်တဲ့ စိတ်ဓာတ်ပြင်းပြဖို့ လိုပါတယ်။

မေး။ ။ အားကစားသမားတစ်ယောက်ရဲ့ ရှောင်ရန်၊ ဆောင်ရန်နဲ့ ပြုမူနေထိုင်ရမယ့်နည်းလမ်းများ ရှိရင်သိပါရစေ။

ဖြေ။ ။ အားကစားသမားတစ်ယောက်အနေနဲ့ အအိပ်အနေ၊ အစားအသောက်မှန်ရပါမယ်၊ အပျော်အပါးရှောင်ရပါမယ်၊ စံချိန်သစ်တွေချိုးနိုင်ဖို့ အမြဲလေ့ကျင့်နေဖို့လိုပါတယ်။

မေး။ ။ အားကစားသမားတစ်ဦးရဲ့ အောင်မြင်မှု ပီတိကရော ဘယ်လိုရှိပါသလဲခင်ဗျား။

ဖြေ။ ။ ပြိုင်ပွဲမှာ ဗိုလ်စွဲ ကိုယ့်နိုင်ငံရဲ့အလံတော်ကိုနိုင်ငံအများရဲ့ရှေ့မှောက်မှာ နိုင်ငံတော်သီချင်းနဲ့အတူ လွှင့်ထူလိုက်ချိန်မှာ ဘယ်ခံစားမှုနဲ့မှ တိုင်းတာလို့မရအောင် ပီတိဖြစ်ရပါတယ်။ ကိုယ့်နိုင်ငံ အလံကို အခြားနိုင်ငံတွေကပါ အလေးပြုတာဂုဏ်ယူစရာပါ။ ထီပေါက်တာ၊ စာမေးပွဲအောင်တာနဲ့ မတူပါဘူး။ ဘယ်အရာနဲ့မှ တိုင်းတာလို့မရအောင် ဝမ်းသာပီတိဖြစ်ရပါတယ်။

ထို့ကြောင့် လာမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားမောင်မယ်များအနေဖြင့် ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် နိုင်ငံဂုဏ်ဆောင်နိုင်ဖို့ ပြင်းထန်သောစိတ်ဓာတ်ထားရှိပြီး ကြိုးစားအားထုတ်အပ်ပါကြောင်း တိုက်တွန်းရပေတည်း။

(မြန်မာ့အလင်း)

ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် မြားပစ်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၁၀

၂၀၁၃ ခုနှစ် မတ် ၉ ရက်မှ မတ် ၁၅ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်နှင့် မတ် ၁၀ ရက်၌ကျင်းပမည့် အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဖြိုးကိုကို တင့်ဆန်းခေါင်းဆောင်၍ အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဦး(ဒုတိယအဖွဲ့ခေါင်းဆောင်)၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမြင့်ထွန်း (အုပ်ချုပ်သူ)၊ Mr.Lee Song Bong (နည်းပြချုပ်) ကိုရီးယား မြားပစ်နည်းပြ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲအုပ်မြတ်သူဇာမြင့် (နည်းပြ)၊ အားကစားဝန်ကြီးဌာနမှ နည်းပြ အရာရှိ ရဲမင်းဆွေ(နည်းပြ) နှင့် အားကစားသမားများဖြစ်ကြသော သင်းသင်းခိုင်၊ စန်းယုထွေး၊ သဇင်အောင်၊ အောင်ငှိမ်း၊ ယောစိမ်းယနှင့် အေးအေးသင်းတို့ပါဝင်သော အဖွဲ့ဝင် ၁၂ ဦးသည် မတ် ၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပမည့် ပထမအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်နှင့် အာရှမြားပစ်အဖွဲ့ချုပ် ကောင်စီအစည်းအဝေးသို့ တက်ရောက်ရန်ထွက်ခွာသွားသော မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အားကစားသမားများအား တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ်၊ တပို့တွဲလကွယ်(ဥပုသ်နေ့)
၁၁-၃-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၇း၄၀ International News
၈း၁၅ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၈း၃၀ တေးဂီတအစီအစဉ်
၈း၄၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ညပိုင်း

၄း၃၀ ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
၅း၁၀ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၂၅ မြန်မာစာ၊ မြန်မာစကား
၆း၀၀ ညနေခင်းသတင်း
၆း၂၀ SEA Games လှုံ့ဆော်ရေး ဇာတ်လမ်းတို **ရွှေရောင်လွှမ်းသော အနာဂတ်ဆီသို့** ဘုဏ်းသိုက်၊ ထွန်းကိုကို၊ နန်းဆုရတီစိုး (ဒါရိုက်တာ-ဂျီး)
၇း၀၀ ပြည်တွင်းသတင်း
၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုမငြီးတဲ့ချစ်သမီး** (ဒုတိယတွဲ)(အပိုင်း-၂၈)
၈း၀၀ ပြည်တွင်းသတင်း
- ပြည်သူတို့ရဲ့စကားသံများ
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- ဆောင်းမှန္တေအကူး လက္ခဏာများနှင့် မတ်လ မိုးလေဝသအခြေအနေ
- အေဝမ်းစိုးမြင့်ဝိုင်း သံစုံတူရိယာဖျော်ဖြေခန်း

၁၀း၀၀ ပြည်တွင်းသတင်း

❊ ကျောဖုံးမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စံပြစက်မှုလယ်ယာမြေစနစ်ဧက ၃၀၀၀စိုက်ကွင်းအတွင်း ဖြစ်ထွန်းအောင်မြင်နေသော ပုလဲသွယ်စပ်မျိုးစိုက်ခင်းများ၊ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ပြီး ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးထားသည့် စိုက်ခင်းများနှင့် စပ်မျိုးနေကြာသီးနှံစိုက်ခင်းများ၊ ကျားကူးအနောက်ကျေးရွာရှိ ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း၌ စိုက်ပျိုးရေးပညာရှင်များက မိဘလိုင်းများဖြင့် (F-1) မျိုးစေ့များထုတ်လုပ်ပြီး တောင်သူလယ်သမားများထံ အရောက်ဖြန့်ဖြူးနိုင်ရေး မျိုးစေ့ထုတ် စိုက်ကွင်းဆောင်ရွက်နေမှုများ၊ ချိုင်းကျေးရွာရှိ တောင်သူပညာပေးသုတေသနမြေပဲစိုက်ခင်း ၁၀ ဧက၌ ၇၄ ရက်သား သက်တမ်းတွင် မြေပဲတောင့်များ အောင်မြင်စွာစွယ်ချနေမှုများ၊ ပေါင်းစည်းလယ်ယာစိုက်ကွင်းအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်လုပ်ဆောင်ထားသည့် ငှက်ပျောစိုက်ခင်း၊ နို့စားနွားများအတွက် မြက်သုတေသနစိုက်ခင်း၊ ဖရီရှန် နို့စားနွားမွေးမြူရေးခြံ၊ ဆန်စပါးအခြောက်ခံစက်နှင့် သိုလှောင်ရုံများ၊ နေပြည်တော်ကောင်စီနယ်မြေတွင်အသုံးပြုမည့် ကိုရီးယားနိုင်ငံထုတ် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ သိုလှောင်ထားသောအဆောက်အအုံ၌ ဘက်စုံသုံး ရိတ်သိမ်းခြွေလှေ့စက်များ၊ စက်ကိရိယာအမျိုးမျိုးနှင့် တွဲဖက်အသုံးပြုနိုင်သည့် လက်တွန်းထွန်စက်များကို ကြည့်ရှုလေ့လာကြသည်။

စိုက်ကွင်းများသို့ ကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်ကာလအခြေအနေအရ ဝမ်းစာအတွက် ပညာရပ်များစွာဆည်းပူးရန် အခွင့်အလမ်းများစွာရှိပါလျက် နိုင်ငံတော်အတွက် အရေးကြီးသော စိုက်ပျိုးရေးပညာရပ်ကို သင်ယူကြသည့် စိုက်ပျိုးရေးသိပ္ပံ ကျောင်းသားကျောင်းသူများသည် တိုင်းပြည်အတွက် စံနမူနာပြုထိုက်သော သား၊ သမီးကောင်းရတနာ ပီသစွာဖြင့် ကျင့်ကြံနေထိုင်ကြပြီး မိမိတို့လေ့လာသင်ယူကြရမည့် စိုက်ပျိုးရေးဘာသာရပ်အသီးသီးကို စာတွေ့ လက်တွေ့ကျွမ်းကျင်တတ်မြောက်အောင်သင်ယူကြပြီး နိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားများ အကျိုးအတွက် ထိထိရောက်ရောက်အသုံးချနိုင်ရေး ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

(သတင်းစဉ်)

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် သစ်တောသယံဇာတ အရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရန် ထိန်းသိမ်းစောင့်ရှောက်နေသကဲ့သို့ တရားမဝင်သစ်ဖမ်းဆီးခြင်း လုပ်ငန်းများကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျားတွင်းရေကျေးရွာ အနောက်ဘက်၌ တရားမဝင်တမလန်း ၀ ဒသမ ၈၆၂၆ တန်တင်ဆောင်လာသည့် ထော်လာဂျီတစ်စီးနှင့်အတူ ယာဉ်မောင်း အောင်မျိုးဝင်းနှင့် အထက်ပါနေရာအနီးမှ တရားမဝင် ပိတောက်/တမလန်းသစ် ၁၁ ဒသမ ၃၄၉၈ တန်တင်ဆောင်ထားသည့် ယာဉ်အမှတ် ၈စ/---- နှင့်အတူ ယာဉ်မောင်း ဦးထွန်းခိုင်တို့အား ဖမ်းဆီးရမိသည်။

ထို့အတူ ဖေဖော်ဝါရီ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၂/၆ ၌ တရားမဝင်ကျွန်းခွဲသား ၅ ဒသမ ၄၀၈၂ တန် သယ်ဆောင်လာသည့် မှန်လုံလူစီးယာဉ် ၄ခ/----နှင့်အတူ ယာဉ်မောင်း ဦးတင်အောင်မိုး အပိုင်(၁၀)ဝါယာလက် မင်္ဂလာဒုံမြို့နယ်အားလည်းကောင်း၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် မှော်ဘီမြို့နယ် အမှတ်(၄)လမ်းဆုံသစ်နှင့် သစ်တောထွက်ပစ္စည်း စစ်ဆေးရေးစခန်း၌ တရားမဝင်မီးသွေး ၂၇ ဒသမ ၅၂ တန် သယ်ဆောင်လာသည့် ၆ခ/---- ကားတစ်စီးနှင့်အတူ ယာဉ်မောင်း ဦးထွန်းထွန်းလင်း မြို့ဟောင်းအမှတ်(၁)ရပ်ကွက် မကွေးမြို့၊ မီးသွေး/ယာဉ်ပိုင်ရှင် ဦးအောင်ဆန်းဝင်း အမှတ်(၂၃၆) ရွာသစ်(၁၇)လမ်း မကွေးမြို့တို့အား လည်းကောင်း ဖမ်းဆီးရမိပြီး ရန်ကုန်-ပြည် ကားလမ်းဘေး မိုင်တိုင်အမှတ်၄၂/၂၌ ကောင်းမှုခွဲသား ၀ ဒသမ ၅၀၄ တန်နှင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် လှည်းကူးမြို့နယ် ပေါင်းလင်းကြိုးဝိုင်း အကွက်အမှတ်(၂၁)၌ အခြားသားလုံးထင်း ၁၄ ဒသမ ၂၅၆ တန်တို့ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိသည်။

အလားတူ ဖေဖော်ဝါရီ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်ကျေးရွာ၌ တရားမဝင်အခြားသားထင်း ၁ ဒသမ ၁၈၈ တန်၊ သစ်စက်အင်ဂျင်တစ်လုံး၊ လွှဝိုင်းတစ်ဝိုင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဦးခင်မောင်ရီ တာပွန်ကျေးရွာအားလည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ဒိုက်ဦးမြို့နယ် ဖအောင်ဝဲကျေးရွာရှိ သတင်းပေးတိုင်ကြားချက်ပါ နေရာငါးခုမှ တရားမဝင်လိုင်စင်မဲ့ သစ်စက်ငါးလုံးနှင့် ဆက်စပ်ပစ္စည်းများ၊ တရားမဝင်အခြားခွဲသား/သစ်လုံး ၁၈ ဒသမ ၈၄၇၄ တန်အား ပိုင်ရှင်ငါးဦးနှင့်အတူ ဖမ်းဆီးရမိပြီးဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၃ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ဘောမိနှင့် မကျီးဇင်ကျေးရွာ တစ်ဝိုက်မှ တရားမဝင် အခြားသား ၁၃ ဒသမ ၅၂၆၆ တန်အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိသည်။

ထို့အတူ ဖေဖော်ဝါရီ ၂၈ ရက်တွင် ရှမ်းပြည်နယ်(လားရှိုး) နမ့်တူမြို့နယ် မော်လုံကျေးရွာနှင့် နမ့်လန်းကျေးရွာတို့အနီးမှ တရားမဝင်ပိတောက်၊ တမလန်း သစ် ၁၈ ဒသမ ၁၁၈ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိပြီး မတ် ၁ ရက်တွင် မဘိမ်းမြို့နယ် နမ့်ပုံးပုံးရွာအထွက်၌ တရားမဝင်ပိတောက်သစ် ၁ဒသမ ၈၆၄ တန် သယ်ဆောင်လာသည့်သရီးကရောင်း ယာဉ်တစ်စီးနှင့်အတူ ဦးကျော်မြင့်အား ဖမ်းဆီးရမိသည်။

အလားတူ မတ် ၃ ရက်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ခူးလီ- နန့်လှိုင်လမ်းဘေး မလူလာကျေးရွာအနီး ရွာအပြင်တောစပ်မှ တရားမဝင်ကျွန်းခွဲသား ၂ ဒသမ ၁၆၂ တန်နှင့်အတူ ဟိုင်းလတ်ယာဉ်တစ်စီးနှင့် ရွာအဝင် တောစပ်တွင် တရားမဝင်ကျွန်းခွဲသား ၂၁ ဒသမ ၂၆၉ တန်တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည်။

ထို့အတူ မတ် ၃ ရက်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် တူးချောင်းရွာ၌ တရားမဝင် တမလန်းသစ် ၃ ဒသမ ၇၇၉၆ တန် တင်ဆောင်ထားသည့် ပွဲထောင် စက်လှေတစ်စင်းနှင့်အတူ ဦးကျော်နိုင်ထွန်း ကသာမြို့၊ ဦးမျိုးမင်းထွန်း ထီးချိုင့်မြို့တို့အားလည်းကောင်း၊ မြို့မရေဆိပ်တွင် တရားမဝင် တမလန်းခားရွေ ၀ ဒသမ ၅၆ တန် တင်ဆောင်ထားသည့် ပွဲထောင်စက်လှေတစ်စင်းနှင့်အတူ ဦးသန်းထွေးနှင့် ဦးတင်ထွန်း ဗန်းမော်မြို့တို့အားလည်းကောင်း၊ ရေပုံလေးရွာ၌ တရားမဝင် တမလန်းခားရွေ ၀ ဒသမ ၃၂၃၄ တန်တင်ဆောင်ထားသည့် ပွဲထောင်စက်လှေတစ်စင်း၊ ဆိုင်ကယ်တစ်စီးနှင့်အတူ ဦးခိုင်ဇော် ကသာမြို့အား လည်းကောင်း၊ မြို့မရေဆိပ်၌ တရားမဝင် တမလန်းခားရွေ ၂ ဒသမ ၇၂၆ တန် တင်ဆောင်ထားသည့် ပွဲထောင်စက်လှေတစ်စင်းနှင့်အတူ မကေသွယ်စိုး၊ မစန္ဒာဝင်း၊ ဦးလင်းလင်းစိုး၊ ဦးအောင်ဆန်းမင်းနှင့် ဦးအောင်ကိုဝင်း ကသာမြို့၊ ဦးကျော်သန်း ဗန်းမော်မြို့တို့အားလည်းကောင်း ဖမ်းဆီးရမိသည်။

အလားတူ မတ် ၄ ရက်မှ ၅ ရက်အထိ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အတွင်းမှ ထော်လာဂျီသုံးစီး၊ တရားခံတစ်ဦး၊ တရားမဝင်သစ်စက် အလုံး၂၀၊ လိုင်စင်စည်းကမ်းဖောက်ဖျက် သစ်စက် ၁၁လုံး၊ တရားမဝင် သစ်မာ/အခြားသား လုံး/ခွဲသား/ တိုင်/မျော ၆၉ ဒသမ ၆၄၈၄ တန်ကိုလည်းကောင်း၊ မတ် ၆ ရက်တွင် ကျောက်ဆည်မြို့နယ်နှင့် ရွာငံမြို့နယ် အတွင်း တရားမဝင်သစ်စက်ငါးလုံး၊ ထော်လာဂျီတစ်စီး၊ ချိန်းစောတစ်လုံး၊ တရားခံနှစ်ဦးနှင့် တရားမဝင် ကျွန်း၊ သစ်မာ၊ အခြားသားသစ်လုံး/ ခွဲသား/ ခားရွေ စုစုပေါင်း ၅၀ ဒသမ ၃၅၇၈တန် တို့အားလည်းကောင်း ဖမ်းဆီးရမိသည်။

ထို့အတူ မတ် ၅ ရက်တွင် ချင်းပြည်နယ် တီးတိန်မြို့နယ် နေချင်စရာကြိုးပြင်ကာကွယ်တောအတွင်း၌ တရား မဝင်ကျွန်း သစ်လုံး ၃ ဒသမ ၇၀၈ တန်၊ အခြားသား သစ်လုံး ၁၁ ဒသမ ၇၈၃ တန် ၊ ပျဉ်းကတိုး/အင်ကြင်းသစ်လုံး ၄ ဒသမ ၈၀၈ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိပြီး မတ် ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အောက်ကိုင်းအုပ်စု ကွင်းကျယ်ကျေးရွာ သုသာန်၌ တရားမဝင် အခြားသား ၁ ဒသမ ၅၆၇၈တန်၊ သစ်စက်အင်ဂျင်တစ်လုံး၊ လွှဝိုင်းတစ်ဝိုင်း၊ ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိပြီး ပိုင်ရှင် ဦးလှမင်းနိုင်၊ လမ်းမတန်း မိတ္ထီလာမြို့မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ အဆိုပါဖြစ်စဉ်များနှင့် သက်ဆိုင်သူများအား သစ်တောဥပဒေအရ အရေးယူထားကြောင်းနှင့် သက်ဆိုင်ရာ မြို့နယ်တရားရုံးများတွင် တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

လောကနန္ဒာစွယ်တော်မြတ်စေတီတွင် တင်လှူမည့်စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်များအား ပင့်ဆောင်

ညောင်ဦး မတ် ၁၀

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စွယ်တော်လေးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သည့် လောကနန္ဒာစွယ်တော်မြတ် စေတီတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ရတနာကြုတ်တော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်၊ ဖွန်းဘုံတော်များကို ရန်ကုန်မြို့မှ Asian Wings လေကြောင်းလိုင်းဖြင့် ပင့်ဆောင်ခဲ့ရာ ပုဂံညောင်ဦးလေဆိပ်သို့ မတ် ၈ ရက် နံနက် ၈ နာရီ မိနစ် ၂၀ က အပူဇော်ခံရောက်ရှိခဲ့သည်။

ထို့နောက်ပုဂံညောင်ဦးလေဆိပ်မှ လောကနန္ဒာဘုရားသို့ ပင့်ဆောင်ကြရာတွင် ဩဝါဒါစရိယ ဆရာတော်များ၊ ညောင်ဦးခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့များက ဦးဆောင်ကာ နိဗ္ဗာန်ဆော်အဖွဲ့၊ စည်တော်အဖွဲ့၊ ဝတ်အသင်းများ၊ ပုဂံအထက ကျောင်းသား ကျောင်းသူများက ပုဂံဝန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကြိုဆိုပင့်ဆောင်ခဲ့ကြသည်။ ပုဂံညောင်ဦးလေဆိပ်မှ ညောင်ဦးမြို့မဏ်စည်သူဈေး ထိုမှတစ်ဆင့် ညောင်ဦး-ပုဂံလမ်းအတိုင်း ပြည်သူများ ကြည်ညိုပူဇော်နိုင်ရန် ပင့်ဆောင်ခဲ့ကြရာ လောကနန္ဒာစေတီတော်မြတ်ကြီးသို့ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရောက်ရှိခဲ့သည်။ ထို့နောက် စိန်ဖူးတော်နှင့် ရတနာကြုတ်တော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ဖွန်းဘုံတော်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပင့်ဆောင်သယ်ယူ၍ လောကနန္ဒာစေတီတော်မြတ်ကြီးကို လက်ျာရစ်သုံးကြိမ်ပတ်၍ ပူဇော်ခဲ့ကြပြီး ယာယီမဏ္ဍပ်အတွင်းသို့ အပူဇော်ခံထားရှိခဲ့ကြသည်။

ယင်းစိန်ဖူးတော်နှင့် ရတနာကြုတ်တော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်၊ ဖွန်းဘုံတော်များကို ရန်ကုန်မြို့ရှိ ပန်းပဲပညာရှင်များက ပုံသွင်းပြုလုပ်ထားပြီး ရွှေတိဂုံစေတီတော်ရှိ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့နှင့် ပုံစံတူ ဖြစ်ကြောင်း၊ ရွှေစင်ရွှေသားအစစ်ဖြင့် ပြုလုပ်ထားခြင်း ဖြစ်ကြောင်း၊ အများပြည်သူနှင့် အလှူရှင်အချို့၏ ကောင်းမှုဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် (တပေါင်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ခရိုင်(ပြန်/ဆက်)

အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) သက်တမ်းအလိုက် စစ်တုရင်ဖိတ်ခေါ်ပြိုင်ပွဲကျင်းပ

မန္တလေး မတ် ၁၀

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)နှင့် မန္တလေးတိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီတို့ ပူးပေါင်း၍ ကြီးမှူးကျင်းပသည့် ၂၀၁၂-၂၀၁၃ခုနှစ် ပညာသင်နှစ် သက်တမ်းအလိုက် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ဖိတ်ခေါ်ပြိုင်ပွဲကို မတ် ၆ရက် နံနက် ၉နာရီခွဲက အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ပင်မသုံးထပ်ဆောင်အသစ်ခန်းမ၌ ကျင်းပရာ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး စစ်တုရင်ပြိုင်ပွဲကို အကွက်ရွှေ့၍ စတင်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) မှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီမှ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲကြီးကြပ်သူများ၊ ဒိုင်လူကြီးများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)မှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ ၊ မန္တလေးတိုင်းဒေသကြီး ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **မြင့်နိုင်(အား/ကာ)**

ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ မန္တလေးကုန်သည်/စက်မှုနှင့် အကျိုးတူလုပ်ကိုင်

မန္တလေး မတ် ၁၀

မန္တလေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းနှင့် ထိုင်းနိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးဌာနတို့ပူးပေါင်း၍ Business Matching ကို မတ် ၇ရက် နံနက် ၉နာရီက Mandalay Hill Resort Hotel ၌ ကျင်းပရာမန္တလေးတိုင်းဒေသကြီးကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ ကုမ္ပဏီ ၂၆ ခုမှ လာရောက်၍ အကျိုးတူလုပ်ဆောင်ခြင်းကိုပြောကြားခဲ့သည်။ဆက်လက်၍ ထိုင်းနိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးဌာန Assistant Director-General Mr.Matyaw Ongse Amatyakul မှ ယခုရောက်ရှိလာသော စီးပွားရေးကုမ္ပဏီ ၂၆ ခုမှ ကုန်ချောပစ္စည်းများ ထုတ်လုပ်ရန်အဓိကလိုအပ်သောပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ စက်ပစ္စည်းသုံး ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများကို ကိုယ်စားလှယ်ယူလိုသူများအား အခွင့်အရေးရစေရန်နှင့် ထိုင်းနိုင်ငံမှ ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံလိုသူများရှိပါက မိမိစိတ်ကြိုက် ပြုလုပ်နိုင်ရန် ရည်ရွယ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ **(ကျော်ထူး)**

ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာသမားများ တွေ့ဆုံပွဲပြုလုပ်

ပခုက္ကူ မတ် ၁၀

ပွင့်လင်းမြင်သာသော ယနေ့ခေတ်တွင် ဌာနဆိုင်ရာများနှင့်မီဒီယာများ ရင်းနှီးနွေးထွေးစွာ ဆုံတွေ့မှုများ ရှိလာပါပြီ။ သက်ဆိုင်ရာဌာနများမှလည်း မီဒီယာများကို တလေးတစား ကြိုဆိုဖော်ရွေမှုများဖြင့် သတင်းထုတ်ပြန်မှုများ ရှိလာသည်။ မတ် ၅ ရက် ညနေပိုင်းက ပခုက္ကူမြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ ရဲအုပ်အောင်နိုင်မိုးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် ပခုက္ကူမြို့ ဌာနေသတင်းမီဒီယာများနှင့်ရင်းနှီးပွင့်လင်းစွာ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများ ဆွေးနွေးခဲ့သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မကွေးတိုင်းဒေသကြီးဥက္ကဋ္ဌ ဒေါက်တာသက်လွင်ရဲ့ သပြေညိုခြံမှာ ပြုလုပ်တာပါ။ ယာဉ်ထိန်းတပ်ဖွဲ့မှူးနဲ့လည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးကြပါတယ်။ ပခုက္ကူမြို့ရဲ့ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းအခြေအနေများကို အဓိကထားဆွေးနွေးကြပါတယ်" ဟု ပခုက္ကူသတင်းစာဆရာတစ်ဦးက ပြောကြားသည်။ မြန်မာနိုင်ငံ ယာဉ်ထိန်းတပ်ဖွဲ့ (ပခုက္ကူ)နှင့် ပခုက္ကူမီဒီယာသမားများသည် ပခုက္ကူတက္ကသိုလ်အနီးသပြေညိုခြံတွင် မတ် ၈ ရက် ညနေ ၆ နာရီက ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံခဲ့ပြီး ည ၉ နာရီတွင် တွေ့ဆုံမိတ်ဆက်ပွဲ အခမ်းအနားအောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရသည်။ **နေဦးမောင်(ပခုက္ကူ)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ဗန်းမောက် မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ရဲတပ်ဖွဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဒုရဲအုပ် အောင်ဇော်နှင့် ရဲတပ်သား ဝေယံဦး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ခွဲမှူးဦးထွန်းမြင့်၊ ဦးစိုးလွင်တို့သည် မတ် ၄ ရက် နံနက် ၉ နာရီခွဲတွင် ဗန်းမောက်မြို့နယ်နားယကာ ကျေးရွာဓမ္မာရုံ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ ဟောပြောသည်။ အဆိုပါ ဟောပြောပွဲသို့ ပြည်သူ ၅၀၊ ကျောင်းသား ကျောင်းသူ ၂၀ စုစုပေါင်း ၇၀ တက်ရောက်ခဲ့ကြသည်။ ယခုအခါတွင် ဗန်းမောက်မြို့နယ်အတွင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို ကျေးရွာအရောက်စေတနာ သန့်သန့်နှင့် သက်ဆိုင်ရာက ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

သန်းမောင်လေး(ကချင်မြေ)

ပခုက္ကူဒေသ ပဲမျိုးစုံလှိုင်လှိုင်ပေါ် ပွဲရုံအလုပ်သမားများ ဝင်ငွေကောင်း

ပခုက္ကူ မတ် ၁၀

ပခုက္ကူဒေသတွင်ပဲမျိုးစုံ လှိုင်လှိုင်ပေါ်၍ ပွဲရုံအလုပ်သမားများဝင်ငွေကောင်းနေကြောင်း သိရသည်။ မတ် ၇ ရက် ပခုက္ကူကုန်စည်ဒိုင်သတင်းအရ ပဲဆီသန့် ၃၄၅၀၊ ၃၅၀၀၊ နှမ်းဆီသန့် တစ်ပိဿာ ၄၁၀၀၊ ၄၁၅၀၊ စားဆီ-၁၄၈၅၊ ၁၄၉၀၊ နှမ်းဖတ်တစ်ပိဿာ ၁၀၁၀၊ ပဲဖတ် ၈၀၀၊ ၈၁၀၊ နှမ်းဖြူ (ရှယ်)တစ်တင်း ၄၀၀၀၀၊ ၄၁၀၀၀၊ နှမ်းနက် ၃၇၃၀၀၊ နှမ်းဝါ(ပြင်) ၃၈၀၀၀၊ နှမ်းညို ၃၆၀၀၀၊ မြေပဲလုံးဆန်(M-12) ၁၈၀၀-၁၈၂၅-၁၈၅၀၊ (S_1)လုံးဆန် ၁၇၅၀-၁၈၀၀၊ (S_1) ဆီဆန်-တစ်ပိဿာ ၁၇၅၀-၁၈၀၀၊ ပြန့်ဆီဆန်-၁၇၀၀- ၁၇၅၀၊ ပြောင်းထွက်တိုးဖြူ တစ်တင်း ၇၃၀၀၊ ပြောင်းထွက်တိုးနီ ၁၀၇၀၀၊ ပဲစင်းငုံနီသစ် ၂၀၃၀၀၊ အဟောင်း ၁၉၃၀၀၊ HL ကုလားပဲ ၁၇၀၀၀၊ V2 ကုလားပဲ ၁၇၂၀၀၊ 929 ကုလားပဲ ၁၆၅၀၀၊ V6 ကုလားပဲ ၁၆၇၀၀၊ ပဲယင်း (မြစ်ခြေ) ၁၁၃၀၀၊ ပဲဇီးကွက် ၁၃၆၀၀၊ စွန်တာ (ယော) ၁၃၀၀၀၊ စွန်တာ (ကုန်း) ၁၂၅၀၀၊ ထောပြူ (ကျွန်း) ၁၃၈၀၀၊ ထောပြူ (ယော) ၁၄၃၀၀၊ ထန်းလျက်သေး/ကြီး တစ်ပိဿာ ၅၈၀၊ မန်ကျည်းသစ် ၅၉၅၊ သီးတစ်တင်း ၂၇၀၀၊ ၂၈၀၀၊ ကြက်သွန်နီ သေးတစ်ပိဿာ ၂၀၀၊ ၂၅၀၊ လတ် ၃၁၅၊ ၃၃၀၊ ၃၄၀၊ ကြီး ၃၅၀၊ ၃၇၅၊ ကြက်သွန်ဖြူ သေး ၂၀၀၊ ၃၀၀၊ လတ် ၆၀၀၊ ၇၀၀၊ ကြီး ၈၀၀၊ ၈၂၅၊ အာလူးသေး ၂၀၀၊ ၃၅၀၊ လတ် ၄၅၀၊ ၄၈၅၊ ကြီး ၅၅၀၊ ၅၇၅ ၊ ငရုတ်ကျွန်းရှည် တစ်တင်း ၁၅၀၀၊ ငရုတ်ပွကုန်း တစ်တင်း ၁၇၀၀၊ ငရုတ်အစို တစ်တင်း ၂၂၀၀၊ ဈေးများနှင့်အရောင်းအဝယ်ဖြစ်နေကြသည်။" ပဲစင်းငုံထွက်အားက ယခင် နှစ်တွေကဆိုတစ်ခရိုင်လုံး တင်းငါးသိန်းဝန်းကျင်ထွက်ပါတယ်။ သည်နှစ်ကတော့ မိုးမကောင်းလို့ သုံးချိုး တစ်ချိုးပဲ ထွက်မယ်ထင်တယ်"ဟု ကုန်သည် ကြီးတစ်ဦးက ပြောသည်။

နေဦးမောင် (ပခုက္ကူ)

ပျဉ်းမနားမြို့တွင် မီးအားထိန်းစက် (UPS) အပူချိန်လွန်ကဲကာ မီးလောင်မှု ဖြစ်ပွား

ပျဉ်းမနား မတ် ၁၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပေါင်းလောင်း (၃) ရပ်ကွက်တွင် ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မတ် ၆ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က ပျဉ်းမနားမြို့ ပေါင်းလောင်း (၃)ရပ်ကွက် ရာဇဌာနီလမ်းမကြီးဘေး အမှတ် ၁၅/၁၁၈၈ နေ ဇော်ထက်ဦး (၃၀)နှစ် အရောင်းကြီးကြပ် (SuperVisor)၏ CANON မိတ္တူဆက်စပ်ပစ္စည်းနှင့် ရုံးသုံးပစ္စည်းရောင်းဝယ်ရေးဆိုင် အပေါ်ထပ်ရုံးခန်း အတွင်းရှိ မီးအားထိန်းစက် (UPS) ဘောက်မှ အပူချိန်လွန်ကဲကာ ဝိုင်ယာရှော့ခ် ဖြစ်ပြီး ဆိုင်အတွင်းမှ ကွန်ပျူတာများ၊ ဆက်စပ်ပစ္စည်းများ၊ ရုံးသုံး စာရွက် စာတမ်းများနှင့် အပေါ်မျက်နှာကြက်ကို မီးစွဲလောင်ကျွမ်းခဲ့ရာ ကာလတန်ဖိုး ကျပ်ငါးသိန်းခန့် ဆုံးရှုံးခဲ့သည်။

စစ်ဆေး

အခင်းဖြစ်ပွားရာသို့ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားတာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ နေပြည်တော်မီးသတ်တပ်ဖွဲ့မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ရဲသူရိန်ကိုကိုစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်တို့ ရောက်ရှိပြီး မီးသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် လျှပ်စစ်မီးကို ပေါ့ဆစွာ သုံးစွဲသူ ဆိုင်အရောင်းကြီးကြပ်ဇော်ထက်ဦးအား အရေးယူပေးပါရန် ဒုရဲအုပ် မျိုးမြင့်ဦးက တိုင်တန်းသဖြင့် ပျဉ်းမနားရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ဇီဝမျိုးတွေကြွယ်စေဖို့ သဘာဝတောတွေ ကာကွယ်စို့

သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် ကန်သုံးဆင့်ကန် ပြန်လည်တူးဖော်

မိတ္ထီလာ မတ် ၁၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့ ကြွယ်ကန်ကျေးရွာအုပ်စု ကြွယ်ကန်ကျေးရွာ ဒေသခံများ သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် မှီခိုအားထားနေသည့် ကန်သုံးဆင့်ကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ပြန်လည်တူးဖော်နေကြောင်း သိရသည်။

"ကြွယ်ကန်ကျေးရွာဒေသခံတွေက ကန်သုံးဆင့်ကန်ကောပြီး ပျောက်ကွယ်နေတာကို ပြန်လည်တူးဖော်ချင်နေတာ ကြာပြီ၊ ကျေးရွာ အတွက် သောက်သုံးရေကို အဓိက အားကိုးနေရတဲ့ အများသုံးရေကန်ဆိုလို့ ဒီကန်တစ်ခုတည်းရှိတာ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှာ ကြွယ်ကန်ကျေးရွာက ကန်သုံးဆင့်ကန် ပြန်လည်တူးဖော်ဖို့အတွက် ငွေကျပ် ၂၄ သိန်းခွင့်ပြုခဲ့ပြီး ကျေးရွာဒေသခံတွေအနေနဲ့ ငွေကျပ် နှစ်သိန်း၊ လုပ်အားတန်ဖိုး ငွေကျပ် နှစ်သိန်းနဲ့ လိုအပ်တဲ့ ပစ္စည်းအတွက် တစ်သိန်းအားလုံးကျပ်ငါးသိန်း ပါဝင်ကြပါတယ်"ဟု ကန်ပြန်လည်တူးဖော်ရေး တာဝန်ရှိသူတစ်ဦးဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဒုတိယဦးစီးမှူး ဦးမျိုးသိုက်ထွန်းကပြောပြကြားသည်။

ကြွယ်ကန်ကျေးရွာသည် အိမ်ခြေ ၂၂၅ အိမ်၊ အိမ်ထောင်စု ၂၅၀ ခန့်နှင့် ဒေသခံလူဦးရေ ၁၅၀၀ ကျော်နေထိုင်သည့် ကျေးရွာအုပ်စုကြီးတစ်ခုဖြစ်ပြီး မြို့နှင့်လမ်းပန်းဆက်သွယ်ရေး ဝေးကွာလွန်းသည့် နေရာတွင် တည်ရှိသည်။ ပြန်လည်တူးဖော်သည့် ကန်သုံးဆင့်ကန်မှ ကန်ရေကိုအဓိကသောက်သုံးရေအတွက် အသုံးပြုပြီး စိုက်ပျိုးရေးအတွက်လည်း အသုံးချနိုင်ရာ ဧက ၃၀ ကျော်ကို အကျိုးပြုနိုင်ကြောင်း သိရသည်။

"အရင်တုန်းကကျေးရွာအတွက် အဓိကကျတဲ့ သောက်သုံးရေ ပိုမိုရရှိရေးနဲ့ စိုက်ပျိုးရေသိုလှောင် အသုံးပြုနိုင်ရေးအတွက် ကန်သုံးဆင့်ကန် ပြန်လည်တူးဖော်ပေးတော့ ဒေသခံတွေအနေနဲ့လည်း ဝမ်းသာပျော်ရွှင်ကြပါတယ်"ဟု ကြွယ်ကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရှိန်က ပြောကြားသည်။

ကန်သုံးဆင့်ကန်အား ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ရက်သတ္တပတ်တစ်ပတ်ခန့်ဖြင့် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကာ ပြန်လည်တူးဖော်ပြီးပါက ကန်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြမည်ဖြစ်ကြောင်း သိရှိရသည်။ (၄၃၅)

ပြည်တွင်းသတင်း

ပထမအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၀

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မတ် ၆ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကွယ်လွန်ခြင်းနှင့် ပတ်သက်ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းတင်ခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆို(၂)ခုတင်သွင်းခြင်းနှင့်ထောက်ခံဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၂)ခုကို တင်သွင်းခြင်း၊ ဖတ်ကြားရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးမည့်ရက် သတ်မှတ်ကြေညာခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် ကြေညာခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ(၂)နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အသက် ၇၀ ကျော်အဘိုးအို ပိုးသတ်ဆေးသောက်သဖြင့် သေဆုံးမှုဖြစ်ပွား

ကြံခင်း မတ် ၁၀

အသက် ၇၃ နှစ်အရွယ်ရှိ အဘိုးအိုတစ်ဦး ပိုးသတ်ဆေးဟု ယူဆရသော ဆေးရည်များ သောက်သုံး၍ သေဆုံးသွားသောဖြစ်ရပ်တစ်ခု မတ် ၇ ရက်မွန်းလွဲ ၁၂ နာရီ ခွဲခန့်က ကြံခင်းပြည်သူ့ဆေးရုံတွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကြံခင်းမြို့ ရွာသစ်ရပ်ကွက် မဟာဗောဂလမ်းနေ ဦးသိန်းအောင် ၇၃ နှစ်သည် မတ် ၇ ရက် နံနက် ၉ နာရီခန့်က နေအိမ်အတွင်း သတိလစ်လဲ ကျနေ သည်ကို ဈေးရောင်းရာမှ ပြန်လာသည့် မြေးဖြစ်သူကတွေ့ရှိသဖြင့် အိမ်နီးချင်းများ၏ အကူအညီဖြင့် ကြံခင်းပြည်သူ့ဆေးရုံသို့ ပို့၍ဆေးကုသမှုခံယူသော်လည်း မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် သေဆုံးသွားကြောင်း သိရသည်။ ယင်းဖြစ်စဉ်ကို မြို့နယ်ဆရာဝန် ဒေါက်တာဇော်အောင်က ကြံခင်း ရဲစခန်းသို့ ဖုန်းသတင်းပေးပို့ချက်အရ တာဝန်မှူး ဒုရဲအုပ်မြတ်သူနှင့် အဖွဲ့က သေဆုံးသူဦးသိန်းအောင်ကို ရင်ခွဲစစ်ဆေးမှု ဆေးမှတ်တမ်းရယူ၍ သေမှုသေခင်းအရ အမှုဖွင့်ဆောင် ရွက်လျက်ရှိသည်။

(ဝဇဖ)

ဆိုင်ကယ်နှစ်စီးနှင့်ကား တိုက်မှုဖြစ်ပွား

ထားဝယ် မတ် ၁၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရှမ္ဗလည်ဆွဲရပ် အာဇာနည်လမ်း ထားဝယ်ပညာရေးကောလိပ် ရှေ့တွင် မတ် ၄ရက်နံနက် ၈နာရီ မိနစ်၅၀က ဦးကျော်ရှိန် မောင်းနှင်လာသော ယာဉ်အမှတ် ၈ဆ/ . . . HIACE SUPER CUSTON ယာဉ်နှင့် ဦးအောင်ဆန်း စီးနင်းလာသော ဆိုင်ကယ်အမှတ် ၁ယ/ . . . စူပါကပ်၊ ဗညား(ခ) ရှမ်းလေး စီးနင်းလာသော ဆိုင်ကယ်အမှတ် ၂၄ယ/. . . ဝေ့(ဗ) ၁၁၀ တို့ တိုက်မိမှုဖြစ်ပွားသည်။

ဆိုင်ကယ်စီးနင်းလာသော ဦးအောင်ဆန်း ၆၅ နှစ်သည် ပွဲချင်းပြီး သေဆုံးပြီး ဗညား(ခ) ရှမ်းလေးသည်။ ရရှိဒဏ်ရာဖြင့် ထားဝယ်ဆေးရုံ၌ အတွင်း လူနာအဖြစ် တက်ရောက်ကုသလျက်ရှိသည်။

ယာဉ်တိုက်မှုကို ထားဝယ်ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၈၅၂)

ပုသိမ်၌ ငါးနိုင်အဆောက်အအုံမီးလောင်

ပုသိမ် မတ် ၁၀

ပုသိမ်မြို့ အမှတ် (၇) ရပ်ကွက် မာတကမ်းနားလမ်းရှိ တိုးရတနာ ငါးပုစွန် ရောင်းဝယ်ရေးဒိုင် အဆောက်အအုံတွင် မတ် ၂ ရက် မွန်းလွဲ ၁ နာရီခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း မြို့နယ်မီးသတ် ဦးစီးဌာနမှ တပ်ကြပ်ကြီးမောင်မောင်တင်နှင့် အဖွဲ့က မီးသတ်ယာဉ်များဖြင့် သွားရောက်မီးငြိမ်းသတ်ရာတွင် သွပ်မိုး ပျဉ်ကာ၊ ပျဉ်ခင်းအဆောက်အအုံတစ်လုံး တန်ဖိုး ငွေကျပ်၂၃၀၀၀၀ ဆုံးရှုံးသွားကြောင်း၊ မီးလောင်ကျွမ်းမှုဖြစ်စဉ်ကို စစ်ဆေးရာ တိုးရတနာ ငါးပုစွန်ရောင်းဝယ်ရေးဒိုင်(အသုံးမပြုအဆောက်အအုံ)တွင် ညစောင့်အဖြစ် ထားရှိသူ ချစ်စန်း အသက်၊ အဘ၊ နေရပ်စစ်ဆေးဆဲသည် ညအချိန်အဆောက်အအုံအတွင်း ငါးထည့်သည် ပလတ်စတစ်သေတ္တာပုံးအပေါ်၌ ဖယောင်းတိုင်ထွန်း၍ အိပ်ပျော်သွားရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ရသည်ဟု ယူဆသဖြင့် မီးကိုပေါ့ဆစွာသုံးစွဲသူ ချစ်စန်းအား အရေးယူပေးပါရန် ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က တပ်ကြပ်ကြီး မောင်မောင်တင်၏ တိုင်တန်းချက်အရ အသည်ကြီးရဲစခန်းက အမှုဖွင့်လှစ်၍ ထွက်ပြေးတိမ်းရှောင်နေသူ ချစ်စန်းအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုသိမ်-လှကြည်

နေပြည်တော်ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာသွားလာနိုင်ရေး စီမံဆောင်ရွက်ပေး

နေပြည်တော် မတ် ၁၀

နေပြည်တော် မြို့မဈေးရှိ မြို့တွင်း/ မြို့ပြင်ကားဂိတ်များတွင် ဆိုင်ကယ် ကယ်ရီများနှင့် အငှားယာဉ်မောင်းသူများက ခရီးသည်ရရှိရေးအတွက် အပြိုင်အဆိုင်လုယက်ခေါ်ယူခြင်း၊ အချင်းချင်းခိုက်ရန် ဖြစ်ပွားခြင်းများကြောင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ရခြင်းနှင့် ပတ်သက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာ သွားလာနိုင်ရေးအတွက် ယခုအခါ မြို့မဈေး အရှေ့ဘက် ယာဉ်ရပ်နားကွင်းတွင် ခြံစည်းရိုးဘေးပတ်လည် ကာရံ၍ ဝင်/ထွက်ပေါက်ဂိတ်နှစ်ခု ထားရှိပြီး ညအချိန်တွင် ဝင်/ထွက်ပေါက် ဂိတ်တစ် ခုကိုသာ အသုံးပြုကာ တောင်ဘက်ယာဉ်ရပ်နားကွင်းတွင် ဝင်/ထွက်ဂိတ်နှစ်ခုထားရှိ၍ ဘေးပတ်လည်ခြံစည်းရိုး ကာရံထားပြီးဖြစ်သည်။

အဆိုပါ မြို့မဈေး ခြံစည်းရိုး ကာရံထားခြင်းနှင့်ပတ်သက်၍ မြို့မဈေးအုပ်ချုပ်ရေးမှူးက "မြို့မဈေး ရှေ့မျက်နှာစာ (တောင်ဘက်) ခြမ်း ကားဂိတ်မှာ ပေ ၄၅၀ ရှိ ခြံစည်းရိုးနဲ့ ကားဂိတ် (အရှေ့ဘက်) ခြမ်းတွင် ၅၃၅ ပေရှိ ချိန်းလင့်အမျိုးအစားခြံစည်းရိုးများ ကာရံထားပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာ လုံခြုံရေးများ စုဖွဲ့ထားရှိပါတယ်။ သတိပေးဆိုင်းဘုတ်များလည်း တပ်ဆင်ထားပြီး ယာဉ်ရပ်နားကွင်းအတွင်း သက်ဆိုင်ရာယာဉ်များမှအပ မည်သည့်ယာဉ်ကိုမျှ ဝင်ရောက်ခွင့် မပြုတော့ပါဘူး" ဟု ပြောသည်။

သို့ပါ၍ ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စည်းကမ်းတကျ စီမံဆောင်ရွက်ပေးနေသကဲ့သို့ ခရီးသွားပြည်သူများအား လိုက်ပါပို့ဆောင်ကူညီပေးနေသည့် ဆိုင်ကယ်ကယ်ရီများ၊ အငှားယာဉ်မောင်းများကလည်း သက်ဆိုင်ရာက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်မဖြစ်စေရေး ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြအပ်ပေသည်။

(ကော့မှူးမောင်)

မြောက်ပိုင်းစွန်းဒေသ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၀

ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင်အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မတ်လ၏ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် ဟသ်ာတမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ ဒသမ ၁၂ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မှန်သောသတင်းစကား နေ့တိုင်းကြားပြီး
ဝိုင်းခြားနိုင်းယှဉ် အရှိအတိုင်းမြင်ဖို့

သတင်းစာ

မကြာမီ ... ပြည်သူ့ရှေ့မှောက်
ရောက်ရှိလာပါတော့မည်။

- အမြို့မြို့အနယ်နယ်မှ သတင်းများ၊ သတင်းဓာတ်ပုံများ၊ အယ်ဒီတာ့ထံပေးစာများ၊ သတင်းဆောင်းပါးများ၊ ဝေဖန်အကြံပြုချက်များနှင့် ကာတွန်းများ ရေးသားပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
- အနယ်နယ်အရပ်ရပ်ရှိ သတင်းစာဖြန့်ချိလိုသူများ၊ ကြော်ငြာထည့်သွင်းလိုသူများ၊ အချုပ်ပိုကြော်ငြာကိုယ်စားလှယ်လုပ်လိုသူများ စတင်ဆက်သွယ်နိုင်ပါပြီ။

ပြည်ထောင်စုနေ့စဉ်သတင်းစာတိုက်

မဈေးဘာလမ်းနှင့် သခင်မိုးလှကြီးလမ်းထောင့်၊ ၁၄/၁ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁ ၈၅၀၀၇၅၀၊ ၀၁ ၈၅၀၀၇၅၁၊ ၀၁ ၈၅၀၀၇၅၂၊
Email - uniondaily@gmail.com

ပြည်တွင်းသတင်း

ကျောင်းကြီးပိတ်လို့ ခရီးသွားကြမယ်ဆို...

သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး (ကြည့်မြင်တိုင်)

အခြေခံအဆင့် စာမေးပွဲများတွင် တက္ကသိုလ်ဝင်တန်းအဆင့် စာမေးပွဲတစ်ခုသာလျှင် ဖြေဆိုရန် ကျန်တော့သည်။ မတ် ၁၃ ရက်တွင် စတင်ကာ ဖြေဆိုကြမည်ဖြစ်ပြီး သင့်ဘာသာရပ်အလိုက် ၂၂ ရက်တွင် အားလုံးဖြေဆိုပြီးကြမည် ဖြစ်ပါသည်။

ရင်ထဲမှ ဘဝအမောတစ်ခုကို ဖယ်ထုတ်နိုင်ကြတော့မည်ပင် ဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး မနားတမ်း လည်ပတ်ခဲ့ရသည့် ပညာရေးစက်ရဟတ်ခေတ္တနားခွင့်ရကြတော့မည်ဖြစ်သည်။ ကျောင်းသားတို့နှင့်အတူ မိဘမိသားစုများသည်လည်း ပင်ပန်းခဲ့ကြမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

ဤသို့အနားရချိန်တွင် စိတ်၊ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုများကို ပြန်လည်ဖြည့်ဆည်းရန် မိသားစုအလိုက် အပန်းဖြေခရီး၊ ဒေသန္တရ ဗဟုသုတခရီး၊ ဘုရားစုံဖူးခရီးများအတွက် သင့်ကဏ္ဍအလိုက်ခရီးနှင်ရန် ပို့ဆောင်ရေးလုပ်ငန်းများကလည်း လှုမ်းကြိုနေကြပြီ ဖြစ်ပါသည်။

သို့အတွက် မြန်မာ့အလင်း သတင်းထောက်တစ်ဦးအနေဖြင့် ပန်းဆိုးတန်းတစ်လျှောက်ရှိ ခရီးသွားနှင့်ဘုရားစုံဖူး လက်မှတ်အရောင်းဌာနများဆီသို့သွား၍ သတင်းရယူစုဆောင်းခဲ့ပါသည်။

ပထမဦးစွာ ချောင်းသာနှင့် ငွေဆောင်အပန်းဖြေခရီးနှစ်ခုကိုသာ ပို့ဆောင်ပေးနေသည့် အာရှနဂါးကားဂိတ်သို့ ဝင်ခဲ့ပါသည်။ အရောင်းမန်နေဂျာဖြစ်သူက "ချောင်းသာခရီးအတွက်ဆို ဟိုမှာတစ်ညအိပ် နှစ်ရက်ခရီးပဲဖြစ်ဖြစ် နှစ်ညအိပ်သုံးရက်ခရီးပဲဖြစ်ဖြစ် ကားခကတော့ တစ်ဦးကို ကျပ် ၁၅၀၀၀ ပါပဲ။ ငွေဆောင်ခရီးကျတော့ နှစ်ညအိပ် သုံးရက်ခရီးအတွက်ကို တစ်ဦး ငွေကျပ် ၁၈၀၀၀ နဲ့ ပို့ပေးပါတယ်။ "ချောင်းသာခရီးကတော့ နေ့တိုင်းရှိပေမယ့် ငွေဆောင်ခရီးကတော့ အခု ၂၀ မှ ရက်မှစပြီး နေ့တိုင်းရှိပါပြီ" ဟု ပြောပြသည်။

ချောင်းသာအပန်းဖြေစခန်းတွင် လက်ရှိဟိုတယ်အလုံးပေါင်း ၁၆ လုံးသည် ပင်လယ်ကမ်းခြေ၌ ရှိနေသည်။ ထို့အပြင် ကုန်းတွင်းပိုင်း၌ တည်းခိုရိပ်သာအဆောက်အအုံ ၃၄ လုံးရှိနေပြီး ရွာထဲ၌လည်း နားရုံအဆင့်အိမ်များ သီးသန့်ရှိနေသည်။

ချောင်းသာရှိ ခိုင်ချောင်းသာဟိုတယ်မှ မိတ်ဆွေ ဦးကျော်ဟိုးအား ရွှေဟသ်ာဟိုတယ်မှ မိတ်ဆွေမန်နေဂျာကိုအောင်ကျော်စန်းအား ဖုန်းဖြင့် အဆက်အသွယ်လုပ်ကြည့်ရာ ငွေဆောင်၌ ဟိုတယ်အလုံးပေါင်း ၁၇ လုံးရှိပြီး ဟိုတယ်အကြီးအသေးအလိုက် နှစ်ယောက်ခန်း တစ်ခန်းလျှင် တစ်ရက်တည်းခိုခမှာ ကျပ် ၂၀၀၀၀မှ ၁၅၀၀၀၀ မျှ ရှိနေကြောင်း ကြားသိရလိုက်ရသည်။

ထိုမှ ရွှေကြေးစည်၊ ရွှေအိုးစည်၊ သန်းငွေးနှင့် ရောင်းရင်းများ၊ စိန်ဝင်းနှင့် ရောင်းရင်းများစသည့် လက်မှတ်အရောင်းဌာနများ၌ ဘုရားဖူးခရီးစဉ်

ချောင်းသာဟိုတယ်များနှင့် မလှမ်းမကမ်းတွင် တည်ရှိနေသော ကျောက်မောင်နှမ အပန်းဖြေတစ်နေရာ။

ဆက်သွယ်စုံစမ်းကြည့်ရာ ပိတ်ရက်များ၌ ဟိုတယ်အားလုံး အခန်းများအားလုံးနီးပါး ပြည့်နေတတ်ကြောင်း၊ လာမည်ဆိုလျှင် ကြိုတင်ဘွတ်ကင်လုပ်ဖို့လိုအပ်ကြောင်း၊ အခန်းဈေးမှာ ဟိုတယ်အဆင့်အလိုက် နှစ်ယောက်ခန်းတစ်ခန်းလျှင် တစ်ရက်တည်းခိုခ ငွေကျပ် ၂၅၀၀၀ မှ ၁၅၀၀၀၀ ဝန်းကျင်ရှိနေကြောင်း သိရသည်။

ငွေဆောင် အပန်းဖြေစခန်းရှိများအတွက် မေးမြန်းစုံစမ်းခဲ့ပါသည်။ တစ်ခုနှင့်တစ်ခု ဈေးမှာ မကွာခြားလှပေ။ ဝန်ဆောင်မှုပေးခြင်းအပေါ် အနည်းငယ်မျှသာ ပြောင်းလဲမှုရှိသည်ကို တွေ့ရသည်။

ဘုရားဖူးခရီးစဉ်များမှာ ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ တောင်ကြီး၊ အင်းလေး၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ လာရှိုး၊ မူဆယ်၊ ရွှေလီ၊ တရုတ်ပြည်ခရီးစဉ်များသို့ ပို့ဆောင်ပေးနေကြောင်း သိရသည်။

အလောင်းတော်ကဿပ၊ ရွှေစက်တော် ငါးရက်ခရီးစဉ်မှာ ထမင်းကျွေး တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ ရှိသည်။ တောင်ကြီး၊ အင်းလေး ငါးရက်ခရီး (ထမင်းကျွေး၊ ပွဲချိတ်ခငြိမ်း) တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ ရှိနေသည်။ အလောင်းတော်ကဿပ လေးရက်သီးသန့်ခရီးစဉ်တွင် ဖိုဝင်တောင်၊ ရွှေဘတောင်၊ အလောင်းတော်ကဿပ၊ မုံရွာသမ္ဗုဒ္ဓေ၊ ဗောဓိတစ်ထောင်သို့ ပို့ပေးမှုရှိကြောင်း တစ်ဦးလျှင် (ထမင်းကျွေး) ငွေကျပ် ၄၅၀၀၀ ရှိနေသည်။

ရွှေစက်တော်အပါအဝင် ပုဂံဘုရားစုံ၊ ညောင်ဦး၊ ပုပ္ပား၊ မကွေး မြသလွန်နှင့်ဘုရားစုံ ငါးရက်ခရီး ထမင်းကျွေးတစ်ဦးလျှင် ငွေကျပ် ၅၅၀၀၀ ဖြစ်ပြီး၊ ဘုန်းကြီးကျောင်းများ၌ တည်းခိုခအလှူငွေနှင့် စွယ်တော်ဖူး တစ်ဖက်ကမ်းစက်လှေခများမှာ သီးခြားပေးရမည်ဖြစ်သည်။

အထက်ပါခရီးစဉ်နှင့် ဆက်၍ တောင်ကြီး၊ အင်းလေး၊ ပင်းတယ ရွှေဥမင်၊ မွေတော်ကက္ကူ ဘုရားစုံ ကိုးရက်ခရီး(ထမင်းကျွေး) တစ်ဦးလျှင် ငွေကျပ် ၉၀၀၀၀ ဖြစ်သည်။

မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ ခရီးစဉ်များသုံးရက်ခရီးတွင် စားစရိတ် တည်းခိုစရိတ်များမှာ မိမိအစီအစဉ်နှင့်ဖြစ်ပြီး ခရီးစရိတ်သက်သက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ဖြစ်သည်။

တရုတ်ပြည် ရွှေလီ၊ မူဆယ်၊ ဝမ်တိမ်၊ လာရှိုး ခုနစ်ရက်ခရီးစဉ်တွင်မူ တစ်ဦးလျှင် (ထမင်းကျွေး) ငွေကျပ် တစ်သိန်းဖြင့် ပို့ဆောင်မှုပေးနေကြောင်း သိရသည်။

ဤသို့ဆိုလျှင်ဖြင့် စာမေးပွဲများပြီး၍ ကျောင်းကြီးများ ပိတ်သည့်အချိန်တွင် မိသားစုအလိုက် အပန်းဖြေအနားယူခြင်းနှင့် ဘုရားစုံဖူးခရီးအတွက် ကြိုတင်စီစဉ်မှုများဖြင့် ဆောင်ရွက်နိုင်ကြတော့မည်သာ ဖြစ်ပေသည်။

ယာဉ်ရပ်နားနေရာများ ဖော်ထုတ်ဆောင်ရွက်

ရန်ကုန် မတ် ၁၀

ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှု လျော့နည်းစေရေးအထောက်အကူပြုမည့် မော်တော်ယာဉ်ရပ်နားနေရာများကို မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ မြို့နယ်အလိုက် ဖော်ထုတ်ဆောင်ရွက်လျက်ရှိရာ ဗိုလ်တထောင်မြို့နယ်မှ လမ်းမတော်မြို့နယ်အထိ ကမ်းနားလမ်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ သတ်မှတ်ကာလအတွင်း ပြီးမြောက်စေရေးအတွက် လမ်းအပိုင်းလိုက် လုပ်ငန်းတာဝန်များ ခွဲဝေလုပ်ဆောင်လျက်ရှိရာ မတ် ၇ ရက်က ဘုန်းကြီးလမ်းမှ လမ်းမတော် ၅ လမ်းအထိ အရှည်ပေ ၁၇၀၀ ကျော်ကို နေရာအကျယ်အဝန်း အနေအထားလိုက်၍ အကျဉ်းဆုံး ၁၅ ပေမှ အကျယ်ဆုံး ၁၉ ပေရှိ ယာဉ်ရပ်နား နေရာ /ကားပါကင်)များ ဖော်ထုတ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

လုပ်ငန်းတာဝန်ခံ ဦးစိုးဝင်းက သူတာဝန်ယူဆောင်ရွက်ရသည့် လမ်းအပိုင်းကို ဧပြီလ ပထမပတ်အတွင်း အပြီးတည်ဆောက်နိုင်မည် ဖြစ်ကြောင်းပြောပြသည်။ ကမ်းနားလမ်းဟောင်းနှင့်အပြိုင် တိုးချဲ့တည်ဆောက်ခင်းကျင်းပြီးစီးသွားပြီဖြစ်သော ကုန်တင်ယာဉ်ကြီးများ မောင်းနှင်လာနိုင်သည့် ကမ်းနားလမ်းသစ်ကြီး ဘေးဘက်တွင် အမြင့် ငါးပေရှိ ကွန်ကရစ်ဘေးတာပေါင်များ တည်ဆောက်ခြင်း၊ အကျယ် သုံးပေအနက် နှစ်ပေရှိ ရေစီးမြောင်းသစ်များ တည်ဆောက်နေခြင်းလည်း ပြုလုပ်ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။ **(အပေါ်ပုံ)**

မောင်ကျောက်တံတား

စိုက်ပျိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူး၍ လယ်ယာစိုက်ပျိုးရေး၊ မျိုးစေ့ဥပဒေများ၊ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်တင်သွင်းခြင်း၊ မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် စိုက်ပျိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၈ ရက်(တနင်္လာနေ့) နံနက် ၉နာရီ တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အာရှနှင့် ပစိဖိတ်မျိုးစေ့အဖွဲ့အစည်း (Asia & Pacific Seed Association)မှ ကိုယ်စားလှယ်အဖွဲ့တို့ လာရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အောင်သူရ

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနလက်အောက်ရှိ တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ(၂)ရုံ (ရန်ကုန်မြို့နှင့် မန္တလေးမြို့)တွင် လိုအပ်လျက်ရှိသော ပရဆေးကုန်ကြမ်းများနှင့် ထုပ်ပိုးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီ/အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၁-၃-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၃-၂၀၁၃ရက်၊ ၁၅း၀၀နာရီ

တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
ရုံးအမှတ်(၄၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၁၄၈

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာရွှေလင်ဗန်းစက်မှုမြို့၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၃၇၊ ဧရိယာ ၂ဒသမ၄၃၈ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးဖရန်စစ်အန်ထော်နီအမည်ဖြင့် တည်ရှိနေသော စက်မှုလက်မှုပါမစ်မြေကွက်ဖြစ်ပါသည်။ ၄င်းအမည်ပေါက်သူထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၂၄၀/၂၀၁၂ ရရှိသူ ဦးအေးသောင်း ၁၂/ကမတ(နိုင်)၀၀၀၀၇၉ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် နှစ်ဖက်ညှိနှိုင်း သဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေး (တရားလွှတ်တော်ရှေ့နေ-၆၇၄၉)
အမှတ်(၃-B)၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၁၁၈၇၅

Global Development Enterprise CO.,Ltd

ဝန်ထမ်းများအလိုရှိသည်။ [illegible]

၁။ Marketing Staff ကျား/မ (၅)ဦး
၂။ Office staff ကျား/မ (၅)ဦး
၃။ [illegible] ကျား (၂)ဦး
၄။ [illegible] ကျား (၂)ဦး

[illegible]

... Global Development Enterprise

[illegible]

ပျောက်ဆုံးနေသော စာမူအတွက်ဆက်သွယ်ပေးပါရန်

[illegible]

မြန်မာနိုင်ငံဆေးကောင်စီ
ကြေညာချက်

၁။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ၂၀၀၀ခုနှစ် ဇန်နဝါရီ ၁၄ရက်တွင် ပြဋ္ဌာန်းခဲ့သည်။
၂။ အဆိုပါ ဥပဒေအခန်း(၁) ပုဒ်မ ၂ (ဈ)တွင် **ကန့်သတ်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ နိုင်ငံခြားသားဆရာဝန်အား ကုသခွင့်ရှိသော ဆေးပညာဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသော နေရာဒေသနှင့်အချိန်ကာလများကို ကန့်သတ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။
၃။ အဆိုပါဥပဒေအခန်း (၁၄)ပုဒ်မ ၃၈အရ မည်သူမျှ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးကုသခြင်းမပြုရ။
၄။ သို့ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ဘာသာရေးနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဆေးရုံဆေးခန်းများသည် နိုင်ငံခြားသားဆရာဝန်များနှင့် သဘောတူညီမှုဖြင့်သော်လည်းကောင်း၊ ပူးပေါင်း၍သော်လည်းကောင်း၊ မြန်မာနိုင်ငံမည်သည့်နေရာတွင်မဆို ဆေးကုသခြင်းဆောင်ရွက်မည်ဆိုပါက သတ်မှတ်ထားသည့် အထောက်အထားများ၊ စည်းကမ်းချက်များနှင့်အညီ မြန်မာနိုင်ငံဆေးကောင်စီတွင် ကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို လျှောက်ထားရမည်။
၅။ အဆိုပါဥပဒေအခန်း (၁၄)ပုဒ်မ ၄၁တွင် မည်သူမဆို ပုဒ်မ ၃၈ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၅)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။
၆။ သို့ပါ၍ နိုင်ငံခြားသားဆရာဝန်များသည်လည်းကောင်း၊ ထိုသူတို့အား တာဝန်ခံသည့်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ဘာသာရေးနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဆေးရုံဆေးခန်းများသည်လည်းကောင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ကြပါရန် အသိပေးကြေညာလိုက်သည်။

မြန်မာနိုင်ငံဆေးကောင်စီ

ဒေသဆိုင်ရာဧည့်လမ်းညွှန် အခြေခံသင်တန်း(မန္တလေး) အမှတ်စဉ်(၁/၂၀၁၃) သင်တန်း ဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၁၀

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေသည် မတ် ၇ ရက် ညနေပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အထက်မြန်မာပြည် လုပ်ငန်းဌာနခွဲရုံးနှင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း စားသောက်ဆိုင် (ယမကာ) လုပ်ငန်းဌာန၊ ပို့ဆောင်ရေး လုပ်ငန်းဌာန၊ မြန်မာ့ခရီးသွားလုပ်ငန်း (မန္တလေးရုံးခွဲ)နှင့် Mandalay Swan Hotel တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ ဈေးချိုဟိုတယ်၌ ဖွင့်လှစ်သင်ကြားနေသော ဒေသဆိုင်ရာဧည့်လမ်းညွှန် (အခြေခံ) သင်တန်း(မန္တလေး) အမှတ်စဉ် (၁/၂၀၁၃) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၀၃ ဦး တက်ရောက်သင်ကြားခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးမြို့ရှိ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များ၊ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်) ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံပြီး ဝန်ကြီးဌာန၏ ဆောင်ရွက်နေသော လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ တံတားဦးအပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ မြန်မာ့ခရီးသွားလုပ်ငန်း ကောင်တာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကားခဈေးနှုန်းမြင့်ပါက ကုန်ပို့သူ အမြတ်နည်း

ရန်ကုန် မတ် ၁၀

ကုန်ကားခများ သိသာစွာကျဆင်းနေသကဲ့သို့ ကုန်စည်ဈေးနှုန်းအများစုသည်လည်း ဈေးအနိမ့်တွင်ရှိ နေရာ ကားခနှုန်းထားများနှင့် ကုန်ဈေးနှုန်း တိုက်ရိုက်ဆက်စပ်မှုမရှိဘဲ ကုန်ဈေးနှုန်းမြင့်တက်ချိန်တွင် ကားခဈေးနှုန်း အပြောင်းအလဲအပေါ် အကြောင်းပြခြင်းသာဖြစ်ကြောင်း၊ ကုန်ရှား/ကားပုံနေလျှင် ကားခနှုန်းထားများ ကျဆင်းတတ်ပြီး ကုန်ပေါ/ကားရှားနေလျှင် ကားခနှုန်းထားများ တက်လေ့ရှိပြီး ကုန်ဈေးနှုန်းအတက်အကျ ဖြစ်ရန် ကားခနှုန်းထားများမှ ဖန်တီးမှု မပြုနိုင်ကြောင်း အဝေးပြေးကားဂိတ် ပိုင်ရှင်တစ်ဦးက ဆိုသည်။

မြင်တွေ့

အဝေးပြေး ကုန်တင်ယာဉ်များ အနေဖြင့် ကုန်ရှားချိန်တွင် ကားထွက်နိုင်ရေးအတွက် အမြတ်နည်းသော်လည်း သယ်ယူပို့ဆောင်နေပြီး ကားလိုအပ်မှုများပြီး တင်ပို့မည့်ကုန်များချိန်တွင်မူ ကားခနှုန်းထားများ တိုးတောင်းလေ့ရှိကြောင်း၊ တွက်ခြေမကိုက်ပါဆိုသော လက်သုံးစကားကို အသုံးပြုလေ့ရှိကြောင်း၊ ယခုအဝေးပြေးကုန်စည်ပို့ဆောင်ရေးလောကတွင် ခြောက်ဘီး၊ ၁၀ ဘီး၊ ၁၂ ဘီး ယာဉ်များအတွက် အကျိုးအမြတ်နည်းသော ကားခနှုန်းထားအနိမ့်ဖြင့် နောက်တွဲပါ ၂၂ ဘီး၊ ယာဉ်များ တင်ဆောင်သယ်ယူလေ့ရှိသည်ဟု သိရသည်။ ကားပိုင်ရှင်များ နည်းတူကုန်ပစ္စည်းတင်ချမှုများ အနေဖြင့်လည်း ကုန်ရှား/ကားပေါချိန်တွင် ကားခအနည်းဆုံးနှုန်းထားဖြင့် တင်လေ့ရှိပြီး ကုန်ပေါ/ကားရှားချိန်တွင် ကားရရေးပေါ်မူတည်၍ ကုန်ကားခများ တိုးမြှင့်ပေးလေ့ရှိကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလောကတွင် မြင်တွေ့နေရသည်ဟု သိရသည်။

ကားခဈေးနှုန်းမြင့်လျှင် ကုန်ပို့သူအနေဖြင့် အမြတ်အစွန်းနည်းပြီး ကားခနည်းလျှင် အမြတ်အစွန်း ပိုကျန်တတ်ကြောင်း၊ ကုန်ဈေးနှုန်းအတက်အကျမှာ ကားခ(သယ်ယူ ပို့ဆောင်စရိတ်)အပေါ် အဓိကမပတ်သက်ဘဲ ဈေးကွက်အတွင်းဝယ်လိုအား၊ ကုန်ပစ္စည်းရောက်ရှိမှု၊ ပြည်ပဈေးကွက်နှင့် ဈေးနှုန်းအခြေအနေ၊ ပြည်တွင်းငွေလဲနှုန်းနှင့် ပြည်တွင်းကုန်သည်တို့၏ ဈေးကွက်ပရိယာယ်တို့အပေါ်သာ မူတည်ကြောင်း၊ ယခုအခါ ကားခများမြင့်တက်မှုမရှိရန် လမ်းခရီးတွင် ပေးဆောင်ရသောလမ်း၊ တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်းတွင် မဲစနစ်ဖြင့် ကြမ်းခင်းဈေးအတိုင်း လေလံတင်ရောင်းချထားပေးနေရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လုပ်ပိုင်ခွင့်ချထားမှုအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လေလံကြော်ငြာများ၊ နေ့စဉ်ထုတ်သတင်းစာများတွင် ပါရှိနေကြောင်း၊ ဟသ်ာတခရိုင် ဝဲန်(မြို့ကွင်း)စီမံကိန်း တံတားဂိတ်ဆိုလျှင် ကြမ်းခင်းဈေးငွေကျပ် ၁၄၁ သိန်း၊ လပွတ္တာခရိုင် ရာဇူဒိုင် (၁)စီမံကိန်း တံတားဂိတ်ငွေကျပ် ၃၃ သိန်း၊ မြောင်းမြခရိုင် ကျွန်းကုန်းသာမန် တံတားဂိတ်ငွေကျပ် ငါးသိန်းသာရှိကြောင်း သတင်းစာပါ ဖော်ပြချက်အရ သိရှိ၍ ကုန်တင်ယာဉ်များအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေကြောင်း ကုန်ကားဂိတ်ပိုင်ရှင် တစ်ဦးက ဆိုသည်။

ခင်ဆိုင်

မူလတန်းကြို ကျောင်းပေါင်းစုံ ပဒေသာကပွဲကျင်းပ

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများ ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ်နှင့် ဗဟုသုတဗလငါးတန်ဖွံ့ဖြိုးစေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးတိုင်း လူမှုဝန်ထမ်းရုံးမှ ဦးစီးကျင်းပသည့် မူလတန်းကြို ကျောင်းပေါင်းစုံပဒေသာကပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြု တက္ကသိုလ်ခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်းရုံး တိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်ဇော်မိုးက တိုင်းရင်းသားပေါင်းစုံရင်သွေးငယ်များနှင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

သတင်းနှင့်ဓာတ်ပုံ
အောင်သန်း (သတင်းထောက်)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူလတန်းကြိုကျောင်း ၂၉ ကျောင်းမှ ရင်သွေးငယ် ၃၀၈ ဦးတို့က ကာယ၊ ဉာဏဖွံ့ဖြိုးမှု ကိုယ်ပိုင်စွမ်းရည်များ ဖော်ထုတ်ပြသသော အကပဒေသာများဖြင့် ကပြဖျော်ဖြေသွားကြသည်။ ဖျော်ဖြေတင်ဆက်သည့် ရင်သွေးငယ်အားလုံးအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ငွေကြေးနှင့် ပစ္စည်း လှူဒါန်းသော အလှူရှင်များအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ခဲ့သည်။

ရုံးလုပ်ငန်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

တောင်ငူ မတ် ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တရားရုံး၏ ရုံးလုပ်ငန်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂ ရက် နံနက် ၉ နာရီက တောင်ငူခရိုင်တရားရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် တောင်ငူခရိုင် တရားသူကြီးဦးအောင်စိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်၊ လမ်းညွှန်ချက်၊ ရှေ့လုပ်ငန်းဆောင်ရွက်ချက်၊ သင်တန်းစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်ပြီး အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ တောင်ငူခရိုင် ခရိုင်တရားသူကြီး ဦးအောင်စိုးနှင့် တောင်ငူခရိုင်အတွင်းရှိ ခြောက်မြို့နယ်တရားရုံးများမှ မြို့နယ်တရားသူကြီးများ၊ သင်တန်းသား သင်တန်းသူ စာရေးဝန်ထမ်း ၂၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(၁၃၈)

သစ်တော သစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

ပျောက်ဆုံးခြင်း

ကျွန်မ မအေးအေးရှိန် ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် ၆၉၈၀၁၇/ ၀၅ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၆၈၁၈၉၀

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော် မြို့နယ်၊အထကပန်းတနော် သူငယ်တန်း(က) တွင်ပညာသင်ယူနေသောဦးကျင်ဝင်းထွန်း၏သမီး မဆုလှဲ့ထွန်းအား ယနေ့မှစ၍ မသက်ဖူးအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသက်ဖူးအိမ်



ကျေးဇူးဆပ်ပါမည်

၈-၃-၂၀၁၃ရက် (သောကြာနေ့)တွင် ဗန္ဓုလတံတားအဆင်းမှ ဗိုလ်အောင်ကျော် (ကုန်သည်လမ်းနှင့်ကမ်းနားလမ်းကြား) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးသို့အသွား Taxi ကားပေါ်တွင် (BL No.SBYG-164, YYG-058,KWYG -2 48, KWYG-247 မူရင်း)နှင့် ဒေါ်စန်းယုလှိုင်၊ ဒေါ်အိအိအောင်တို့၏ မှတ်ပုံတင်မူရင်းပါရှိသော Clear Bag ဖိုင်တစ်ခုကျန်ခဲ့ပါသဖြင့် အောက်ပါလိပ်စာအတိုင်း ကူညီအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

တိုက်(၅၀၁)၊ အိုလံပစ်တာဝါ၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ရန်ကုန်၊ ဖုန်း-၀၉-၇၃၀၈၆၈၃၃၊ ၀၉-၅၄၅၅၅၉၉၊ ၀၉-၄၅၀၀၄၁၆၁၈၊ ၀၉-၄၅၀၀၄၁၆၁၉၊ ၀၁-၃၉၂၈၇၇၊ ၀၁-၂၄၅၈၉၂

လုံခြုံရေးဝန်ထမ်း (၁၅)ဦး အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားမည်)

စက်ရုံနှင့် အရောင်းဆိုင်ခန်းအတွက် အသက်(၂၀)နှင့် (၃၀)ကြား လုံခြုံရေးဝန်ထမ်းများ အလိုရှိသည်။ လျှောက်ထားသူသည် ကျန်းမာရေးကောင်းမွန်၍ ကိုယ်အလေးချိန် ပေါင် ၁၂၀နှင့် အရပ် ၅ပေ၊ ၄လက်မ အထက်ရှိရမည်။ ပညာအရည်အချင်း ၁၀တန်းနှင့်အထက် ဘွဲ့ရများ လျှောက်ထားနိုင်သည်။ ကျန်းမာရေးအတွက် ဆေးစစ်ခြင်းခံယူနိုင်ရမည်။ လုံခြုံရေးမှူးမှ သင်တန်းပို့ချခြင်းကို သင်ကြားနိုင်ရမည်။ နေရေး၊ စားရေး ကုမ္ပဏီမှ တာဝန်ယူမည်။

(စိတ်ဝင်စားသူများ CV Form နှင့်အတူ တစ်လအတွင်း ရိုက်ထားသော ၄×၆ ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာရေးအတွက် ထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မျှော်မှန်းလစာ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်နှင့်အတူ ၂၄-၃-၂၀၁၃ရက် နောက်ဆုံးထားပြီး စာတိုက်သေတ္တာအမှတ် ၆၄၂၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

ဗိုလ်ကလေးအရှင်ပဏ္ဍိတ
(မဟာ့စရိယ၊ M.A, Dip in Eng သီရိလင်္ကာ)၏
ဗုဒ္ဓဘာသာသင်ခန်းစာသင်တန်းနှင့် တရားစခန်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း၁၁၀ရှိ ပဲခူးကျောင်းတိုက် အတွင်း၌-

၁၄-၃-၂၀၁၃ရက်မှ ၂၀-၃-၂၀၁၃ရက်အထိ ခုနစ်ရက် ဗုဒ္ဓဘာသာသင်ခန်းစာသင်တန်း ၁၂-၄-၂၀၁၃ရက်မှ ၁၈-၄-၂၀၁၃ရက်အထိ ခုနစ်ရက် စခန်းတို့ကို ဖွင့်လှစ်သင်ကြားပြသမည်ဖြစ်ပါ၍ မည်သူမဆို တက်ရောက်စခန်းဝင်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သင်တန်းအတွက် အကျွေးအမွေးအလှူရှင်နှင့် စခန်းအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း အလှူရှင်များ အောက်ပါကျောင်းဖုန်းနံပါတ်သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကျောင်းဖုန်း-၀၁-၂၉၄၀၀၄၊ ၀၉-၅၅၀၄၄၇၃

ဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့

အမည်ဖြည့်စွက်ခေါ်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဦးနေမျိုးနိုင်၏သားသမီးလေးဦးဖြစ်ကြသော မောင်စျာန်ဝတီအား မောင်စျာန်ဝတီနေမျိုးဟု လည်းကောင်း၊ မသံသာကြည်အား မသံသာကြည်နေမျိုးဟု လည်းကောင်း၊ မောင်ဟံသာတီအား မောင်ဟံသာတီနေမျိုးဟု လည်းကောင်း၊ မပန်ဆုကြည်အား မပန်ဆုကြည်နေမျိုးဟုလည်းကောင်း အမည်ဖြည့်စွက်ခေါ်ပါရန်။

နိုင်ငံတကာအားကစားသတင်း

မန်စီးတီးနှင့် ဝီဂန်တို့ နိုင်ပွဲကိုယ်စီ ရရှိ အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတက်ရောက်ပြီ

မိုးမြင့်လင်းလက် ရေးသည်

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်ကို မတ် ၉ ရက်မှာ ယှဉ်ပြိုင်ကစားတဲ့အခါ ဒီနှစ်အက်ဖ်အေဖလား ရရှိရေးအတွက် ကြိုးစားနေတဲ့ မန်စီးတီးဟာ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားခဲ့တာမို့ ဂိုးပြတ်သွင်း အောင်ပွဲခံနိုင်ခဲ့သလို ဝီဂန်တို့ကလည်း အဲဗာတန်ကို ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့ပြီး အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ကြပါတယ်။

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မန်စီးတီးနှင့်ဘန်စလေတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် မန်စီးတီး တိုက်စစ်မှူး တီဗက်ဇ် (ယာ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။

မန်စီးတီးနှင့် ဘန်စလေ

ကစားကွက်အသာစီးနဲ့ဖိကစားနိုင်ခဲ့တဲ့ မန်စီးတီးကြောင့် ဘန်စလေတို့ ကစားကွက်ပျောက်မတတ် ဖြစ်ခဲ့ပြီး ချေပဂိုးတစ်ဂိုးမှ မသွင်းနိုင်ခဲ့ပါဘူး။ မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်က ပွဲချိန် ၁၁ မိနစ်မှာ အဖွင့်ဂိုးသွင်းယူပြီး ပွဲကို ဦးဆောင်ကစားခဲ့ပါတယ်။ ဂိုးထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့တဲ့ မန်စီးတီး တိုက်စစ်မှူးတွေကို ဘန်စလေ ခံစစ်မှူးတွေ ကြိုးစားဟန့်တားခဲ့ပေမယ့် ပွဲချိန် ၂၇ မိနစ်မှာ ကိုလာရော့ဗ်စ်က မန်စီးတီးအတွက် ဒုတိယ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

ဦးဆောင်

ဘန်စလေဟာ ချေပဂိုးတွေ ပြန်သွင်းနိုင်ဖို့ ပြန်လည်ထိုးဖောက် ကစားခဲ့ပေမယ့် မန်စီးတီးခံစစ်မှူးတွေကို ထိထိရောက်ရောက် မကျော်ဖြတ်နိုင်ခဲ့တာမို့ ချေပဂိုးမသွင်းယူနိုင်ခဲ့ပါဘူး။ ပွဲချိန် ၃၁ မိနစ်မှာတော့ တီဗက်ဇ်ကပဲ တစ်ဂိုးထပ်မံသွင်းယူခဲ့လို့ မန်စီးတီးတို့ သုံးဂိုးရရှိသွားခဲ့ပါတယ်။ ပထမပိုင်း ပွဲချိန်အပြီးမှာ မန်စီးတီးက သုံးဂိုး အသာနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

ဒုတိယပိုင်းပွဲချိန်အတွင်းမှာလည်း မန်စီးတီးတို့က ကွင်းလယ်ကစားကွက်ကို စိုးမိုးထားနိုင်ခဲ့ပြီး ဂိုးများ ထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့တာမို့ ပွဲချိန် မိနစ် ၅၀ မှာ တီဗက်ဇ်က တစ်ဂိုး ထပ်မံသွင်းယူခဲ့ပြန်တာမို့ တီဗက်ဇ်ဟာ ဒီပွဲမှာ ဟက်ထရစ်ရရှိခဲ့ပါတယ်။

တက်ရောက်နိုင်

ဘန်စလေတို့ ဂိုးသွင်းခွင့် အခွင့်အရေးအချို့ ရရှိခဲ့ပေမယ့် အဆုံးသတ်မသေချာမှုနဲ့ ဘောလုံးဆုံးရှုံးမှုတွေများနေတာမို့ ချေပဂိုးမသွင်းယူနိုင်ခဲ့ပါဘူး။ ပွဲချိန် ၆၈ မိနစ်မှာ ဆေးလ်ဗားက တစ်ဂိုးသွင်းယူခဲ့ပြန်တာမို့ ပွဲအပြီးမှာ မန်စီးတီးတို့က ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

အဲဗာတန်နှင့် ဝီဂန်

အက်ဖ်အေဖလား ကွာတားဖိုင်နယ် ဒုတိယပွဲစဉ်အဖြစ် အဲဗာတန်နဲ့ ဝီဂန်တို့ပွဲမှာတော့ ဝီဂန်တို့ ခြေပေါ်အောင်ကစားနိုင်ခဲ့ပါတယ်။ အဲဗာတန်ဟာ ခြေစွမ်းကျဆင်းနေတာမို့ တိုက်စစ်မှူးတွေရဲ့ အဆုံးသတ် မသေချာမှုတွေကြောင့် ချေပဂိုးတွေ မသွင်းနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီပွဲမှာ ဝီဂန်ရဲ့ ပထမဆုံး အဖွင့်ဂိုးကိုတော့ မိနစ် ၃၀မှာ ဖီဂူရိုရာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဂိုးရရှိ

အဲဗာတန်တို့ ကစားကွက် တည်မရဘဲဖြစ်နေတာမို့ ပွဲချိန် ၃၂ မိနစ်မှာ မက်မာနာမန်က ဒုတိယဂိုးကို သွင်းယူခဲ့ပြန်တာမို့ ဝီဂန်တို့ နှစ်ဂိုးရရှိခဲ့ပါတယ်။ အဲဗာတန်ဟာ ချေပဂိုး သွင်းယူနိုင်ရေး ကြိုးစားခဲ့ပေမယ့် အရာမထင်ခဲ့ပါဘူး။ ဆက်လက်ပြီး ပွဲချိန် ၃၃ မိနစ်မှာ ဂိုမက်ဇ်က တစ်ဂိုး သွင်းယူခဲ့တာမို့ ပွဲအပြီးမှာ ဝီဂန်ဟာ သုံးဂိုးပြတ်နဲ့ နိုင်ပွဲရပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒေးဗစ်ဖာရာ ရှုံးပွဲကြုံ

စပိန်နာမည်ကြီး တင်းနစ်ကစားသမား ဒေးဗစ်ဖာရာသည် အမေရိကန်နိုင်ငံ အင်ဒီးယန်းဝဲလ်၌ ကျင်းပသော ပါရီဘတ်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တောင်အာဖရိကတင်းနစ်ချန်ပီယံ ကီဗင်အန်ဒါဘင်ကို ၃-၆၊ ၆-၄၊ ၆-၃ ဖြင့် ရှုံးနိမ့်သွားခဲ့သည်။ အမျိုးသမီးပြိုင်ပွဲတွင် ယူအက်စ်အိုးပင်းချန်ပီယံ ဆာမန်သာစတိုဆာက အမေရိကန်မှ မက်ဒီဆင်ကို ၆-၁၊၆-၄ဖြင့် အနိုင်ရရှိသွားသည်။

ကမ္ဘာ့ဘော်လီဘောပြိုင်ပွဲယှဉ်ပြိုင်ရန် ကြေညာ

အမျိုးသား ကမ္ဘာ့လိဂ် ဘော်လီဘောပြိုင်ပွဲအဖြစ် မတ် ၁၁ ရက်တွင် ဖင်လန်နှင့် အီဂျစ်၊ ကနေဒါနှင့်နယ်သာလန်၊ တောင်ကိုရီးယားနှင့်ဂျပန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း နိုင်ငံတကာ ဘော်လီဘောအဖွဲ့ချုပ်က ကြေညာသည်။ ဇွန် ၇ ရက်တွင် လက်ရှိချန်ပီယံ ပိုလန်က ခုနစ်ကြိမ်ချန်ပီယံ ဘရာဇီးနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထိုအတောအတွင်း အမေရိကန်နှင့် အာဂျင်တီးနား၊ ပြင်သစ်နှင့်ဘူလ်ဂေးရီးယားတို့လည်း ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မက်ဆီ စံချိန်ဂိုးသွင်းယူ

တိုက်စစ်မှူး မက်ဆီသည် စပိန်လာလီဂါပြိုင်ပွဲတွင် ၁၇ ပွဲဆက်တိုက် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ၎င်းသည် ၁၉၃၀ ပြည့်လွန်နှစ်များ နောက်ပိုင်း ကမ္ဘာ့စံချိန် ဆက်တိုက်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ကလပ် ဘာစီလိုနာက ပြောကြားသည်။ အသက် ၂၅ နှစ်ရှိ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီသည် လာလီဂါပြိုင်ပွဲအဖြစ် မတ် ၉ ရက် ညက ဘာစီလိုနာနှင့် ဒီပို့တီဗိုတို့ ကစားသည့်ပွဲတွင် ယခုနှစ်အတွင်း ဂိုး(၄၀)မြောက်အဖြစ် သွင်းယူခဲ့သည်။ ပွဲချိန် ၈၈ မိနစ်တွင် မက်ဆီက ယင်းဂိုးကို သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းပွဲတွင် ဘာစီလိုနာက ဒီပို့တီဗိုကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ မက်ဆီသည် ၁၇ ပွဲတွင် ၂၇ ဂိုးမြောက် ဂိုးအဖြစ်သွင်းယူခဲ့သည်။

ကောင်းမြတ်သူ - ရေးသားသည်

အားကစားသတင်း အတိုအထွာ

- ➡ တိုက်စစ်မှူး ရွန်းနေကို မန်ယူအသင်းက စာချုပ်သစ်တစ်ရပ် ချုပ်ဆိုရန် စတင်ဆွေးနွေးလျက်ရှိသည်။
- ➡ စပါးတောင်ပံကစားသမား ဂါရက်ဘေးလ်ကို ရီးရဲမက်ဒရစ်အသင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၁၁၀ အထိ ပေးမှသာ ဖြစ်နိုင်ဖွယ်ရှိကြောင်း စပါးအသင်းတာဝန်ရှိသူများက ပြောကြားသည်။
- ➡ မာလာဂါအသင်းမှ ကွင်းလယ်ကစားသမား ကူလာလန်ကို လာမည့်နွေရာသီတွင် ခေါ်ယူနိုင်ရေးအတွက် အာဆင်နယ်အသင်းက ကြိုးစားလျက်ရှိသည်။
- ➡ ဘာစီလိုနာအသင်းသည် အသက် ၂၆ နှစ် အရွယ်ရှိ မန်စီးတီးအသင်းခေါင်းဆောင်ကွန်ပနီကို ပူယိုးလ်နေရာတွင် အစားထိုးတာဝန်ပေးရန်အတွက် ခေါ်ယူနိုင်ရေးကြိုးစားလျက် ရှိသည်။
- ➡ ဖီအိုရင်တီးနား တိုက်စစ်မှူး မူဒီယာသည် လီဗာပူးသို့ ပြောင်းရွှေ့မည်ဟူသော သတင်းများအပေါ် ငြင်းဆိုလိုက်ပြီး ဖီအိုရင်တီးနား၌သာ ဆက်လက်ကစားမည်ဟု ထုတ်ဖော်ပြောကြားသည်။
- ➡ ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဟီဂူအင်သည် လာမည့်နွေရာသီ၌ စပါးအသင်းသို့ ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိသည်။
- ➡ အင်္ဂလန်အသင်းနည်းပြ ရွိုင်ဟော့ဆန်က လက်ရွေးစင်အသင်းအတွက် ဘောလုံးသမားအသစ်များ ထပ်မံဖြည့်ဆည်းမည်ဟု ထုတ်ဖော်ပြောကြားသည်။
- ➡ ဘရာဇီးအသင်းသည် လာမည့်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ဖလားရရှိရန် မလွယ်ကူကြောင်း မာရာဒိုနာက သုံးသပ်ပြောကြားသည်။

မောင်ချစ်ကြည် - ရေးသည်

ရောင်းမည်

လမ်းမတော်ပလာဇာကွန်ဒို၊ မဟာဗန္ဓုလလမ်းမပေါ်၊ 1080 Sqft, 1MBR, 1BR, Air Con၊ ကျွန်းပါကေး၊ ခြောက်လွှာ။

ရောင်းဈေး ကျပ်သိန်း ၁၂၀၀

ဖုန်း-၀၉-၇၃၀၀၅၆၅၄

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လှည်းကူးမြို့နယ်၌ မူလွန်နှင့်မူလတန်းကျောင်းများ အာရ်စီတစ်ထပ်အဖြစ် အဆင့်မြှင့်ဆောက်လုပ်

သတင်း-စိန်လွင်(မြန်မာ့အလင်း) ဓာတ်ပုံ-မင်းထက်

လှည်းကူးမြို့နယ်၌ အသစ်ဆောက်လုပ်ပြီးသော အာရ်စီတစ်ထပ် ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ ကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်း လေးကျောင်းနှင့် မူလတန်းလွန်ကျောင်း တစ်ကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ မြို့နယ်အတွင်းရှိ သာသနာ့ရိပ်သာရပ်ကွက်၌ မတ် ၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ ကျောင်းဆောင်သစ်များမှာ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ မျက်နှာကြက်ပါ အာရ်စီ တစ်ထပ်ဆောင် အမျိုးအစားဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကူညီပံ့ပိုးမှု၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အောင်သုံးလုံးဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကျောင်းဆောင်သစ်များမှာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ သီတာအေးရပ်ကွက်၊ ကျော်ဇောစုရွာ၊ မှန်ကုန်းရွာ၊ အင်တိုင်းစက်စုရွာတို့မှ မူလတန်းကျောင်းများနှင့်သာသနာ့ ရပ်ကွက်ရှိ မူလတန်းလွန်ကျောင်းတို့ဖြစ်သည်။

အဆိုပါ ကျောင်းဆောင်သစ်များနှင့်ပတ်သက်၍ မြန်မာ့အလင်း သတင်းအဖွဲ့က သိလိုသည်များကို မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်အား မေးမြန်းခဲ့ရာ "ကျွန်မတို့ ဒီကျေးလက်ကျောင်းလေးတွေကို အခုလို ဆောက်လုပ်ပေးနိုင်တာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကူညီခဲ့လို့ဖြစ်ပါတယ်။ အစိုးရအဖွဲ့က အခုလိုလုံလောက်တဲ့ ငွေကြေးပေးခဲ့ပြီး ဆောက်လုပ်တဲ့ကုမ္ပဏီကလည်းအထူးစေတနာထားဆောက်ခဲ့လို့ တစ်လအတွင်း ပြီးသွားခဲ့တာပါ။ ဒီစာသင်ကျောင်း လေးတွေကနှစ်အတော်ကြာပါပြီ။ အချို့ဆိုရင် ၁၉၆၃ခုနှစ်ဝန်းကျင်လောက်ကတည်းက ဆောက်ခဲ့တာဆိုတော့ အလွန်ကို ဟောင်းနွမ်းနေပါပြီ" ဟု ပြောပြ သည်။

လှည်းကူးမြို့နယ် အနီးအနားရှိ ကျေးရွာများမှ အခြေခံပညာ မူလတန်းကျောင်းများတွင် ကျောင်းသားကျောင်းသူ ဦးရေ ၁၅၀ ဝန်းကျင်နှင့် မူလတန်းလွန်ကျောင်းတွင် ၂၀၀ ဝန်းကျင်အထိရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

မော်လမြိုင်စိန်ပန်းခိုင်ရွှေဆိုင်တွင် ဝယ်သူဟန်ဆောင်ပြီး ရွှေဆွဲကြိုးခိုးယူသူ အမျိုးသမီးကို လက်ရဖမ်းမိ

မော်လမြိုင် မတ် ၁၀

မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်ရတနာ နှစ်ထပ်ဈေးအတွင်း ဖွင့်လှစ်ထားသည့် စိန်ပန်းခိုင် ရွှေဆိုင်တွင် ရွှေဝယ်ဟန်ဆောင်ပြီး နှစ်ကျပ်သား ရွှေဆွဲကြိုး တန်ဖိုးငွေကျပ် ၁၅ သိန်းကျော် အလစ်သုတ်ခိုးယူတိမ်းရှောင်သွားခဲ့သည့် အမျိုးသမီးတစ်ဦးအား မော်လမြိုင်ခရိုင် မြို့နယ်ရဲတပ်ဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး (အထူး) မှုခင်းနှိမ်နင်းရေးအဖွဲ့၊ ရဲအုပ်ခိုင်သန်း၊ တပ်ကြပ်ကြီး တင်လင်းထွန်း၊ မော်လမြိုင်မြို့မရဲစခန်း စခန်းမှူး ရဲအုပ်ဆန်းဝင်း၊ နယ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ်ခင်မောင်ဇော်နှင့် အဖွဲ့ဝင်များ၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် လှိုင်းဘွဲ ရဲစခန်း၊ ဒုတိယရဲအုပ် ဝင်းကြိုင်တို့အဖွဲ့ ပူးပေါင်း၍ အလစ်သုတ်သွားခဲ့သော နှစ်ကျပ်သားရွှေဆွဲကြိုးနှင့် အတူ မတ် ၆ ရက်က ဖမ်းဆီးရမိသည်။

မျိုးစုံရောင်းချ

နှစ်ကျပ်သားရွှေဆွဲကြိုး အလစ်သုတ်ခိုးယူသွားခဲ့သူမှာ ကရင်ပြည်နယ် လှိုင်းဘွဲမြို့ (ဃ)ရပ်ကွက် အာဇာနည်လမ်းနေ နယ်လှည့် ငါးခြောက်မျိုးစုံ ရောင်းချသူ မကြည်ကြည်ဝင်း(ခ)အမိနာ ၃၀နှစ် ဖြစ်ကြောင်း သတင်းရရှိသည်။

စိစစ်ကြည့်ရှု

အမှုဖြစ်စဉ်မှာ မတ် ၄ ရက် နံနက် ၉ နာရီခွဲက မော်လမြိုင်မြို့ရှိ စိန်ပန်းခိုင်ရွှေဆိုင်တွင် ဆိုင်ရှင် မခိုင်မြတ်ဝေသည် ဝယ်သူအား ဘောက်ချာဖွင့်ပေးနေစဉ် မကြည်ကြည်ဝင်း(ခ)အမိနာသည် နှစ်ကျပ်သား ရွှေဆွဲကြိုးကို အလစ်သုတ်ခိုးယူထွက်ပြေးသွားပြီး ဆိုင်တွင် ၄င်းကျန်ရစ်ခဲ့သော ဖုန်းဟန်းဆက်မှတစ်ဆင့် ဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများကို စိစစ်ကြည့်ရှုရာမှ ဖော်ထုတ်အရေးယူနိုင်ခဲ့သော အမှုဖြစ်သည်။ ယင်း ဖြစ်စဉ်ကို မော်လမြိုင်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားသည်။

ကျော်သန်း(မော်လမြိုင်)

သံဃနာယကအဖွဲ့ဝင်များ အနားယူခြင်းနှင့် အစားထိုးရွေးချယ်ခြင်းဆိုင်ရာ အစည်းအဝေးကျင်းပ

မြိတ် မတ် ၁၀

တနင်္သာရီတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင်များအနားယူခြင်းနှင့် အစားထိုးရွေးချယ်ခြင်းဆိုင်ရာ အစည်းအဝေးကို မတ် ၇ ရက် နံနက် ၉ နာရီက မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော် သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့်တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အစည်းအဝေးကိုစတင်ကျင်းပပြီး သဘာပတိဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသက ဩဝါဒ ထာမြွက်ကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးမှူးကိုယ်စား မြိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလက ၂၅ ရာခိုင်နှုန်း အနားယူခြင်းဆိုင်ရာလုပ်ငန်းစီမံချက်အရ အနားယူသော ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို ကြေညာပြီး လုပ်ငန်းစီမံချက် အခန်း(၄) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဍ)ကို ရှင်းလင်းလျှောက်ထားသည်။ ဆက်လက်၍ လစ်လပ်သွားသောနေရာ၌ အစားထိုးရွေးချယ်နိုင်ရန် သက်ဆိုင်ရာ နယ်မြေအလိုက် ဆရာတော်များက အဆိုတင်သွင်းကြပြီး တင်သွင်းသည့်အဆိုကို သက်ဆိုင်ရာ ဆရာတော်များက ထောက်ခံကြသည်။

ထို့နောက် သဘာပတိဆရာတော်က အစားထိုးရွေးချယ်ခံရသည့် တိုင်းဒေသကြီးသံဃနာယကဆရာတော် ဘွဲ့အမည်စာရင်းကို တိုင်းဒေသကြီး သံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်သွင်းပြီး သာဓုသုံးကြိမ် ခေါ်ဆို အတည်ပြုသည်။ ဆက်လက်၍ သဘာပတိ ဆရာတော်က နိဂုံးချုပ်ဩဝါဒကထာမြွက်ကြားကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ဗန်းမော် မတ် ၁၀

ဗန်းမော်ခရိုင် မီးသတ်ဦးစီးမှူး ဦးမောင်မောင်အေး၏ ကြီးကြပ်မှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ပေါက်ကုန်းရပ်ကွက် အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့်ဆယ်အိမ်မှူးများသည် မတ် ၂ ရက်နှင့် ၃ ရက် နံနက် ၈ နာရီမှစ၍ ပေါက်ကုန်းရပ်ကွက်ရှိ လူနေအိမ် ၅၀၇ လုံးကို မီးဘေး ကြိုတင် ကာကွယ်ရေးအတွက် "မြို့ရွာတစ်ခွင် သာယာစေချင် မီးတွင်မပေါ့နှင့်" သင့်မြို့မီးဘေးမှ ကင်းဝေးစေရမည်"ဟူသော နှိုးဆော်ချက်ပါ ပြည်သူများ လိုက်နာရမည့် စည်းကမ်းချက် ၁၉ ချက်ပါ စာရွက်စာတမ်းများ ဖြန့်ဝေခြင်း၊ မီးချိတ်၊ မီးကပ်၊ သဲ၊ လှေကား၊ ရေပုံးများ ရှိမရှိ စစ်ဆေးခြင်း၊ မီတာဘောက်၊ မီးခလုပ်၊ မီးဖိုများနှင့် လျှပ်စစ်မီးဖိုသုံးစွဲမှုတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

မိုးကောင်းမြို့ ရွှေသာလျောင်း ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်

ကချင် မတ် ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်ရှိ မြို့ကျက်သရေဆောင် ဆုတောင်းပြည့် ပြည်လုံးချမ်းသာရွှေသာလျောင်း မြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ် ၅ရက် မွန်းလွဲ၂နာရီက အဆိုပါ ဘုရားကြီး၏ မင်္ဂလာမုခ်ဦး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မိုးနိုင်၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့်ဂေါပကအဖွဲ့ဝင်တို့က ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဆုတောင်းပြည့် ပြည်လုံးချမ်းသာ ရွှေသာလျောင်းဘုရားကြီး၏ ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဆုတောင်းပြည့် ပြည်လုံးချမ်းသာ ရွှေသာလျောင်း ဘုရားကြီးဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၅ ရက်မှ ၁၂ ရက်အထိ ၈ရက်တိုင်တိုင် ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ အရောင်းပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်ထောင်စုဖွား
သွေးချင်းများ
တားဆီးကာကွယ်
မီးရန်ခွယ်

ဝမ်းမြောက်ဂုဏ်ယူခြင်းနှင့် ကျေးဇူးတင်လွှာ

Miss Myanmar International 2013 ပြိုင်ပွဲကြီးတွင် ထိုက်တန်သည့် သရဖူဆောင်းနိုင်ခဲ့သော သမီးငယ် **ဂုဏ်ရည်အေးကျော် (ခ) Kit Kit (B.A English); IDCS (UK)** ၏ကြိုးစားမှုနှင့် အောင်မြင်မှုအတွက် မိသားစုမှ ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် ကျေးဇူးတင်ထိုက်သူများဖြစ်သော Myanmar Tourism Federation နှင့် Organizer Myanmar Tourism Services မှ လူကြီးမင်းများ၊ အကဲဖြတ်ဒိုင်လူကြီးများ၊ မိတ်ကပ်ခင်စန်းဝင်း၊ ဒီဇိုင်နာကောင်းမြတ်နှင့် ကျော်စိုးအောင်၊ မန္တလေးပန်တျာကျောင်းမှ စောင်းဆရာမ ဒေါ်မော်လွင်မြင့်နှင့်ခင်ပွန်း၊ Kit ၏သူငယ်ချင်းများ၊ Miss Myanmar Internationl ဖြစ်လာစေရန် လမ်းညွှန်ပြသကူညီပေးခဲ့ကြသည့် ဆရာသမားများအားလုံးနှင့် အားပေးကြသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်း၊ ပရိသတ်များအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဒေါက်တာအေးကျော် (ပြဟ္မစိုရ်ကုသိုလ်ဖြစ်ဆေးခန်း)
ဒေါ်ခင်မထွန်း (တရားလွှတ်တော်ရှေ့နေ၊ ဘဏ်ဥပဒေအကြံပေးရှေ့နေ)
Suzuki Hiroshi & စန္ဒီအေးကျော် (တိုကျို-ဂျပန်)
Kit Kit (ခ) ဂုဏ်ရည်အေးကျော်
(မိသားစု)၊ မန္တလေးမြို့

အများသိစေရန်ကြေညာခြင်း

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နေ ဦးမျိုးသန့်၏သား မောင်မျိုးငြိမ်း ၅/ဆလက(နိုင်)၀၈၆၄၄၀နှင့် ကျွန်မ မမျိုးသန္တာဝင်း ၉/မထလ(နိုင်)၂၈၆၅၀၉သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၄င်း၏ဆန္ဒအရ ၂၆-၂-၂၀၁၃ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်သည်။ နောက်နောင် ၄င်းနှင့် လုံးဝ(လုံးဝ) မသက်ဆိုင်ပါကြောင်း အသိပေးအပ်ပါသည်။
(မေးမြန်းခြင်းသည်းခံပါ။) **မျိုးသန္တာဝင်း ၉/မထလ(နိုင်)၂၈၆၅၀၉**

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စမ်းချောင်းကြီးရပ်ကွက်၊ လှော်ကားလမ်းဆုံ၊ အမှတ် ၈၄၊ ဧရိယာ ပေ၆၀ × ပေ၂၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်နှင့်မီတာအပါအဝင် အကျိုးခံစားခွင့် လက်ရှိပိုင်ရှင် ဒေါ်အေးမိစံ ၉/မထလ(နိုင်)၀၄၁၃၀၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာအေး ၁၄/မအပ(နိုင်)၂၄၉၉၀၉ က အပိုင်လွှဲပြောင်းဝယ်ယူရန် အိမ်မြေဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဗန်လျန်ကျုံး Esq.
LL.B, LL.M, IntL (IHL)
အထက်တန်းရှေ့နေ (စဉ်-၃၈၀၅၇)
အမှတ် ၄၆၊ ပထပ်(F)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၁၁၁၉၆

အမွေပြတ်စွန့်လွှတ်ခြင်း

ရေကြည်မြို့နယ်၊ သစ်ငုတ္တထောင်ကျေးရွာ ကျောင်းအုပ်ဆရာမကြီး မြင့်မြင့်ခိုင်သည် မိဘများခွင့်မလွှတ်နိုင်၊ အကျင့်စာရိတ္တပျက်ယွင်းမှုကြောင့် သမီးအဖြစ်မှ အမွေပြတ်ကြေညာလိုက်သည်။**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးချစ်သောင်း-ဒေါ်လှကြည်

ကြော်ငြာ

"မွေးနေ့မင်္ဂလာဆုတောင်း"

ကို

(၁၁-၃-၂၀၁၃) ရက် ယနေ့တွင်ကျရောက်သော **"ကို"** ရဲ့ မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် **"ကို"** ချစ်သော မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ အသက်ထက်ဆုံး ဖြတ်သန်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းဆုပြုပါသည်။

ချစ်ဇနီး - ဆူးလေး
ချစ်သားကြီး - သီဟနိုင် (VIII THUREIN -NAN Private High School)
ချစ်သားလတ် - ရဲလွင်မိုး (V THUREIN -NAN Private High School)
ချစ်သားငယ် - ရဲဝင်းအောင် (II THUREIN -NAN Private High School)

မန္တလေး

- လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်ဥယျာဉ်မြို့တော်တွင်ဝါဝါဝင်းဆောက်လုပ်ရေးမှ မြေကွက်ဝယ်ယူထားသူများအားလုံး ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကုမ္ပဏီနှင့်လာရောက်ဆက်သွယ်ကြပါရန် အကြောင်းကြားပါသည်။

ဆက်သွယ်ရန်- ၂၅၀၆၅၀၊ ၂၅၀၇၂၀

သာသနာရေးဝန်ကြီးဌာန Nice Fare Travel Co.,Ltd. ၏ IATA

ယမုံနာအလင်း ဗုဒ္ဓဂယာ ဘုရားဖူး ပို့ဆောင်ရေး

Nice Fare Travel Co.,Ltd. သည် လွန်ခဲ့သော (၉) နှစ် ကျော်မှ စတင် ၍ ပြည်တွင်း / ပြည်ပ လေယာဉ် လက်မှတ်၊ In & Out Bound Tour များ အား ' စေတနာကောင်း မှ တံကောင်းမည် ' ဆောင်ပုဒ် နှင့် အညီ မိတ်ဖ ပြည်သူ ၊ ညီအစ်ကို မောင်နှမများ စိတ်ချမ်း မြေ့စွာ ကြည်ညို ဖူးမျှော်နိုင် ရေး အတွက် ကုသိုလ်ယူ ပို့ဆောင်ပေးလျှက်ရှိပါသည်၊

(၁) - သံဝေဇနိယ (၄)ဌာန + အဝိဇဟိတ (၄) ဌာန ၊ နယူးဒေလီ ၊ တပ်ချပ်မဟာ (၁၄ ညအိပ် ၁၅ ရက် ၉သိန်းခွဲကျပ်)၊ (၂) - သံဝေဇနိယ (၄) ဌာန + အဝိဇဟိတ (၄)ဌာန (၁၁ ညအိပ် ၁၂ ရက် - ၈ သိန်းကျပ်) ၊ (၃) - သံဝေဇနိယ (၄) ဌာန+ အဝိဇဟိတ (၃) ဌာန (၇ ညအိပ် ၈ ရက် -၇ သိန်းကျပ်) ၊ သံဃာတော် နှင့် သီလရှင်များအား ကျပ်(၁)သိန်း ဈေး လျှော့ပေးမည် ဖြစ်ပြီး (၁၆) ဦးလျှင် (၁) ဦး အခမဲ့လိုက်ပါခွင့် ရှိပါသည်၊ Passport ရှိပြီးပါက ဈေးလျှော့ပေးပါမည်၊

ရန်ကုန် / မန္တလေး ⇄ ဂယာ ထွက်ခွာမည့်ရက်များမှာ - ၆- ၄ -၂၀၁၃ ၊ ၁၃- ၄ -၂၀၁၃

မြတ်သော မေတ္တာ စေတနာဖြင့် ရတနာသုံးပါး သဒ္ဓါပွားဖို့ ' ယမုံနာအလင်း ' နှင့် သွားကြစို့ . . .

ခရီးစဉ် အသေးစိတ် သိရှိလိုပါက-

ရန်ကုန်ရုံး - [illegible] ရုံးခွဲ (၁) - [illegible] ။ ရုံးခွဲ (၂) - [illegible] ။ ရုံးခွဲ (၃) - [illegible] ။ မန္တလေးရုံးခွဲ - [illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် **၄၉ဒီ** ၊ မြေကွက်တည်နေရာအမှတ် **၄၉ဒီ** ၊ကျော်သူ၂၅ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်သက်တင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သက်တင်နှင့် (ခင်ပွန်း) ဦးသန်းစိန်၊ (သား)ဦးမြင့်သူရတို့ အသီးသီး ကွယ်လွန်သဖြင့် ဒေါ်ခင်သက်ဦး ၁၂/ဥကတ (နိုင်)၀၁၀၅၅၇၊ ဒေါ်အမာကြည် ၇/အဖန (နိုင်)၀၃၀၃၅၈၊ဒေါ်အေးစန္ဒာ ၁၂/ဥကတ (နိုင်)၀၂၁၄၄၃ တို့က သမီးနှင့်ချွေးမတို့ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၃)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများ (ပဌနကိုရ်/ချောက်)၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲများ (ပြည်/ပျဉ်းမနား)နှင့် မအူပင်စခန်းတွင် အသုံးမပြုတော့သည့် အဆင့်ချပြီးပီပါခွံအရေအတွက် ၄၀၆၃ လုံးအား နေရာဌာနအသီးသီး အလိုက်ရောင်းချမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ကြောင်းကြေညာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချမည့်-

(က)	**နေ့ရက်နှင့်အချိန်**	- ၁၁-၃-၂၀၁၃ ရက်မှ ၁၈-၃-၂၀၁၃ ရက်အထိ နေ့စဉ်ရုံးဖွင့်ရက် ရုံးချိန်အတွင်း
(ခ)	**နေရာ**	- စီမံရေးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် ၆၊ နေပြည်တော် ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများ (ပဌနကိုရ်/ချောက်)၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲများ (ပျဉ်းမနား/ပြည်)နှင့် မအူပင်စခန်း
(ဂ)	**တင်ဒါတစ်စောင်နှုန်း**	- ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

၃။	**တင်ဒါပိတ်ရက်**	-၁၈-၃-၂၀၁၃ ရက် ၁၅:၀၀ နာရီတိတိ
၄။	**တင်ဒါပေးသွင်းရမည့်နေရာ**	-အထက်အပိုဒ် ၂(ခ)တွင် ပါရှိသည့် တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချသည့်နေရာများ
၅။	**တင်ဒါဖွင့်ရက်နှင့်အချိန်**	-၂၁-၃-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီ
၆။	**တင်ဒါဖွင့်မည့်နေရာ**	-ရုံးအမှတ် ၆၊ နေပြည်တော်

၇။ တင်ဒါပေးသွင်းသူသည် တင်ဒါတင်သွင်းခွင့်စပေါ်ငွေကို နေရာဌာနအသီးသီးအလိုက် သတ်မှတ်ထားသော တန်ဖိုးနှင့်အညီ ငွေသားဖြင့် ပေးသွင်းရမည်။

၈။ အသေးစိတ်အချက်အလက်များကို သိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၁၁၄၉၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် ၆၊ နေပြည်တော်

ပထမအကြိမ်
စက်မှုလက်မှုသိပ္ပံအင်းစိန် E.G.T.I(Civil)
ကျောင်းသားကျောင်းသူများ၏အာစရိယပူဇော်ပွဲကျင်းပရန်ဖိတ်ကြားခြင်း

အင်းစိန်စက်မှုလက်မှုသိပ္ပံကျောင်းတွင် (၂၀၀၀ မှ ၂၀၀၂) ခုနှစ်အတွင်း E.G.T.I(Civil)ဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာသင်ပေးခဲ့ကြသော ကျေးဇူးရှင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ သူငယ်ချင်းအပေါင်းတို့ခင်ဗျား ၇-၄-၂၀၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်မွှောရုံ၌ အာစရိယပူဇော်ပွဲ ကျင်းပမည် ဖြစ်ပါ၍ မပျက်မကွက်ကြွရောက်ကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။

ကျောင်းသား ကျောင်းသူများမှ အလှူငွေများကို အောက်ပါအလှူငွေကောက်ခံသူများထံတွင် အမြန်ဆုံးဆက်သွယ်လှူဒါန်းကြပါရန် နိုးဆော်အပ်ပါသည်။

ဦးသက်လွင်	ဖုန်း-၀၉-၅၀၆၅၆၆၅	ဦးစိုးဝင်း	ဖုန်း-၀၉-၅၀၈၄၉၁၃
ဦးတင်ထွန်းဇော်	ဖုန်း-၀၉-၄၃၀၃၉၈၁၆	ဒေါက်တာနွယ်နီမြင့်	ဖုန်း-၀၉-၅၁၇၇၀၄၂
ဦးအောင်သူ	ဖုန်း-၀၉-၅၁၆၃၆၃၂	ဦးသာအေး	ဖုန်း-၀၉-၄၉၃၁၀၈၃၆
ဦးမြင့်အောင်	ဖုန်း-၀၉-၅၀၈၈၉၅၀	ဒေါ်ကြည်သာညိုဝင်း	ဖုန်း-၀၉-၄၂၀၇၄၂၈၁၄
ဦးရာဇာမျိုး	ဖုန်း-၀၉-၅၁၈၄၀၆၄	ဦးတင်ထွဋ်	ဖုန်း-၀၉-၄၉၃၀၅၀၉၀

ကမ္ဘောဇဘဏ်များတွင် Account No.0601220001622 သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းနိုင်ပါသည်။

ရေကြောင်းအင်ဂျင်နီယာအရာရှိဖြစ်လိုသူများအတွက်

UNIQUE MARINE TRAINING CENTER

Workshop Skills Training သင်တန်းသားများခေါ်ယူခြင်း

3rd Engineer စာမေးပွဲဖြေလိုသူများအတွက် Unique Marine Training Center တွင် စဉ်ဆက်မပြတ် ဖွင့်လှစ်လျှက်ရှိသော WorkShop Skills Training သင်တန်း အမှတ်စဉ်(၂) အတွက် သင်တန်းသားများအား စတင်လက်ခံနေပြီ ဖြစ်ပါကြောင်း။

မှတ်ချက်။ သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့်ဦးရာလူစနစ်ဖြင့် လက်ခံသွားမည်ဖြစ်ပါသည်။

သင်တန်းကြေး - (၁၃)သိန်း
ဆက်သွယ်ရန်လိပ်စာ - ဝါးတန်းရွာသစ်ချောင်းလမ်း(ကမ်းနား)၊ ဆိပ်ကမ်းမြို့နယ်။ (လုပ်ငန်းလိုင်စင်ရုံးဘေးမှဝင်ပါ)
ဆက်သွယ်ရန်ဖုန်း - ၀၉၄၉၂၄၇၉၇၉၊ ၀၉၄၉၆၅၀၇၇၇

Central Link (ကျောင်းခွဲမရှိပါ)

" Central Link ကျောင်းမှကျောင်းသားအားလုံးသိစေရန် "

မေလတွင်စစ်ဆေးမည့်(ပဥ္စမ)အကြိမ်မြောက်E.P.S(TOPIK) စာမေးပွဲအတွက်လျှောက်လွှာတင်ရန်ကျောင်းသားများ အားလုံးကျောင်းသို့ (၁၅. ၃. ၂၀၁၃) နောက်ဆုံးထား ဆက်သွယ်ကြပါရန်။

Management Office
Central Link
09 731 900 40

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
ရုံးအမှတ်(၄၇)၊ နေပြည်တော်

လက်ထောက်တိုင်းရင်းဆေးမှူး(လစာနှုန်း၊ ၅၉၀၀၀-၁၀၀၀-၆၄၀၀၀)ရာထူးနှင့်
ဒု-လက်ထောက်တိုင်းရင်းဆေးမှူး(လစာနှုန်း၊ ၅၃၀၀၀-၁၀၀၀-၅၈၀၀၀)
ရာထူးနေရာများအတွက်

ရေးဖြေစာမေးပွဲအချိန်စာရင်းကြေညာခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန လက်အောက်ရှိ လုပ်ငန်းဌာနခွဲ အသီးသီးတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်တိုင်းရင်းဆေးမှူး (လစာနှုန်း၊ ၅၉၀၀၀-၁၀၀၀-၆၄၀၀၀) ရာထူးနှင့် ဒု-လက်ထောက်တိုင်းရင်းဆေးမှူး (လစာနှုန်း၊ ၅၃၀၀၀-၁၀၀၀-၅၈၀၀၀)ရာထူးနေရာများအတွက် အရည်အချင်းသတ်မှတ်ချက်နှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း လျှောက်လွှာများခေါ်ယူခဲ့ပါသည်။

၂။ ယခုအခါ လျှောက်ထားသူများပြားသည့်အတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပါသဖြင့် အဆိုပါသတင်းစာကြော်ငြာ အပိုဒ်(၇)အရ ၁၈-၃-၂၀၁၃ ရက်တွင် ဖော်ပြထားသည့် လူတွေ့/နှုတ်ဖြေ ဖြေဆိုခွင့်နေ့ရက်ကို ပယ်ဖျက်လိုက်သည်။

၃။ အရည်အချင်းသတ်မှတ်ချက် အပိုဒ်(၂) (ခ)နှင့် (ဂ)တို့အရ မြန်မာ့တိုင်းရင်းဆေးပညာတွဲ့ (B.M.T.M)ရရှိထားသူများသည် ရာထူးတစ်ခုသာ ဖြေဆိုခွင့်ရရှိမည်ဖြစ်ပြီး ဖြေဆိုခွင့်ရသည့် ရာထူးနှင့် အမည်စာရင်းကို တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်) နှင့် တိုင်းရင်းဆေးတက္ကသိုလ် တို့တွင် ၁၈-၃-၂၀၁၃ ရက် ရုံးချိန်အတွင်း ကြေညာပေးသွားမည်ဖြစ်ပါသည်။

၄။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၉-၃-၂၀၁၃ ရက် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတွင် ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပြီး တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)ဖြင့် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၅။ သို့ပါ၍ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန လက်အောက်ရှိ လုပ်ငန်းဌာနခွဲ အသီးသီးတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်တိုင်းရင်းဆေးမှူး (လစာနှုန်း၊ ၅၉၀၀၀-၁၀၀၀-၆၄၀၀၀)ရာထူးနှင့် ဒု-လက်ထောက်တိုင်းရင်းဆေးမှူး (လစာနှုန်း၊ ၅၃၀၀၀-၁၀၀၀-၅၈၀၀၀) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲအချိန်စာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်-

(ရေးဖြေ)ဖြေဆိုရမည့် နေ့ရက်/နေရာ

ဖြေဆိုမည့်နေ့ရက်	- ၂၀-၃-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)
ဖြေဆိုမည့်အချိန်	- နံနက် ၉ နာရီမှ ၁၂ နာရီအထိ
ဖြေဆိုမည့်နေရာ	- တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့။
ဖြေဆိုမည့်ဘာသာရပ်	- (၁) တိုင်းရင်းဆေးပညာဘာသာရပ် (၂) အင်္ဂလိပ်စာဘာသာရပ် (၃) အထွေထွေဗဟုသုတ
ဖြေဆိုခွင့်ကတ်ပြားထုတ်ယူရမည့်ရက်	-၁၉-၃-၂၀၁၃ ရက်(ရုံးချိန်အတွင်း)၊
နေရာ	-တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး။

(လူတွေ့/နှုတ်ဖြေ ဖြေဆိုရမည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။)

Central Link (ကျောင်းခွဲမရှိပါ)
Language Training Centre

ငွေကြေးကုန်ကျစရိတ်(၆)သိန်းခွဲမျှဖြင့်အစိုးရပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှကိုရီးယားနိုင်ငံသို့တရားဝင်သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန်အတွက်E.P.S(TOPIK)စာမေးပွဲကိုမေလတွင်(ပဥ္စမ)အကြိမ်မြောက်အဖြစ်စစ်ဆေးပေးမည်ဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့်ယခင်စာမေးပွဲများကိုမဖြေလိုက်ရသူများ(ပဥ္စမ)အကြိမ်မြောက်စာမေးပွဲကိုဖြေဆိုနိုင်ရန်အတွက် E.P.S (TOPIK) (အနီးကပ်)သင်တန်းများကို(မတ်လ ၁၆/၁၈)နေ့များတွင်စတင်ဖွင့်လှစ်ပေးပါမည်။(အမျိုးသမီးများလည်းတက်ရောက်နိုင်ပါသည်။)

CentralLinkကျောင်းမှE.P.S(TOPIK)ဝင်ရောက်ဖြေဆိုမည့်ကျောင်းသားများအတွက်ပတ်စပို့မရှိသေးသူများအားလမ်းညွှန်ဆောင်ရွက်ပေးခြင်း၊စာမေးပွဲလျှောက်လွှာဖြည့်ပေးခြင်း၊စာမေးပွဲဖြေဆိုချိန်တွင်အခက်အခဲမရှိစေရန်ဆောင်ရွက်ပေးခြင်း၊စာမေးပွဲအောင်မြင်ပြီးပါကအလုပ်လျှောက်လွှာတင်သည်မှကိုရီးယားနိုင်ငံသို့ထွက်ခွာချိန်အထိလိုအပ်သောကူညီပံ့ပိုးမှုများကိုဝန်ဆောင်မှုပေးပါသည်။

အသေးစိတ်စုံစမ်းရန် Ph: 09 73190040,09 8651531

အမှတ်၁၂၃၊ဘီ-၂/၁၂၅-၂၊
ဦးချစ်မောင်လမ်း(မင်းလမ်းမှတ်တိုင်နှင့်ဈေးကွေ့မှတ်တိုင်ကြား)ဗဟန်း။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစု ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေကွက်အမှတ် ၄၄၅၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးခင်မောင်၊ ဦးအောင်ညိမ်း၊ ဦးကြီးညို (ခ)ဦးကျော်လှိုင် အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးခင်မောင်၊ ဦးအောင်ညိမ်း၊ ဦးကြီးညို(ခ)ဦးကျော်လှိုင်တို့က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၂၈ ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းဝေ ၆/ထဝန(နိုင်)၀၆၄၆၀၀
၅/၂၅၊ အောင်ဇေယျလမ်း၊ ၆ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၃၁၅၆၇၃၃

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ စစ်တောင်းလမ်း၊ မြေကွက်အမှတ် ပ-၄၂၆၉၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား ဦးအောင်ခင်(ဘ) ဦးထွန်းပိုင် အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးအောင်ခင် (ဘ) ဦးထွန်းပိုင် က အထက်ဖော်ပြပါ မြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်အေးမိုး
၁၄/ဒဒရ(နိုင်)၀၀၂၁၂၅
တိုက် ၂၆၁၊ အခန်း ၀၂၊ ကံ့ကော်အိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်၊ ဖုန်း-၀၉-၄၃၀၃၄၄၉၀

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်-၄၁ (မြေညီထပ်) တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ပါလိပ်စာတွင် နေထိုင်သူ ဦးလှမောင် ၁၂/မရက(နိုင်)၀၆၂၆၅၁ ၏ ညွှန်ကြားချက်အရ ကြေညာပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်-၅ နေ ဒေါ်နွယ်နီဇော် ၁၂/တမန(နိုင်)၀၆၆၅၂၄ သည် ကြီးလေးသည့် အိမ်ထောင်ရေးပြစ်မှု ကျူးလွန်သဖြင့် အထက်ဖော်ပြပါတိုက်ခန်းတွင် မည်သည့်အခွင့်အရေးမျှ ခံစားခွင့်မရှိကြောင်း ကြေညာပါသည်။

ညွှန်ကြားချက်အရ-

ဦးမြင့်သိန်း
တရားလွှတ်တော်ရှေ့နေ
အမှတ်-၅၆၃၊ အခန်း-၁၀၄၊ MAC Tower
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကိုရီးယားတွင်အလုပ်သွားလုပ်မည့်သူများအတွက်

E.P.S စာမေးပွဲများတွင်ရာနှုန်းပြည့်အောင်မြင်မှုများရခဲ့သောဆရာမ **ဒေါ်ခင်ယုယုစမ်း** LL.B, Dip in Korean (Y.U.F.L) ကိုယ်တိုင်သင်ထောက်ကူစုံလင်စွာ၊သင်ရိုးသစ်ပုံစံများ၊ နိုင်ငံတကာမေးခွန်းပုံစံများဖြင့် ၂၀၁၃ (၅လပိုင်း) တွင် စာမေးပွဲဖြေဆိုနိုင်စေရန်အခြေခံမှ စနစ်တကျသင်ကြားပေးမည်။ (တန်းခွဲသစ်) Ph: 0973040610, 098770096

EVER TOP ဘာသာစကားကျွမ်းကျင်မှုသင်တန်း

အမှတ်(၆၆/၆ဂ)၊၅လွှာ၊အင်းစိန်လမ်း၊ကမာရွတ်။ (စံရိပ်ငြိမ်မှတ်တိုင်/လှည်းတန်းအနီး)

EPS TOPIK (၂၀၁၃) သင်ရိုးသစ်စာအုပ်+CD ရောင်းသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ကျင်းပမည့် ပဉ္စမအကြိမ် (EPS-TOPIK) ကိုရီးယားဘာသာ အရည်အချင်းစစ် စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသော လုပ်သားများအားလုံးသည် ကိုရီးယားအလုပ်သမားဝန်ကြီးဌာန၏ သတ်မှတ်ချက်အရ ကိုရီးယား လူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းမှ စီစဉ်ကျင်းပသော ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲအား အောင်မြင်ရမည်ဖြစ်ပြီး ထိုစာမေးပွဲအောင်မြင်သူသာလျှင် နိုင်ငံခြားသား လုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်း စသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၁။ **စာမေးပွဲနေ့ရက်နှင့်အချိန်**

(က) ၁၈-၅-၂၀၁၃ ရက် (စနေနေ့)နှင့် ၁၉-၅-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

(ခ) နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ(ပထမပိုင်း)နှင့် မွန်းလွဲ ၁၄း၃၀နာရီမှ ၁၅း၄၀နာရီအထိ (ဒုတိယပိုင်း) နှစ်ကြိမ်ခွဲ၍ စစ်ဆေးမည်။

စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် နံနက် ၉ နာရီတွင်လည်းကောင်း၊ ဒုတိယပိုင်း ဖြေဆိုမည့်သူများသည် မွန်းလွဲ ၁၄း၃၀ နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းများတွင် နေရာယူပြီးဖြစ်ရပါမည်။

၂။ **လုပ်ငန်းအမျိုးအစားအလိုက် ခေါ်ဆိုမည့်ဦးရေ (ခန့်မှန်း)**

လုပ်ငန်းအမျိုးအစား	အောင်မြင်သူဦးရေ (ခန့်မှန်း)	အောင်စာရင်းသတ်မှတ်ချက်
စုစုပေါင်းဦးရေ	၄၆၀၀	အမှတ်ပြည့်(၂၀၀)ရှိသည့်အနက် အမှတ်(၈၀)နှင့်အထက် ရရှိသူများအား အမှတ် အနည်း/အများအလိုက် သတ်မှတ်အရေအတွက်သာအောင်မြင်ခွင့် (ခန့်မှန်းဦးရေ)
ကုန်ထုတ်လုပ်ငန်း	၂၀၀၀	
စိုက်ပျိုးရေး/မွေးမြူရေး	၁၈၀၀	
ဆောက်လုပ်ရေး	၈၀၀	

- လုပ်ငန်းအမျိုးအစားအလိုက် အောင်မြင်ခွင့် (ခန့်မှန်းဦးရေ)ကို လုပ်သားလိုအပ်ချက်များအပေါ်မူတည်ပြီး အတိုး/အလျှော့ ရှိနိုင်ပါသည်။
- စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာဖြည့်စွက်စဉ် မိမိလျှောက်ထားလိုသည့် အလုပ်အကိုင်အမျိုးအစားအား ကုန်ထုတ်(သို့မဟုတ်)စိုက်ပျိုးရေး/မွေးမြူရေး (သို့မဟုတ်) ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုကိုသာ ရွေးချယ်ရမည်ဖြစ်ပြီး ရွေးချယ်ထားပြီးသော လုပ်ငန်းအမျိုးအစားအား သတ်မှတ်စည်းမျဉ်းအရ ပြောင်းလဲခွင့်မရှိပါသဖြင့် ဂရုပြုဖြည့်စွက်ရပါမည်။

၃။ **စာမေးပွဲအောင်မြင်သူများအား (Skill Test) ကျွမ်းကျင်မှု စမ်းသပ်စစ်ဆေးခြင်း**

ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများထဲမှ ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်းစာမေးပွဲဖြေဆိုရန် ဆန္ဒရှိသူများအတွက် ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်းအား ပြုလုပ်သွားမည်။ အသေးစိတ်အချက်အလက်များကို စာမေးပွဲအောင်စာရင်း ကြေညာမည့်နေ့ရက်တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ **သတ်မှတ်ချက်များ**

(က) အသက် ၁၈နှစ်မှ ၃၉ နှစ်အတွင်း
(၁၉၇၃ ခုနှစ် ၅ လပိုင်း ၂၀ ရက်နေ့မှ ၁၉၉၅ ခုနှစ် ၅ လပိုင်း ၁၉ ရက်နေ့အတွင်းမွေးဖွားသူ)
(ခ) ထောင်ဒဏ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ ထွက်ခွာရန်တားမြစ်ခြင်းမခံရသူ
(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်း မရှိသူဖြစ်ရမည်)
(ဃ) ကျန်းမာရေးကောင်းမွန်သူ (ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)

၅။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

(က) လျှောက်လွှာထုတ်ပေး/လက်ခံမည့်ရက်-၁၈-၃-၂၀၁၂ရက်မှ ၂၁-၃-၂၀၁၃ရက်အတွင်း (နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၁၈း၀၀ နာရီအထိ)
(ခ) လျှောက်လွှာထုတ်ပေး/လက်ခံဌာန-အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ပင်လုံခန်းမ၊ (၄၃)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
(ဂ) လျှောက်လွှာတင်ရမည့်နည်းလမ်း-လျှောက်ထားသူကိုယ်တိုင်လာရောက်တင်ရမည်။
(ဃ) လိုအပ်သည့်စာရွက်စာတမ်းများ-
(၁) စာမေးပွဲလျှောက်လွှာ(စာမေးပွဲခုံနံပါတ်ပါရှိပြီးဖြစ်ပါ၍ တစ်ဦးလျှင် တစ်စောင်သာထုတ်ပေးမည်။)
(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူတစ်စောင်၊ စာမေးပွဲလျှောက်လွှာတွင် သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအား ကပ်ပေးရပါမည်။)
(၃) ၃ ဒသမ၅စမ ×၄ ဒသမ၅စမ) ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ (ခြောက်လအတွင်းရိုက်ကူးထားသောဓာတ်ပုံ)
(၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့်ငွေရပြေစာ
(င) စာမေးပွဲဖြေဆိုခ-နိုင်ငံခြားငွေလက်မှတ် (FEC)-24
- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့်ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။
(စ) လျှောက်ထားလိုသူအားလုံးအတွက် လျှောက်လွှာများ အလုံအလောက်ထုတ်ပေးပါမည်။

၆။ **စာစစ်ဌာနနှင့် နေ့ရက်၊ အချိန်ကြေညာချက်**

- အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံးမှ ၉-၅-၂၀၁၃ ရက်တွင် ထုတ်ပြန်ကြေညာမည်။

၇။ **စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာခြင်း**

(က) ကြေညာမည့်ရက် ၃-၆-၂၀၁၃ ရက်(တနင်္လာနေ့)
(ခ) ကြေညာမည့်နည်းလမ်း
(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး
(၂) ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားသားလုပ်သား ခေါ်ယူမှုစနစ်/ကိုရီးယားဘာသာအရည်အချင်းစစ် စာမေးပွဲ(EPS-TOPIK) နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage(http://www.eps.go.kr), Homepage (http://epstopik.hrdkorea.or.kr), (http://www.hrdkorea.go.kr)
(၃) စာမေးပွဲသက်တမ်း ၃-၆-၂၀၁၃ရက်မှ ၂-၆-၂၀၁၅ရက် အောင်စာရင်းထုတ်ပြန်ကြေညာသည့်ရက်မှ(၂)နှစ်တာ

၈။ **စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

မေးခွန်းပုံစံ	မေးခွန်းအရေအတွက်	အမှတ်ပေါင်း	ဖြေဆိုချိန်	မှတ်ချက်
အဖတ်စွမ်းရည် (Reading)	၂၅ ပုဒ်	၁၀၀	မိနစ် ၄၀	အကြားစွမ်းရည်နှင့် အဖတ်စွမ်းရည်စာမေးပွဲ အား နားချိန်မထားဘဲ ဆက်တိုက်ဖြေဆိုရမည်
အကြားစွမ်းရည် (Listening)	၂၅ ပုဒ်	၁၀၀	မိနစ် ၃၀	
စုစုပေါင်း	၅၀ ပုဒ်	၂၀၀	မိနစ် ၇၀	

မေးခွန်းပုံစံ : (a Multiple-Choice Question)
လေ့လာကိုးကားရန် : (The standard textbook for EPS-TOPIK) စာမေးပွဲလမ်းညွှန်စာအုပ်ကို လေ့လာကိုးကားထားရပါမည်။

၉။ **စာမေးပွဲဖြေဆိုသည့်နေ့တွင် ဖြေဆိုသူ ယူဆောင်လာရန်**

(က) ဖြေဆိုခွင့်ကတ်ပြား
(ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား
အထက်အပိုဒ်(က)၊ (ခ)၊(ဂ)ပါ အထောက်အထားများယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက် ဖြေဆိုခွင့်မရှိပါ။
(ဃ) အဖြေလွှာအတွက် အနက်ရောင်ကွန်ပျူတာသုံးဆော့ပင်(Felt tip pen)(သို့မဟုတ်)အနက်ရောင်ဘောလ်ပင်သာ အသုံးပြုရမည်။
(၁) အပြာရောင်ဘောလ်ပင်၊ ခဲတံစသည်တို့အားအသုံးပြုပါက မှားယွင်းသောအဖြေအဖြစ်သာ သတ်မှတ်သွားမည်။
သင့်အပေါ် တရားလိုက ပျက်စီးဆုံးရှုံးသွားသော ကုန်ပစ္စည်းထိုင်းဘတ် ၂၁၂၇၉၀၀ သို့မဟုတ် ယင်းငွေနှင့် ညီမျှသော အမေရိကန်ဒေါ်လာရရန်အတွက် သယ်ယူပို့ဆောင်သူများ ဥပဒေအရ စွဲဆိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၅ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သစ်ဆွေ)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေကွက်အမှတ် (၉၀/၇၁၇)အား မူလအမည်ပေါက် ဦးထွန်းအေးကျော် ၁၂/အစန(နိုင်)၁၂၀၃၂၇ထံမှ ကျွန်တော် ဦးမြအောင် ၁၂/သလန(နိုင်)၀၃၅၆၆၇သည် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။

ဦးမြအောင်
၁၂/သလန(နိုင်)၀၃၅၆၆၇
၂/၂၊ ရွာတန်းရှည်၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၉-၄၂၀၀၅၈၂၆၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်း-၂၀)
မရမ်းကုန်းမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၈

ဒေါ်ကျင့်မြင့်(ခ)ဒေါ်ခင်စန်းရီ **နှင့်** ၁။ ဆရီနီဗတ်၊ ၂။ ဒေါ်စန်းကြည်၊ ၃။ ဒေါ်သန်းညွန့်၊
အမှတ်(၃)၊ ခိုင်ရွှေဝါလမ်း၊ မရမ်းကုန်းမြို့နယ်၊
အမှတ်(၉၈)၊ ပါရမီလမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်။
တရားလို **တရားပြိုင်များ**

အထက်အမည်ပါ တရားပြိုင်များဖြစ်သော ဒေါ်စန်းကြည် ပါ-၂ဦး၊ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ် တရားလိုက ပဋိညာဉ်ပါ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)(သမိုင်း)၊ မြေကွက်အမှတ် (၃/၁)၊ ဧရိယာ ဝဒသမ၈၂၁၈ဧကရှိ မြေပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ် (၃၁)၊ ခိုင်ရွှေဝါလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအား အရောင်းမှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၂ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၁ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ရမည်။

၂၀၁၃ခုနှစ် မတ် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်စိုး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မရမ်းကုန်းမြို့နယ်တရားရုံး

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့သော လမ်းမတော်မြို့နယ်ရှိတိုက်ခန်းအား လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ခင်ပွန်းဖြစ်သူ၏ နေထိုင်ခွင့်စာချုပ်မူရင်းမှာ ပျောက်ဆုံး၍ ဇနီးဖြစ်သူမှ ၄င်းအမည်ဖြင့် နေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲချုပ်ဆိုခွင့်ပြုပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁	ဦးတွမ်ဇမ်း(ခ)ဖေမောင် (ကွယ်လွန်) ၅/ကလထ(နိုင်)၀၅၃၀၀၂	ဒေါ်ကျင်ခေါ်နဲမ်း(ဇနီး) ၅/ကလထ(နိုင်)၀၅၃၀၀၃	တိုက် (၃၉)၊ အခန်း (၇)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးမြို့နယ်တရားမရုံးတော်၌
၂၀၀၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂ နှင့်ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆

ခရိုင်မန်နေဂျာ **နှင့်** ၁။ ဒေါ်ဝင်းဝင်းမြ
မြန်မာ့စီးပွားရေးဘဏ်၊ တောင်ကြီးမြို့။ ၂။ ကိုနေမျိုး(သား)
ဒီကရီအနိုင်ရသူ **တရားရှုံးများ**

(၁) ဒေါ်ဝင်းဝင်းမြ၊ (၂) ကိုနေမျိုး(သား) အကွက်အမှတ် ၄၀၊ အိမ်အမှတ် ၄၂၊ သစ်ပင်ထောင်၊ အေးသာယာမြို့သစ်၊ တောင်ကြီးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် မတ် ၂၁ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် မတ် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိုးမိုးမြင့်)
တွဲဖက်မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

ဦးစောအယ်လ်ဘတ် ၁၂/ကမတ(နိုင်)၀၄၂၇၃၇ နှင့် ဦးခင်လှအပါအဝင် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၆၀ ဟုခေါ်တွင်သော သုံးခန်းတွဲ၊ ရှစ်ထပ်တိုက်အဆောက်အအုံနှင့် အဆောက်အအုံတည်ရှိရာ ပေ(၁၅၀×၅၅)အကျယ်အဝန်းရှိ မြေကွက်သည် ဦးစောအယ်လ်ဘတ်၏ ဖခင် ဦးကျော်ဇော အမည်ပေါက် ပိုင်ဆိုင်ခဲ့သည့်ပစ္စည်းများဖြစ်ကြပါသည်။ တရားဝင် အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဦးကျော်ဇောထံမှ တရားဝင် ဝယ်ယူသူသာလျှင် ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၆-၃-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၇)တွင် ဦးစောအယ်လ်ဘတ် ၁၂/ကမတ(နိုင်)၀၄၂၇၃၇ သိစေရန် ခေါင်းစဉ်ဖြင့် ဦးခင်လှမှ ကြေညာသော အထက်ဖော်ပြပါ အဆောက်အအုံ၏ ရှစ်လွှာ၊ အလယ်ခန်း(ရှစ်လွှာ-ဘီ)သည် ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းကျော်(ခ)ငွန်ဟွာကွန်က ဦးကျော်ဇောထံမှ တရားဝင်ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်ထားသည့် တိုက်ခန်းဖြစ်၍ ကျွန်ုပ်မိတ်ဆွေပိုင် တိုက်ခန်းအား အခြားသူမှသော့ခတ်ပိတ်ဆို့ခွင့်မရှိကြောင်းနှင့် လိုက်နာခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းထွန်း(ခ)ဦးငွေသိန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၂)
အမှတ် ၅၀(ပထမထပ်)၊ အခန်း(အီး-၁၁)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၂၉၀၂

ကြော်ငြာ

ဂင်္ဂါမြေ

အိန္ဒိယ–နီပေါ ဘုရားဖူးနှင့်ပြည်တွင်းအဆင့်မြင့်ခရီးစဉ်များ

Promotion (၁၀)ဦးဝယ်လျှင်+(၁)ဦးအခမဲ့

သံဝေဇနီယနှင့်အဝိဇ္ဇဟိတဌာနများ၊နယူးဒေလီ ၁၅ ရက် (၈)သိန်း
သံဝေဇနီယလေးဌာန၊ဝေသာလီ၊ရာဇဂြိုဟ် ၈ ရက် (၇)သိန်း

မတ်၊ဧပြီတွင်ထွက်ခွာမည့် ခရီးစဉ်များအတွက်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

Promotion (၃)ဦးဝယ်လျှင်+(၁)ဦးအခမဲ့

မန်းရွှေစက်တော်	Mar 15,22,29	(70000)	မြတ်မော်တင်စွန်း	Mar 15,22,25	(70000)
လားရှိုး၊မူဆယ်၊ရွှေလီ	Mar 22/Apr 12	(300000)	ကဿပ၊မန္တလေး၊ပြင်ဦးလွင်	Mar 23/Apr 12	(170000)
ထားဝယ်(ရှင်ကိုးရှင်)	Mar 22/Apr 12	(250000)	တောင်ကြီး၊အင်းလေး	Mar 23/Apr 12	(170000)
ရွှေစက်တော်၊ပုဂံ၊ပခုက္ကူ	Mar 22/Apr 12	(170000)	မြဝတီ၊မဲဆောက်၊ဖဝေါ	Mar 23/Apr 12	(250000)
ပုဂံ၊မန္တလေး၊ပြင်ဦးလွင်	Apr 12	(210000)			

အမှတ် ၁၀၀၊လမ်းသစ်လမ်း၊လမ်းမတော်မြို့နယ်။

09-73340050, 09-73340051, 09-73340052, 09-420187871,09-420187872,09-420187873

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ကျွန်တော် ဒေါက်တာသန်းအောင် Research fellow,Nanyang Technological University, Singapore နှင့် ကျွန်မ ဒေါက်တာမေအေးမြထွန်း Hepatologist's Assistant, Aung Yadana Hospital တို့သည် နှစ်ဖက်သောမိဘများ သဘောတူညီချက်အရ ဒေါ်လွဲ့လွဲ့အေး (ဒုတိယခရိုင်တရားသူကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး)၏ ရှေ့မှောက်၌ ၂၆-၂-၂၀၁၃ရက်တွင် ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာသန်းအောင်–ဒေါက်တာမေအေးမြထွန်း

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၇၃

ဒေါ်ဝင်းမြတ်မွန် နှင့် ၁။ ဒေါ်နီနီညွန့်
၂။ ဒေါ်ခင်မျိုးဆွေ

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ ရတနာလမ်း၊ မလိခ အိမ်ရာ၊ အခန်း ၃၄၊ အမှတ်(၇) (ယခုနေရပ်လိပ်စာမသိ) ဒေါ်နီနီညွန့် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် - ၁၄၂/၂၀၁၂၏စီရင်ချက်နှင့် ဒီကရီသည်တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးရန်နှင့် အချင်းဖြစ်တိုက်ခန်းကို လက်ရှိထားပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၅ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌
၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁

ဒေါ်စိုးစိုးခိုင် **လျှောက်ထားသူ**

နှင့်

၁။ ဒေါ်စန်းရင် **လျှောက်ထားခံရသူများ**
၂။ ဒေါ်လှမြင့်(ခ)ဒေါ်စလဲမာ
၃။ ဒေါ်သန်းသန်းမြင့်
၄။ ဦးအောင်မြင့်
၅။ ဒေါ်တင်တင်ငြိမ်း
၆။ ဦးကြည်စန်း

အမှတ်-၂၂၃၊ (၆-လွှာ)၊ ၃၁ လမ်း၊ ၁၁ ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
(ယခုနေရပ်လိပ်စာမသိ သိစေရမည်။)

လျှောက်ထားသူ ဒေါ်စိုးစိုးခိုင်မှ ရန်ကုန်တိုင်းဒေသကြီး၊ပန်းဘဲတန်းမြို့နယ်၊ ၁၁ ရပ်ကွက်၊ ၃၁ လမ်း၊ အမှတ် ၁၉၂၊ ပထမထပ်(ဝဲ)အခန်း၏ ပညတ်ဝရမ်းအား တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ ပညတ်ဝရမ်းခွာပေးပါရန် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၃ ခုနှစ် မတ် ၂၉ ရက် (၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးတော်သို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှု ပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်မောင်လတ်
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ရုံးရှေ့လာရောက်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ(၂၀)(၁)
ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၆၃၅

ဦးမောင်မောင်မြင့် နှင့် ဒေါ်မေသူဝင်းပါ(၃)

တရားလို **တရားပြိုင်များ**

မြင်းခြံမြို့နေ ဒေါ်ခင်တင့်(ယခုနေရပ်လိပ်စာမသိသူ)နှင့် ပဲခူးမြို့နေ ဒေါ်ဖြူဖြူချို (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက နစ်နာကြေးငွေရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၉ရက် နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။

၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ အမှုကိုဆက်လက်ဆောင်ရွက်လိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာစာချုပ်စာတမ်းများ၊ သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

၂၀၁၃ခုနှစ် မတ် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လွဲ့လွဲ့အေး
ဒုတိယခရိုင်တရားသူကြီး
အနောက်ပိုင်းခရိုင်တရားရုံး

ကြော်ငြာစာ

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁

ကွယ်လွန်သူ ဦးလှသိန်း၊ ဒေါ်ရွှင်ကြည်တို့၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဒေါ်မာလာမြင့် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နိဗ္ဗိန္ဒလမ်း၊ အမှတ်(၅၇၃)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလှသိန်းနှင့်ဒေါ်ရွှင်ကြည်၏ ကျန်ရှိရစ်သောပစ္စည်းနှင့်စပ်လျဉ်း အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နိဗ္ဗိန္ဒလမ်း၊ အမှတ်(၅၇၃)နေ ဒေါ်မာလာမြင့်မှ အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၁၈ အရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၁၃ ခုနှစ်၊ မတ် ၂၉ ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်)တွင် ကြားနာရန်ချိန်းဆိုထားသောကြောင့် ထိုကွယ်လွန်သူ ဦးလှသိန်းနှင့် ဒေါ်ရွှင်ကြည်တို့၏ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟု အဆိုရှိသူတို့သည် ၂၀၁၃ ခုနှစ်၊ မတ် ၂၉ ရက်(၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်) နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်အမှုရင်ဆိုင်ရန်နှင့် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ မထုတ်ပေးမီ သက်ဆိုင်ရာအမှုတွဲအား ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက် အမှုရင်ဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ ဒေါ်မာလာမြင့်၏ လျှောက်လွှာ အပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ်၊ မတ် ၈ ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းရွှေမြင့်
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကွင်းသုံးဆင့်ကျေးရွာအုပ်စု၊ တောင်ယာကြီးရွာမှ ဦးကျော်ဝင်း၏ သမီးဖြစ်သူ ၁၄/ရကန(နိုင်)၁၃၉၈၀၃ ကိုင်ဆောင်သူ မမျိုးပပကျော်နှင့် မပပကျော်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မမျိုးပပကျော်(ခ)မပပကျော်

မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

☎ - ၀၉-၄၄၈၀၂၅၃၄၂
၀၉-၇၃၂၃၄၆၅၆
၀၉-၇၃၂၂၉၉၆၅

အထွေထွေဆိုင်ကယ်ရောင်းဝယ်ရေးလုပ်ငန်း၌ သိန်း ၄၂၀/၅၀၀/၁၀၀၀/ သိန်း ၁၅၀၀/ ဆုကြီးများ ကြွေစီးသေချာစေမည်

ထီဘုရင်ပြတ်ဆွေဦး၏အသင့်တွက်ပြီး

မင်္ဂလာဆုံတွဲ(၅)တွဲ လက်ဆောင်ထီ ၅၅၀၀/–(၁၀)တွဲလက်ဆောင်ထီ ၁၃၀၀၀/– သိန်း (၁၅၀၀)ပေါက်လျှင် HONDA FIT ကား/သိန်း(၁၀၀၀)ပေါက်လျှင် CHEERYကား၊သိန်း(၅၀၀)ပေါက်လျှင် I-Phone အထူးလက်ဆောင်ပေးမည်။

နယ်မှထီထိုးလိုက ဖုန်းဖြင့်ကြိုတင်မှာကြားပါ။

ဃ/၂၀၉၊ ဒေဝမာသီလမ်းမ (ဝေပုလ္လ)အနီး၊, မ/ဥက္ကလာ၊ ရန်ကုန်။
☎ - 01-691492 📱 - 09-5010196

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ တိုက်အမှတ်(၁၃/၁၅)၊ (၄-လွှာ)၊ အကျယ်အဝန်း ပေ(၂၀×၅၀)ရှိ တိုက်ခန်းအား အမည်ပေါက် ဒေါ်ခင်စု ၁၂/မဂတ(နိုင်)၀၄၇၀၆၀(ကွယ်လွန်)၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူ အစ်ကိုအရင်း ဦးအောင်သန်း ၁၂/ဒပန(နိုင်)၀၀၂၃၅၃ က ရောင်းပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက လက်ရောက်လွှဲပြောင်းဝယ်ယူရန် အရောင်းအဝယ်တန်ဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှ ၁၀ ရက်အတွင်း ခိုင်လုံသော အထောက်အထားအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မြတ်ထွဋ် H.G.P, LL.B, D.A, D.O.S., B.D.S, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၇၆/၈၇)
ရုံး-တိုက်-၉/၁၁(ပထမထပ်)၊ အခန်း-၁၀၄(ဒီ)၊ ၃၆ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၉၂၂၈၁၄၆

"ကုန်အမှတ်တံဆိပ်အမည်အမှတ်သားအား အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်တောင်ပိုင်း၊ (၁၀၄)ရပ်ကွက်၊ မင်းရဲ ကောင်းပုံလမ်း၊ အမှတ်(၁၁၄၅)၊နေ ကျွန်ုပ်၏ မိတ်ဆွေ ဦးသန့်ဇင်၊ မှတ်ပုံတင်အမှတ် ၁၂/သဃက(နိုင်)၁၅၉၆၉၇သည် ရန်ကုန်မြို့၊စာချုပ်စာတမ်းရုံးတွင် စာချုပ်အမှတ် ၄/၂၀၄၀ဖြင့် (၂၅. ၂. ၂၀၁၃)ရက်နေ့တွင် အောက်ပါကုန်အမှတ်တံဆိပ်အား မှတ်ပုံတင် တင်သွင်းပြီးဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

သဘာဝထုံးဘုရင်

⚠ (မေမြို့ကွမ်းစားထုံး) ⚠

သို့ဖြစ်ပါ၍ အဆိုပါကုန် အမှတ်တံဆိပ်အမည် အမှတ်အသား ကိုမိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှ၊ တစ်စိတ်တဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ရောင် ထင်မှား၊ ဆင်တူရိုးမှား၊ တုပပြုလုပ်သုံးစွဲနေသည် ကို တွေ့မြင်ကြား သိရပါက တရားမကြောင်းရဖြစ်စေ၊ ပြစ်မှုကြောင်းရဖြစ်စေ၊ ရာဇဝတ် အကြောင်းရဖြစ်စေ၊ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်တင်တင်မြ (LL.B, LL.M, D.B.L)
တရားလွှတ်တော်ရှေ့နေ (၈၀၁၄/၁၁)

ငွေချက်ထုတ်ရန်သမ္မာန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၂၀)
မရမ်းကုန်းမြို့နယ်တရားရုံးတော်
၂၀၁၃ ခုနှစ် ၊ တရားမကြီးမှုအမှတ် – ၁၅

ဦးမြင့်ဆွေ - - - - - - - - - - - **တရားလို**

နှင့်

၁။ ဦးကံထွန်း - - - - - - - - - - - **တရားပြိုင်များ**
၂။ ဒေါ်သိန်းကြွယ်
၃။ ဒေါ်ခင်ညွန့်

ရန်ကုန်တိုင်းဒေသကြီး ၊ ဗဟန်းမြို့နယ် ၊ သာသနာ့ရိပ်သာရပ်ကွက် ၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၄၅/က)တွင် နေထိုင်သော (ယခုနေရပ်လိပ်စာမသိ) ဦးကံထွန်းနှင့် ဒေါ်သိန်းကြွယ်တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုမှ မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၊ ၄င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ မတ်လ (၂၁)ရက်၊ (၁၃၇၄ ခုနှစ် ၊ တန်ပေါင်းလဆန်း (၁၀)ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်ကရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ကိုယ်တိုင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ၊ မတ်လ (၈) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

(မြသိန်း)
မြို့နယ်တရားသူကြီး
မရမ်းကုန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ယိုးဒယားလမ်း၊ အမှတ် ၁၂၉တွင် နေထိုင်သူ ဦးလှမောင် ၁၂/မရက(နိုင်)၀၆၂၆၅၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှမောင်သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မန္တလေးလမ်း၊ (၁၄)ရပ်ကွက်၊ အမှတ်(၁၄/ခ)၊ (အလျားပေ ၂၀×အနံ ပေ၆၀)ဧရိယာ ၀ဒသမ ၀၂၇၈ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်သင်းသင်းဆွေ ဂရန်အမည်ပေါက်ပြီး လက်ရှိအကျိုးခံစားပိုင်ဆိုင်နေထိုင်လျက်ရှိသော ဦးသက်ထွန်းဦးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ ၃၁-၃-၂၀၁၃ရက် နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်၍ အပြီးတိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**	
ဦးလှမောင်	**ဒေါ်သင်းသင်းစိုး(LL.B)**	**ဒေါ်စိုးဇာဇာဟန်(LL.B)**
၁၂/မရက(နိုင်)၀၆၂၆၅၁	**(စဉ်-၂၅၁၂၉)**	**(စဉ်-၃၂၆၇၉)**

အထက်တန်းရှေ့နေများ
ဖုန်း-၀၉-၄၃၀၇၈၀၁၂၊ ၀၉-၄၃၀၆၉၅၇၄
အမှတ်(၁၂၀၃)၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်

ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း

မရီရီချို ၇/သနပ(နိုင်) ၀၈၅၁၅၄ (ဘ) ဦးသောင်းရွှေနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ် (၈)နေ ဦးခင်မောင်ဦး ၁၂/ကမတ(နိုင်) ၀၄၀၀၅၁ မှ အောက်ပါအတိုင်းကြေညာအပ်ပါသည်။ မရီရီချို ၇/သနပ(နိုင်) ၀၈၅၁၅၄ (ဘ) ဦးသောင်းရွှေနှင့် ပဲခူးခရိုင်တရားရုံးတွင် ၄-၁၁-၂၀၁၀ရက်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းရန် လက်မှတ်ရေးထိုးခဲ့ပြီး ၆-၁၁-၂၀၁၀ရက်တွင် မင်္ဂလာဧည့်ခံပွဲပြုလုပ်ခဲ့ပါသည်။ မရီရီချိုသည် ခင်ပွန်းဖြစ်သူ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မယားဝတ္တရားပျက်ကွက်လျက် မိမိသဘောဖြင့် ၂၀၁၀ခုနှစ်၊ နိုဝင်ဘာလမှ စ၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၈ ရက်အထိ ၁၁ကြိမ်ခန့် နေအိမ်မှ အကြိမ်ကြိမ်ထွက်သွားခြင်း၊ လူမှုရေးဖောက်ပြန်ခြင်း၊ ပါသွားသည့်ပစ္စည်းများအား ဖြုန်းတီးပစ်ခြင်း၊ ဖျောင်းဖျည်းနိုင်း ပြောဆိုမှုများကို မနာခံခြင်းတို့ကြောင့် ၄င်း၏မိခင် ဒေါ်အေးရွှေထံ ၈-၁၀-၂၀၁၁ ရက်စွဲပါ စာဖြင့်တိုင်ကြားခဲ့သော်လည်း လုံးဝပြုပြင်မှုမရှိပါသဖြင့် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့ပါ၍ ဤကြော်ငြာပါသည့်ရက်မှစတင်ပြီး ဇနီးအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် မရီရီချိုနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်တော်ဦးခင်မောင်ဦးနှင့် လုံးဝသက်ဆိုင်ခြင်း မရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးခင်မောင်ဦး
၁၂/ကမတ(နိုင်) ၀၄၀၀၅၁

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သောင်း (မင်းကင်း)

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပြည်တော်သာ ၉လမ်း၊ အိမ်နံပါတ် ၃၄နေ (ဦးစိန်-ဒေါ်ရှန်)တို့၏သမီး၊ (ဦးစိန်မင်း)၏ဇနီး၊ (ဒေါ်သန်းသန်း)၏ညီမ၊ (ဦးထိန်မြင့်)-ဒေါ်သိန်းမြိုင်၊ (ဦးတင်ထွန်း-ဒေါ်ခင်စန်းဝင်း)မုံရွာတို့၏အစ်မ၊ ဗိုလ်ကြီးဝင်းကြူ(ငြိမ်း)-ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်မြဝင်း(ငြိမ်း)[အမှတ်(၁)တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ]၊ အရှင်ဉာဏိဿရ (စွန်းလွန်းဂူကျောင်း၊ ကမ္ဘာအေး)၊ (ဦးဇော်ထွန်း)၊ ပါမောက္ခဌာနမှူး ဒေါ်လင်းလင်းခိုင် (သူနာပြုတက္ကသိုလ်၊ မန္တလေး)၊ ဒေါ်တင်တင်မော်(လ/ထမန်နေဂျာ၊ မစတ၊ တောင်ငူ)၊ ဒေါ်ယဉ်ယဉ်နု(အထက-၂၊ မင်္ဂလာဒုံ)၊ မောင်သန်းထိုက်၊ ဗိုလ်ကြီးဒေါ်ဝင်းဝင်းစိန်(ငြိမ်း)တို့၏မိခင်၊ ဒေါက်တာအေးအေးဟန် (လ/ထ ဆရာဝန်၊ အင်္ဂပူမြို့နယ်ပြည်သူ့ဆေးရုံ)၊ ဒေါက်တာမြင့်မြင့်လှိုင် (အထက်မင်းလှ ပြည်သူ့ဆေးရုံ)၊ မာမာခိုင်တို့၏အဘွားသည် ၁၀-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၃ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး

ဗိုလ်မှူးဝင်းတင့် (ငြိမ်း)

စစ်ကိုင်းမြို့တပ်မ(၃၃)

ဗိုလ်သင်တန်းအပတ်စဉ်-၄၄

(ကြည်း-၁၂၄၂၀)

အသက်(၇၄)နှစ်

စစ်ကိုင်းမြို့၊ ပါရမီရပ်၊ အမှတ် ဃ ၃၉/၄၁နေ ဦးပေါသာ-ဒေါ်သန်းအိတို့၏သား၊ ဦးချစ်-ဒေါ်အေးဇင်တို့၏သားသမက်၊ (ကိုအောင်ဇော်ဝင်း)၊ ကိုမြင့်ဇော်ဝင်း၊ မောင်ဖြိုးဇော်ဝင်းတို့၏ဖခင်၊ မောင်ထက်အောင်နိုင်ဝင်း၊ မောင်ဖေပိုင်အောင်ဝင်း၊ မယွန်းပြည့်အိမ်၊ မောင်မင်းစစ်သွေးတို့၏အဘိုး၊ ဒေါ်ခင်အုံးမြင့်၏ခင်ပွန်းသည် ၈-၃-၂၀၁၃ရက်(သောကြာနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် စစ်ကိုင်းမြို့မသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်စန်း

ဌာနကြီးမှူး(စီမံ) (ငြိမ်း)

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)

အသက်(၆၁)နှစ်

ဦးတင်အုန်း (ဌာနကြီးမှူး၊ အုပ်ချုပ်/ထောက်ပံ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး)၏ဇနီး ဒေါ်မြင့်မြင့်စန်း [ဌာနကြီးမှူး(စီမံ)(ငြိမ်း)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး] အသက်(၆၁)နှစ်သည် ၁၀-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၄၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ခေတ္တပါမောက္ခချုပ်

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နှင့်

ဝန်ထမ်းမိသားစုများ

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင်မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြု ကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော် အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး

ကြီးကြပ်မှုကော်မတီ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး

ကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးကြီးသန်းလှ (စစ်သံမှူး-ငြိမ်း)

(ကြည်း-၆၉၅၁) (OTS -12 Course)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃/ဃ)၊ သစ္စာလမ်း၊ သုခဝတီ (၆)ရပ်ကွက်နေ (ဦးဘအင်-ဒေါ်လေးမေ)တို့၏သား၊ (ဦးဉာဏ်-ဒေါ်မူလေး)တို့၏သားသမက်၊ ဒေါ်စောရီ၏တူ၊ ပါမောက္ခ ဒေါ်တင်ရီ(ဌာနမှူး၊ ငြိမ်း၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ခင်ပွန်း၊ ဦးသိန်းနိုင်-ဒေါ်ငွေရီတို့၏ခမည်းခမက်၊ ဦးရွှေကြည်-ဒေါ်တင်ရီ၊ ဦးစိုးမြင့်-ဒေါ်သောင်း၊ ဦးစိုးညွန့်-ဒေါ်အုန်းမြင့်တို့၏အစ်ကိုကြီး၊ (ဦးစပ်ဝင်းရွှေ)-ဒေါ်တင်ကြည်တို့၏မောင်၊ ဦးဘစိန်-(ဒေါ်ခင်စိန်အေး)၊ (ဦးတင့်ဝေ)-ဒေါ်ခင်မြင့်ထွေး၊ ဦးမျိုးတင့်-ဒေါ်ကြည်ကြည်ဝင်း၊ဒေါ်ခင်သောင်း၊ ဦးမောင်မောင်ဝင်းတို့၏အစ်ကို၊ အမေရိကန်နိုင်ငံ New York မြို့နေ ဆရာဝန်ကြီးဒေါက်တာဦးညီညီသန်း-ဒေါ်ဝါဝါသန်းတို့၏ဖခင်၊ ဦးမျိုးမြင့်သန်း-ဒေါ်ခင်နွယ်ဦး၊ ဒေါ်ခင်ဥမ္မာ၊ ဒေါ်ခင်မြသွေး၊ ဦးစိုးသိန်း-ဒေါ်ခင်ခင်လေး၊ ဦးကိုကိုနိုင်-မမာလာအေး၊ ဦးကိုကိုအောင်-မဥမ္မာကြိုင်၊ Mr.Carl Thomas-May Thomas၊ စိုင်းကိုကို-နန်းလှဝင်း၊ ကိုသားပု၊ ဦးဇော်မိုး၊ ဦးကျော်စွာ၊ ဒေါက်တာဒေါ်စန်းငွေဥ၊ ဦးမင်းသူရိန်၊ ဒေါ်သီသီထက်၊ ဦးစိုးသက်မောင်-ဒေါ်နုနုအိ၊ ဦးမင်းသိုက်တို့၏ဘဘကြီး၊ Ashley မျက်ချယ်သန်း၊ Stephen သက်လယ်သန်းတို့၏ဘိုးဘိုးသည် ၈-၃-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၃-၃-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းရွှေ

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ (၅)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက် ၁၀၊ အခန်း ဝ၂နေ (ဦးလှတင်-ဒေါ်အုန်းကြည်)တို့၏သား၊ (ဒေါ်ကျော့ကျော့)၏ခင်ပွန်း၊ ဦးရဲလှ-ဒေါ်အေးအေးမူ၊ ဦးဝင်းမြအောင်(ရဲအုပ်၊ ငြိမ်း)-ဒေါ်မော်မော်၊ ဒေါ်အေးအေးမာ၊ ဦးသန်းတိုးအောင်(ဒုတိယအင်ဂျင်နီယာမှူးကြီး၊ လမ်းအထူးအဖွဲ့-၅၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်မိမိငွေး၊ မောင်တင်လှိုင်-မစန္ဒာထွန်း၊ မောင်အောင်အောင်ထွန်း၊ မောင်မျိုးမင်းထွန်း-မအိအိမွန်တို့၏ဖခင်၊ မြေး ၁၅ယောက်တို့၏အဘိုးသည် ၁၀-၃-၂၀၁၃ရက် ဝဝး၃ဝနာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်လှဆင့် (မြစ်ခြေ)

အသက်(၇၁)နှစ်

ပခုက္ကူခရိုင်၊ မြစ်ခြေမြို့နေ (ဦးထိန်း-ဒေါ်အိမ်ဂေါင်း)တို့၏သမီး၊ ဦးမောင်လှ-(ဒေါ်လှတင့်)တို့၏ညီမ၊ ဦးစံလှ၏ဇနီး၊ (ဦးဝင်းနိုင်)-ဒေါ်နုနုဝင်း၊ ဦးထွန်းထွန်းနိုင်-ဒေါ်စောစန္ဒာကျော်၊ (ဦးအောင်နိုင်)၊ မမြင့်မြင့်အောင်တို့၏အဒေါ်၊ ဦးခင်လှိုင်-(ဒေါ်မြင့်မြင့်ခိုင်)၊ ဦးကိုကိုနိုင်-ဒေါ်ဥမ္မာအေး၊ ဦးဆန်းဝင်းထွန်း-ဒေါ်မေသက်နွယ်၊ ကိုတင်ကျော်ဝင်း-မပြုံးပြုံးဆင့်၊ ကိုသိန်းနိုင်(ခ)ကိုညီ၊ မလှမိုးခိုင်တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၉-၃-၂၀၁၃ရက် (စနေနေ့) ည ၇နာရီတွင် အမှတ် ၉၁/က၊ ငမိုးရိပ် ၉လမ်း၊ အပိုင်း(၄)၊ သဃ်န်းကျွန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ရီသန်း (လပွတ္တာမြို့)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဒုတိယသီရိရိပ်သာ၊ အမှတ် ၁၆၂/စီနေ (ဦးသန်း-ဒေါ်ခင်ကြည်)တို့၏သမီး၊ ပျော်ဘွယ်မြို့နေ (ဦးအောင်ရှိန်-ဒေါ်ငွေကြည်)တို့၏သမီးချွေးမ၊ ဗိုလ်မှူးအေးကျော်(ငြိမ်း)၏ဇနီး၊ လပွတ္တာမြို့နေ ဦးလှသောင်း-ဒေါ်သိန်းကြည်တို့၏တူမ၊ ဦးလှမြင့်-ဒေါ်ငြိမ်းငြိမ်း၊ ဦးဝင်းမြင့်-ဒေါ်ခင်အုန်းမြင့်၊ ဦးမြင့်ဆွေ-ဒေါ်ရီရီမြင့်၊ ဦးမြကြီး-ဒေါ်ခင်အေးသန်းတို့၏ညီမ/အစ်မ၊ မောင်သိန်းဇော်-မအေးငြိမ်းချမ်းယဉ်တို့၏မိခင်၊ မမြင့်မြတ်ဖူးပွင့်၊ မချောသီဂီကျော်တို့၏အဘွားသည် ၁၀-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်စန်း

ဌာနကြီးမှူး(စီမံ) (ငြိမ်း)

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇေတဝန်လမ်း၊ တိုက်အမှတ် ၄-အေ(ပ)ထပ်နေ (ဦးလှကျော်)-ဒေါ်သန်းခင်တို့၏သမီးကြီး၊ မအူပင်မြို့နေ (ဦးသာမောင်-ဒေါ်သောင်း)တို့၏ သမီးချွေးမ၊ ဒေါ်လှကြည်၊ ဒေါ်အုန်းကြည်(ဒဂုံ-၁၊ ငြိမ်း)တို့၏တူမ၊ ဦးမြင့်အောင်-ဒေါ်ခင်ခင်ဝင်း၊ ဦးဇေယျာဦး-ဒေါ်နွဲ့နွဲ့မူ(ထ-၁၊ အင်းစိန်၊ ငြိမ်း)၊ဒေါ်စန်းစန်းနွယ်(ထွေ/အုပ်၊ နေပြည်တော်)တို့၏ အစ်မကြီး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)နေ ဦးတင်အုန်း(ဌာနကြီးမှူး၊ အုပ်ချုပ်/ထောက်ပံ့)၏ဇနီး၊ ဦးသန်းဝင်း-ဒေါ်တင်နှစ်တို့၏အစ်မ၊ မောင်တင်ထွန်းဝင်း၊ မောင်လင်းထက်တို့၏မိခင်သည် ၁၀-၃-၂၀၁၃ရက် နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၃ရက် (စနေနေ့)တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်အေးရီ (ပုလော)

အသင်းဝင်အမှတ်-၁၂၃၈

အသက်(၇၀)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ (၁၃)ရပ်ကွက်၊ သာစည်လမ်း၊ အမှတ် ၂၃/ခနေ ဦးမြင့်ဆွေ၏ဇနီးသည် ၉-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဦးညိုလင်းအောင်

အသက်(၄၆)နှစ်

(ဦးညိုလှ) - ဒေါ်ခင်စန်းမြင့်တို့၏သား၊ (ဦးလှရွှေ)-ဒေါ်ခင်ဝင်းမေတို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊အထက်ဗဟိုလမ်း၊ အမှတ် ၃၂/စီနေ ဒေါ်ချောမမ၏ခင်ပွန်းသည် ၉-၃-၂၀၁၃ရက် (စနေနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၃ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၃၂/စီ၊ အထက်ဗဟိုလမ်း၊ ခဝဲခြံ (၂)ရပ်ကွက်မှကားများ ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၃ရက်(သောကြာနေ့)နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကြည်အုန်း (အင်္ဂပူ)

ကျောင်းအုပ်ကြီး(ငြိမ်း)

အမက မြို့မ(မြောက်)အင်္ဂပူမြို့

သက်ကြီးကန်တော့ခံ၊

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)

အသက်(၉၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊အင်္ဂပူမြို့နယ်နေ (ဦးလှကြီး-ဒေါ်ဖွားရင်)တို့၏သား၊ (ဒေါက်တာဂျွန်-ဒေါ်လှလှ) ဒေါ်အေးကြည်တို့၏သားသမက်၊ (ဒေါ်ဘက်တီ)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက် ၁၇၊ အခန်း ၄၁နေ (ဦးသိန်းရွှေ) - ဒေါ်ခင်ဝင်းတို့၏ဖခင်ကြီး၊ကိုထွဋ်ခိုင်-မသီတာနွယ်(အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ ကိုရန်နိုင်ရွှေ-မဇင်မာဦး၊ ကိုကောင်းမြတ်-မမေသွယ်လင်း၊ကိုသုမောင်မောင် (EAC) - မမေအေးဝင်း (EAC)တို့၏အဘိုး၊ မဖူးသွယ်ကို၊ မောင်ကောင်းဆက်လင်း၊ မသုသုဟန်သာတို့၏ဘိုးဘိုးကြီးသည် အထက်ပါနေအိမ်၌ ၉-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ၃း၄၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးလှသိန်း(ခ)

စန္ဒရားကိုကျည်းတန်

အသက်(၇၈)နှစ်

ဦးအေး-ဒေါ်အေးဟန်၊ စန္ဒရားနီထွေးသူ-ဒေါ်မြမြချစ်၊ ဒေါ်မြင့်မြင့်(ခ)ဒေါ်ပုညာ၊ ဦးဝင်းစိန်-ဒေါ်ရီရီငွေး၊ ဦးစန်းဝင်း-ဒေါ်အေးမတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ် ၆၀နေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဒေါ်နီလာဝင်း၊ ဒေါ်သဇင်အေး၊ ဒေါက်တာထူးဇော်လင်း(ဆရာထူး)တို့၏ဖခင်သည်၁၀-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်ရှိန် (နိုင်ကျော်ရှိန်)

လက်ထောက်မန်နေဂျာ(ငြိမ်း)

မြန်မာ့အာမခံလုပ်ငန်း

အသက်(၇၁)နှစ်

ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာနေ ဦးဘိုးမောင် - ဒေါ်အေးစိန်တို့၏သား ငယ်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မေယုလမ်း၊ အမှတ် ၉နေ ဒေါ်စန်းရီ(ဒေါ်ရီလေး)၏ခင်ပွန်း၊ ဦးကျော်ဆန်းဦး(ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)-ဒေါ်တင်တင်ဝင်း (မြန်မာ့အာမခံလုပ်ငန်း)၊ (ဦးကျော်ကျော်လတ်)-ဒေါ်ရီရီမြင့်၊ ဦးဝင်းနိုင်(မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း)-ဒေါ်ခင်မျိုးကျော်၊ ဦးအောင်ကျော်သက်-ဒေါ်ခင်မိုးကျော်၊ ဦးကျော်ကျော်ထွေး(အင်ဂျင်နီယာ)-ဒေါ်ခင်ဖြူသန်း (အလယ်တန်းပြဆရာမ)၊ ဦးကျော်ဆန်းမင်း-ဒေါ်သီတာဇော်၊ ဦးကျော်သူရထွေး-ဒေါ်ပပဖြိုးတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၀-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၃ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဉာဏဝံသ

ရှင်သာမဏေအကျော်၊ ဝိနယဝိသာရဒအကျော်၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယာဓိကသီရိပဝရ ဓမ္မာစရိယ၊ သာသနဓဇသီရိပဝရ ဓမ္မာစရိယ၊ ဗုဒ္ဓသာသန ဝိသိဋ္ဌ ဒီဃဘာဏက၊ ဒီဃနိကာယဘာဏကဂမ္ဘီရဉာဏ၊ ဗုဒ္ဓသာသနဒီဃနိကာယ ကောဝိဒ၊ ရွှေကျင်ဂိုဏ်းလုံးဝန်ဆောင် နာယကဆရာတော်

သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ပဏ္ဍိစ္စာရာမပရိယတ္တိကျောင်းတိုက်၏ ရတ္တညူမဟာနာယက၊ ရန်ကင်းမြို့နယ်၊ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်၏ နာယကဆရာတော်သည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ နဘူးကျေးရွာ အောင်သိဒ္ဓိကျောင်း၌ (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ရက်) ၉-၃-၂၀၁၃ရက် (စနေနေ့) ညနေ ၄း၄၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် တပည့်သံဃာ၊ ဒါယကာ၊ဒါယိကာမများအား သိစေအပ်ပါသည်။ (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၂ရက်) ၁၃-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အောင်သိဒ္ဓိကျောင်းဝင်းအတွင်း၌ အန္တိမအဂ္ဂိသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပါမည်။

ပဏ္ဍိစ္စာရာမပရိယတ္တိကျောင်းတိုက် သံဃာတော်များ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တသာသန (ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်)

သက်တော်(၆၇)နှစ်၊ သိက္ခာတော်(၄၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးသစ္စာရပ်ကွက်၊ အောင်မင်္ဂလာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသာသနသည်(၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ရက်) ၇-၃-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ခုနှစ် တပေါင်းလဆန်း၂ရက်) ၁၃-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင်အန္တိမအဂ္ဂိဈာပနပူဇော်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ရွှေနံ့သာဆရာတော်နှင့်ဈာပနကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တဓမ္မဓဇ (ကမ္မဋ္ဌာနာစရိယ)

သက်တော်(၆၀)၊ သိက္ခာတော်(၄၀)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကိုးမိုင်၊ မစိုးရိမ်ကျောင်းလမ်းရှိ ပင်မဗုဒ္ဓဝါဒီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက (မူလဒွါရဂိုဏ်း တိုင်းသံဃာ့နာယကအဖွဲ့ဝင်)ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဓမ္မဓဇ သက်တော်(၆၀)၊ သက္ခာတော်(၄၀)သည် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) ၁၀-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၄ခုနှစ် တပေါင်းလဆန်း ၃ရက်) ၁၄-၃-၂၀၁၃ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် အန္တိမအဂ္ဂိဈာပနပူဇော်ပွဲကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ဒါယိကာမများအား သိစေအပ်ပါသည်။(ကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ဈာပနကျင်းပရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်လှ

အသက်(၈၃)နှစ်

ဦးစန်းမြင့်ဦး (ဦးဆောင်ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး)-ဒေါ်ခင်မြဝင်း (လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ထွေ/အုပ်)တို့၏မိခင်ကြီးသည် ၉-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ခရီးသည်ပို့ဆောင်ရေးဌာနဝန်ထမ်းမိသားစုများ

ကုန်းလမ်းပို့ဆောင်ရေး

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်လှ

အသက်(၈၃)နှစ်

ဦးစန်းမြင့်ဦး (ဦးဆောင်ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး)-ဒေါ်ခင်မြဝင်း (လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ထွေ/အုပ်)တို့၏မိခင်ကြီးသည် ၉-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာဌာနဝန်ထမ်းမိသားစုများ

ကုန်းလမ်းပို့ဆောင်ရေး

အထူးကျေးဇူးတင်ရှိခြင်း

၃-၃-၂၀၁၃ရက်တွင် ကွယ်လွန်ခဲ့သော ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားဂရာလမ်း၊ အမှတ် ၁၃၇ (မြေညီထပ်)နေ ဒေါ်မြသူဇာလွင်၏ခင်ပွန်း ဦးမောင်မောင်စိုး(ခ)စိုးစိုး အသက်(၃၈)နှစ် (မိဘရိပ်မိတ္တူ၊ Myanmar Mega Steel Industries Ltd.)၏ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပေးပါသော Myanmar Mega Steel Industries Ltd., Peace Myanmar Electric Co., Ltd. မှ အကြီးအကဲနှင့် ဝန်ထမ်းများအားလုံး၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးညီအစ်ကိုမောင်နှမများ၊ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းများအားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ဝ၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ဝ၆၇-၃၆၁၄၅၊ ဖက်စ် ဝ၆၇-၃၆၁၄၆၊ မေးလ် **mmalin.npt@gmail.com**၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ဂုဏ်ယူအားကျစရာ ရေကူးချန်ပီယံဟောင်း ဦးနန္ဒကျော်စွာနှင့် တွေ့ဆုံခြင်း

အာရှအားကစားပြိုင်ပွဲခေတ်မှာသာမက ကျွန်းဆွယ်အားကစားခေတ်မှာပါ ရေကူးအားကစားနည်းဖြင့် ရွှေတံဆိပ်ဆုများအပါအဝင် ဆုတံဆိပ်ပေါင်းများစွာ ဆွတ်ခူးခဲ့သည့် တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်း ဦးနန္ဒကျော်စွာ(အလယ်)။

နေပြည်တော် မတ် ၁၀

မြန်မာ့အားကစားသမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်လျှင် တစ်ချိန်က လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သည့် အားကစားသမား မြောက်မြားစွာ ရှိခဲ့ပါသည်။ ထိုအထဲတွင် ရေကူးအားကစားဘက်တွင် တစ်ဖက်ကမ်းခပ် အောင်မြင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့သည့် မြန်မာ့ရေကူးချန်ပီယံဟောင်း ဦးနန္ဒကျော်စွာ (လက်ရှိပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ)လည်း အပါအဝင်ဖြစ်သည်။ ဦးနန္ဒကျော်စွာသည် အာရှအားကစားပြိုင်ပွဲခေတ်မှာရော ကျွန်းဆွယ်အားကစားခေတ်မှာပါ ရေကူးအားကစားနည်းများဖြင့် ရွှေတံဆိပ်ဆုများ အပါအဝင်ဆုတံဆိပ်များစွာ ဆွတ်ခူးခဲ့ပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သူဖြစ်သည်။

မြန်မာနိုင်ငံသည် လာမည့်ဒီဇင်ဘာလတွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲ (ဆီးဂိမ်း)ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန် ပြင်ဆင်လျက်ရှိသည်။ မြန်မာ့အားကစား ချစ်မြတ်နိုးသူများနှင့် အားကစားမောင်မယ်များဂုဏ်ယူအားကျနိုင်ကြစေရန် တစ်ချိန်ကရေကူးအားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့သည့် ဦးနန္ဒကျော်စွာနှင့် မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

➤ တွေ့ဆုံမေးမြန်း-မြင့်မောင်စိုး ➤ ဓာတ်ပုံ-ကျော်သူဝင်း

မေး။ ။ လေးလေး ခင်ဗျား။ လေးလေး အနေဖြင့် မြန်မာ့ လက်ရွေးစင် ရေကူးချန်ပီယံ ဖြစ်ခဲ့ပုံလေး ဦးစွာသိပါရစေ။

ဖြေ။ ။ ကျွန်းဆွယ် အားကစားခေတ်ကရေကူးချန်ပီယံ တင်မောင်နီရဲ့စံချိန်ကို အသက် ၁၄နှစ်နဲ့ ချိုးနိုင်ခဲ့ပြီးနောက် မြန်မာ့လက်ရွေးစင် ဖြစ်လာခဲ့တယ်လို့ဆိုရမှာဖြစ်ပါတယ်။

မေး။ ။ လေးလေးရဲ့ ရေကူးနဲ့ပတ်သက်ပြီး လက်ဦးဆရာတွေရှိခဲ့ရင် ပြောပြပေးပါဦး။

ဖြေ။ ။ အဓိကကတော့ လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဆိုတဲ့အတိုင်း မိဘနှစ်ပါးနဲ့ အစ်ကိုတွေ အစ်မတွေဖြစ်ပါတယ်။ တကယ့်ရေကူးအားကစားသမားတစ်ယောက်ဖြစ်လာအောင် သင်ကြားလေ့ကျင့်ပေးခဲ့တဲ့သူတွေကတော့ အဲဒီခေတ်က ရန်ကုန်တိုင်းအားကစားအရာရှိအဖြစ် ဆောင်ရွက်ခဲ့တဲ့ ဦးစိန်လှိုင်နဲ့ ဦးညွန့်စိုးတို့ဖြစ်ပါတယ်။ သူတို့ရဲ့သင်ကြားပြသမှုနဲ့ ရေကူးအားကစားလောကမှာ အောင်မြင်တဲ့ အားကစားသမားတစ်ယောက် ဖြစ်ခဲ့ပါတယ်။

မေး။ ။ ဘယ်ခေတ်မှာ အအောင်မြင်ဆုံးရေကူးအားကစားသမား ဖြစ်ခဲ့ပါသလဲခင်ဗျား။

ဖြေ။ ။ ၁၉၆၅ ခုနှစ် ကနေ ၁၉၇၉ခုနှစ် အတွင်းမှာ ဖြစ်ပါတယ်။ ၁၉၆၉ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ

စာမျက်နှာ ၉ ကော်လံ ၁ ❁

ရေကူးအားကစားဘက်တွင် တစ်ဖက်ကမ်းခပ် အောင်မြင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့သည့် မြန်မာ့ရေကူး ချန်ပီယံဟောင်း ဦးနန္ဒကျော်စွာ (လက်ရှိ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ)။

ဆီးဂိမ်းအကြိုအားကစား

ရွှေတွင်းဟောင်းကိုပြန်လည်တူးဖော်ဖို့ ကြိုးစားနေတဲ့ မြန်မာပြေးခုန်ပစ်အဖွဲ့

သတင်း-ဖေမြင့်ဦး၊ ဓာတ်ပုံ-စိုးညွန့်

SEA Games Chater များအရ ဆီးဂိမ်းပြိုင်ပွဲများတွင် မပါမဖြစ် ထည့်သွင်းကျင်းပရသော အားကစားနည်းများမှာ ပြေးခုန်ပစ် အားကစားနည်းနှင့်ရေကူးအားကစားနည်းတို့ဖြစ်သည်။ ထို့ကြောင့် လာမည့် (၂၇)ကြိမ်မြောက် နေပြည်တော်ဆီးဂိမ်းတွင်လည်း အဆိုပါ အားကစားနည်းနှစ်မျိုးကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ထိုနှစ်နည်းအနက် ပြေးခုန်ပစ်အားကစားနည်းတွင် ပြိုင်ပွဲအမျိုးအစားပေါင်း ၂၃ မျိုး ပါဝင်မည်ဖြစ်သည်။ အမျိုးသား ၂၃ မျိုး၊ အမျိုးသမီး ၂၃ မျိုးဖြစ်ပြီး စုစုပေါင်း ရွှေတံဆိပ် ၄၆ ခုချီးမြှင့်မည်လည်းဖြစ်သည်။ အပြေးတွင် အမျိုးသား ၂၁၊ အမျိုးသမီး ၂၁၊ လမ်းလျှောက်တွင် အမျိုးသား ၁၊ အမျိုးသမီး ၁ ဖြစ်ပြီး မာရသွန်တွင် အမျိုးသား ၁၊ အမျိုးသမီး ၁ ဖြစ်ရာ စုစုပေါင်း ရွှေတံဆိပ် ၄၆ ခု ပေးအပ်မည်ဖြစ်သည်။

တကယ်တော့ ဆီးဂိမ်းပြိုင်ပွဲသည် မြန်မာ့ပြေးခုန်ပစ်အားကစားအတွက် ရွှေတွင်းကြီးဖြစ်သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့သည် ထိုရွှေတွင်းကြီးမှ ရွှေများကိုရရှိအောင်တူးဖော်နိုင်ခဲ့ကြသူများဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကြီးကို (၂၆) ကြိမ်အထိ ကျင်းပခဲ့ပြီးဖြစ်ရာ မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေမရသောနှစ်ဟူ၍ ငါးကြိမ်သာရှိခဲ့သည်။ ၁၉၉၅၊ ၁၉၉၇ ဆီးဂိမ်းမှလွဲ၍ နှစ်နှစ်ဆယ်ဆက်တိုက် ရွှေမရသောနှစ်ဟူ၍လည်း မရှိခဲ့ပေ။ သို့ရာတွင် မြန်မာပြေးခုန်ပစ်သည် ၁၉၉၁ မနီလာဆီးဂိမ်းတွင် ရွှေတံဆိပ်ခြောက်ဆုယူပြီးနောက်ပိုင်းတွင် ကျရိပ်ပြလာခဲ့သည်ကို တွေ့ရသည်။ ထို့နောက်ပိုင်း ၂၀၀၅တွင် ရွှေ ၄ခု ရခဲ့သည်မှလွဲ၍ ရွှေနှစ်ခုထက်ပိုမရခဲ့ပေ။ ရွှေလုံးဝမရခဲ့သော ငါးကြိမ်မှာလည်း ၁၉၉၇၊ ၁၉၉၉၊ ၂၀၀၃၊ ၂၀၀၇ နှင့် ၂၀၁၁ တို့ဖြစ်ရာ မကြာသေးသောကာလ နှစ်များဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ယခုနှစ်အိမ်ရှင်အဖြစ်ပြုလုပ်သော ဆီးဂိမ်းပြိုင်ပွဲသည် မြန်မာပြေးခုန်ပစ်အဖွဲ့အတွက် သမိုင်းတာဝန်ကြီးတစ်ရပ် ထမ်းဆောင်ရမည့် ပြိုင်ပွဲကြီးဖြစ်နေသည်။ ဆီးဂိမ်းပြိုင်ပွဲသည် မြန်မာပြေးခုန်ပစ်အဖွဲ့၏ ရွှေတွင်းဟောင်းကြီးဖြစ်ရာ နိုင်ငံနှင့်ပြည်သူလူထုကြီးတစ်ရပ်လုံး ပျော်ရွှင်နိုင်ကြဖို့အတွက် ထိုတွင်းကြီးမှရွှေများ ရနိုင်သလောက်ရအောင် တူးဖော်ကြဖို့လိုသည်။ ထိုတာဝန်ကြီး ကျေပွန်အောင် ပြေးခုန်ပစ်အဖွဲ့ မည်သို့မည်ပုံ ပြင်ဆင်လေ့ကျင့်နေသည်ကို ပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြသန်းထိုက်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို

စာမျက်နှာ ၈ ကော်လံ ၁ ✻

သီးနှံအလိုက် သိပ္ပံနည်းကျစိုက်နည်းစနစ်များ လယ်ကွင်းထဲအရောက် ပို့ဆောင်ပေး

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများ ဒက္ခိဏသီရိမြို့နယ် စံပြစက်မှုလယ်ယာမြေဧက ၃၀၀၀ စိုက်ကွင်း၌ ကွင်းဆင်းလေ့လာစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၀

နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံအပေါ် ဝင်ငွေတိုးတက်မှုရရှိနိုင်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၏အခန်းကဏ္ဍသည် လွန်စွာမှ အရေးပါကြောင်း၊ သီးနှံအလိုက် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို စာတွေ့လက်တွေ့သင်ယူကြပြီး လယ်ကွင်းအရောက် ပို့ဆောင်နိုင်မှသာ တောင်သူလယ်သမားများအတွက် ထိရောက်သော အကျိုးကျေးဇူးကိုလက်တွေ့ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်းဖြင့် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တောင်သူလယ်သမားများထံ နည်းပညာများ လယ်ကွင်းထဲအရောက် ပို့ဆောင်ပေးမည့် လယ်ယာကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံနောက်ဆုံးနှစ်ကျောင်းသားကျောင်းသူ ၆၃ ဦး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ ခုနစ်ဦး၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာဆရာမ ၁၀ဦးတို့အား ယမန်နေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ဒက္ခိဏသီရိမြို့နယ် စံပြစက်မှုလယ်ယာမြေဧက ၃၀၀၀ စိုက်ကွင်း၌တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရှင်များအခန်းကဏ္ဍနှင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန်များကို ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၆ ❄

သတင်းအညွှန်း

လက်ဦးဆရာဖြစ်သည့် မိဘတို့အနေဖြင့် မိမိတို့သားသမီးများ လူတော်လူကောင်းများ ဖြစ်လာရေးအတွက် ယဉ်ကျေးမှုအခြေခံအသိရှိအောင် သွန်သင်ထားအပ်ပေ — ခေါင်းကြီး — စာမျက်နှာ - ၂
ဂျော်ဒန်ဘုရင်က ဝန်ကြီးချုပ်ကို ရာထူးပြန်လည်ခန့်အပ် — စာမျက်နှာ - ၄
ဗင်နီဇွဲလားသမ္မတ ရွေးကောက်ပွဲ ဧပြီ ၁၄ ရက်၌ ကျင်းပမည် — စာမျက်နှာ - ၅

အချပ်ပို ပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။